မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၇၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

၂၀၁၃ ခုနှစ်၊ မတ် ၂၅ ရက်၊ တနင်္လာနေ့။

နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတရုံးမိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၄

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များနှင့် ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူမည့် ဆရာတော်များအား နိုင်ငံတော်သမ္မတရုံးမိသားစုက နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဉပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုံ၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ဌေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ၂၀၁၃ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရရှိကြသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၈ ကော်လံ ၅* ❒

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

ဟယ်လင်းနစ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် မတ် ၂၅

၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကရိုလို့စ် ပါပူးလိယပ်စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အန်တိုးနီယိုစ် ဆာမာရက်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညဏ်ထွန်းတို့ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ယနေ့ သတင်းအညွှန်း

သင်္ကြန်ကို ယဉ်ကျေးမှုဖြင့်ဆင်ယင်၍ ပျော်ရွှင်စရာကောင်းခဲ့ပေသည်။ ပြောချင်သည်မှာ ရိုးရာသင်္ကြန်ပွဲတော်ကို မိမိ၏ မဆင်မခြင်ပြုမှုကြောင့် မပျက်စီးစေရန် သတိပေးလို

ခေါင်းကြီး — *စာမျက်နှာ - ၂*

အိုင်ဗရီကို့စ်နဲ့ ကင်မရွန်းတို့ နိုင်ပွဲကိုယ်စီရခဲ့တဲ့ အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲများ

စာမျက်နှာ - ၁၄

မြန်မာနိုင်ငံ၌ ကားပစ္စည်းအစိတ်အပိုင်းများ ထုတ်လုပ်ရန် ဂျပန်မှ နစ်ဆန်းကုမ္ပဏီစီစဉ်နေ

မောင်သစ္စာ-ရေးသည်

၂၀၁၁ ခုနှစ်က မြန်မာနိုင်ငံတွင် မော်တော်ကားအပိုပစ္စည်း အစိတ်အပိုင်းများနှင့် ဆားဗစ်စင်တာဖွင့်လှစ်ခဲ့ပြီးနောက်ပိုင်း မော်တော်ကားအပိုပစ္စည်းထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် စီစဉ်နေခြင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံ၏ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာ ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် တိုးတက်ဖွံ့ဖြိုးလာစေရန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် ဂျပန်စီးပွားရေး ဖက်ဒရေးရှင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်/စက်မှု အသင်းချုပ် (ယူအမ်အက်ဖ် စီစီအိုင်)တို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ဂျပန်နိုင်ငံသည် လက်ရှိအချိန်၌ မြန်မာနိုင်ငံ၏ ၁၂ နိုင်ငံမြောက် အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်သည်။ လာမည့် ၂၀၁၅ ခုနှစ်တွင်မူ အကြီးမားဆုံး ကုန်သွယ်မှု ငါးနိုင်ငံစာရင်းတွင် ပါဝင်လာနိုင်မည်ဟု မျှော်မှန်းထားသည်။

မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာသော ပြောင်းလဲမှုများနှင့် နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံမှုများလာခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်ပနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများက စိတ်ဝင်စားလျက်ရှိရာ ဂျပန်နိုင်ငံ၏ နစ်ဆန်းကားကုမ္ပဏီက မြန်မာနိုင်ငံတွင် ကားပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်သည့် စက်ရုံတည်ဆောက်ရန် စိတ်ဝင်စားလျက်ရှိသည်။

နစ်ဆန်း ကားကုမ္ပဏီသည် **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

လှပနေမည့် ရိုးရာသင်္ကြန်

နွေဦးမှာ လေရူးသုန်သုန် တိုက်လျက်ရှိပေပြီ။ မကြာမီ သင်္ကြန်ရက်များရောက်ရှိလာတော့မည်။ သင်္ကြန်၏ သင်္ကေတအဖြစ် ငုပန်းများလှိုင်လှိုင်ပွင့်လျက်ရှိပေပြီ။ ပိတောက်ဖူးတို့သည်လည်း ဟိုတစ်စသည်တစ်စဖြင့် ကျိုးတိုးကျဲတဲ တွေ့နေရလေသည်။ သင်္ကြန်သီချင်းသံများလည်း ကြားလာရပြီ။ သင်္ကြန်ဟူသည် အချိန်တန်လျှင် မည်သူမျှ မဆင်နွှဲဘဲမနေနိုင်သည့် ပျော်ရွှင်စရာပွဲတော်တစ်ခုဖြစ်သည်။

သင်္ကြန်သည် မြန်မာလူမျိုးတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ပျော်ရွှင်ဖွယ်အကောင်းဆုံး ပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်ဟုဆိုလျှင် ရပ်ကွက်အတွင်းမှ ကာလသားများ၊ လှပျိုဖြူများက ရေကစားမဏ္ဍပ်များထိုး၍ ရေကစားကြသည်။ အလှပြကားကြီးများဖြင့် လှည့်လည်၍ ကားအလှ၊ ယိမ်းအက စသည်ဖြင့် မဏ္ဍပ်အသီးသီးသို့ လှည့်လည်၍ ယှဉ်ပြိုင်ကြသည်။

လူငယ်လူရွယ်များကလည်း စုပေါင်း၍ ငါးလွှတ်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ ခြေသည်း လက်သည်း ညှပ်ပေးခြင်းဖြင့် ကုသိုလ်ယူကြသည်။ သင်္ကြန်ကို ယဉ်ကျေးမှုဖြင့်ဆင်ယင်၍ ပျော်ရွှင်စရာ ကောင်းခဲ့ပေသည်။ ပြောချင်သည်မှာ ရိုးရာသင်္ကြန်ပွဲတော်ကို မိမိ၏ မဆင်မခြင်ပြုမူမှုကြောင့် မပျက်စီးစေရန် သတိပေးလိုခြင်းဖြစ်ပါသည်။ ဤမှာဘက်ခေတ်တွင်မူ လူငယ်လူရွယ်များသည် သင်္ကြန်ကာလအတွင်း ယင်းကဲ့သို့ ပျော်ရွှင်ခြင်းများ နည်းပါးခဲ့ပြီလားဟု ထင်မိသည်။ အများစုကို မဆိုလိုပါ။ ရိုးရာယဉ်ကျေးမှုမပျက် သင်္ကြန်ကို ဆင်နွှဲသူလူငယ်များ၊ သီလဆောက်တည်သူ၊ တရားဘာဝနာပွားများသူ လူငယ်များ ရှိသည်ကိုလည်း မြင်တွေ့ရပါသည်။ အခြားနည်းဖြင့် ကောင်းမှုပြုသူများလည်း ရှိနေပါသည်။

သို့သော် တချို့သောလူငယ်များသည် လွဲမှားသော ပျော်ရွှင်မှုများဖြင့် သင်္ကြန်ပွဲ ဆင်နွှဲကြသည်ကို တွေ့ခဲ့ရသည်။ အရက်သေစာများအလွန်အကျွံသောက်စားခြင်း၊ ဝတ်စားဆင်ယင်မှုမှာလည်း ဦးခေါင်းတွင် ဆံပင်ကို ဆေးရောင်စုံဆိုးထားခြင်း၊ ဂျင်းဘောင်းဘီ အကောင်းကိုဖြတ်၍ အနားဖွာကာစုတ်ပြတ်သပ်အောင်ပြုလုပ်၍ ဝတ်ဆင်ခြင်း၊ မောင်နှင့်နှမ၊ သားနှင့်အမိမကြားဝံ့ မနာသာပြောဆိုခြင်းများဖြင့် သင်္ကြန်ကို အရုပ်ဆိုး အကျည်းတန်အောင် ပြုမူသူတချို့ကိုလည်း မြင်တွေ့ခဲ့ရသည်။

အမူးလွန်၊ အပျော်လွန်ကာ ခိုက်ရန်ဖြစ်ပွားပါက မိမိပတ်ဝန်းကျင်သည် မိမိကြောင့် အရုပ်ဆိုး အကျည်းတန်စေပါသည်။ မဖြစ်သင့်ပါ။ မည်သို့ပင်ဆိုစေ လှပနေမည့်သင်္ကြန်ကို မိမိ၏ မှားယွင်းသော ကိုယ်အမူအရာ၊ နှုတ်အမူအရာများကြောင့် မညစ်နွမ်းပါစေနှင့်ဟု စေတနာရှေ့ထား သတိပေးစကား ကြိုတင်ရေးသားလိုက်ရပါသည်။ ။

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်စည်းဝေး

နေပြည်တော် မတ် ၂၄

ပထမအကြိမ် ကရင်ပြည်နယ်လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ကို ပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ မတ် ၂၂ ရက် နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောအောင်ကျော်မင်းနှင့် ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၂၁ ဦးတို့ တက်ရောက်ကြသည်။ အစည်းအဝေးတွင် အဆို(၅) ခုအား ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

ရေကောင်းရေသန့်ရရှိရေးလက်ရှိရေပေးဝေမှုစနစ်များ ပိုမိုတိုးတက်ကောင်းမွန်အောင်လုပ်ဆောင်

ရန်ကုန် မတ် ၂၄

French-Myanmar Seminar on Water ဆွေးနွေးပွဲကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ရေရရှိရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတွေ့အကြုံ၊ ဗဟုသုတ၊ နည်းပညာများ မျှဝေအသိပေးဆောင်ရွက်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ ရေရရှိရေးလုပ်ငန်းများနှင့်ပတ်သက်၍ အတွေ့အကြုံများ အပြန်အလှန်ဖလှယ်ကာ အသိပညာများ ပိုမိုတိုးတက်ရရှိလာမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန်နားလည်မှု၊ ဆက်ဆံမှုများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သောက်သုံးရေလိုအပ်ချက်များပြားလာမှုအရ ရေအရင်းအမြစ်များ ထပ်မံလိုအပ်မှုရှိလာကြောင်း၊ ရေကောင်းရေသန့်ရရှိရေးအတွက် လက်ရှိရေပေးဝေမှုစနစ်များကိုလည်း ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန်လိုအပ်လာကြောင်း၊ ယခုဆွေးနွေးပွဲမှ ရေရရှိရေးကဏ္ဍနှင့် ပတ်သက်ပြီး နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြင်သစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Pascal CANFIN က ရေရရှိရေးကဏ္ဍတွင် ပြင်သစ်နိုင်ငံမှ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် French-Myanmar Seminar on Water ဆွေးနွေးပွဲကို ကျင်းပရာ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့စည်ပင်သာယာရေးကော်မတီနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ရှိရေပေးဝေရေးလုပ်ငန်းဆောင်ရွက်မှု၊ အနာဂတ်မျှော်မှန်းချက်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီး ပြင်သစ်နိုင်ငံမှရေရရှိရေး၊ ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်သော နည်းပညာဆိုင်ရာကုမ္ပဏီ ၁၃ ခုမှ ကျွမ်းကျင်ပညာရှင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာအသင်းများ ပူးပေါင်းစီစဉ်မှုဖြင့် Yangon ICT Fair(Computer & Mobile) ဖွင့်ပွဲအခမ်းအနားကို မတ် ၂၂ ရက် နံနက် ၈ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးညဏ်ထွန်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်များအသင်း ဥက္ကဋ္ဌ ဦးမင်းဦးနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းဥက္ကဋ္ဌ ဦးထင်အောင်ခိုင်တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က Yangon ICT Fair (Computer & Mobile) ပြပွဲကို Sensor by Global ဖြင့် ဖွင့်လှစ်ပေးကာ ပြခန်းကို ကြည့်ရှုအားပေးသည်။

ပြပွဲတွင် Mobile နှင့် IT နယ်ပယ်မှ ကုမ္ပဏီ ၆၃ ခုက ကွန်ပျူတာနှင့်ဆက်စပ်အပိုပစ္စည်းများ၊ Mobile Phone နှင့် Software များ၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများနှင့် နည်းပညာများ ပါဝင်ပြသပြီး မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဆီဒိုးနားဟိုတယ်၌ ကျင်းပသော လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အသိအမှတ်ပြု မြန်မာနိုင်ငံ၏ ပထမဆုံးသော မြို့ပြလေကြောင်း လေယာဉ်မောင်းသင်ကျောင်းသို့ တက်ရောက်ခွင့်ပြုမည့် လူငယ်မောင်မယ်များအတွက် Scholarship Program ရှင်းလင်းခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွေးမြည့်ဓာတ်တိုင်များ ကွန်ကရစ်တိုင်လဲလှယ်

ပုသိမ် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ (ဒုတိယအင်ဂျင်နီယာချုပ်) ဦးကိုကိုနိုင်၏ လမ်းညွှန်မှုဖြင့် ပုသိမ်မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ပို့လွှတ်နိုင်ရေး၊ 400 V ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် ပုသိမ်ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်စိုးမိုး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်နှင့် ဝန်ထမ်းအင်အား ၂၀ တို့ဖြင့် မတ် ၁၅ ရက်က ပုသိမ်မြို့ အမှတ် ၁၂ ရပ်ကွက် ရေကြည်ဦးလမ်းမကြီး (၄)လမ်း၊ (၃)လမ်း၊ (၂)လမ်း၊ (၁)လမ်းနှင့် လမ်းသွယ်(၈)လမ်းရှိ ဟောင်းနွမ်းဆွေးမြည့်ဓာတ်တိုင်များကို ကွန်ကရစ်တိုင်များဖြင့်လဲလှယ်ခြင်းပြုလုပ်ကြသဖြင့် မကြာမီ မီးများအချိန်ပြည့် ရရှိမည်ဖြစ်သည့်အတွက် ရပ်ကွက်နေပြည်သူများ တပျော်တပါးဝိုင်းဝန်းကူညီပံ့ပိုးကြကြောင်း သိရှိရသည်။

ပုသိမ်(လှကြည်)

ကသာမြို့နယ် အောင်ချမ်းသာရွာ ၂၄ နာရီလျှပ်စစ်မီးရပြီ

ကသာ မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် အောင်ချမ်းသာကျေးရွာတွင် ယခုနှစ် မတ်လအတွင်းမှစတင်၍ ၂၄ နာရီလျှပ်စစ်မီးရရှိကြောင်း သိရသည်။ အဆိုပါ လျှပ်စစ်မီးရရှိရေးအတွက် အောင်ချမ်းသာကျေးရွာသူ ကျေးရွာသားများသည် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီဖွဲ့ကာ ရန်ပုံငွေရှာခဲ့ပြီး လျှပ်စစ်ဓာတ်အား သွယ်တန်းမှုကို ကသာမြို့နယ် လျှပ်စစ်ဝန်ထမ်းများက ပံ့ပိုးကူညီခဲ့ကြောင်း သိရသည်။

အောင်ချမ်းသာကျေးရွာ ၂၄ နာရီမီးဖွင့်ပွဲကို ကသာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်၊ ကသာခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်အောင်၊ ကျေးရွာလျှပ်စစ်မီးလင်းရေးဥက္ကဋ္ဌ ဦးသန်းမြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

လျှပ်စစ်ထရန်စဖော်မာ ၂၀၀ KVA ရှိပြီး ကျေးရွာရှိ အိမ် ၉၂ အိမ်နှင့် လမ်းမီးများရရှိနေပြီး ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၆၀၀ ခန့် ဖြစ်ကြောင်း သိရှိရသည်။

လူအောင်(ကသာ)

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရေးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်နှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်များမှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းအမှတ်စဉ် (၁/၂၀၁၃)ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၈ နာရီက ဒလမြို့နယ် သီရိဇေယျာနော်ရထာခန်းမ၌ ကျင်းပရာ ဒလမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်တို့က အမှာစကားပြောကြားကြသည်။

သင်တန်းသို့ ဒလမြို့နယ်မှ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ၄၅ ဦး၊ စာရေးဝန်ထမ်း ၄၁ ဦးနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ရှစ်ဦး စုစုပေါင်း ၉၄ ဦး တက်ရောက်ကြသည်။

သင်တန်းတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝန်ကြီးဌာနလက်အောက်ရှိ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် သင်ခန်းစာများပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၁ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းခေါင်းဆောင်သောအဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ အစည်းအဝေးတက်ရောက်ရန်ထွက်ခွာ

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ရန်ကုန် မတ် ၂၄

Asian Forum of Parliamentarians on Population and Development ၏ ဖိတ်ကြားချက်အရ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဘာလီမြို့၌ မတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် Asia- Pacific Regional Parliamentarians and CSO Forum on MDG Acceleration and the Post-2015 Development Agenda အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ရန်ကုန်မြို့မှ အင်ဒိုနီးရှားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမျိုးသားလွှတ်တော် အမျိုးသမီးနှင့်ကလေးသူငယ်ဆိုင်ရာ ကော်မတီဥက္ကဋ္ဌဒေါက်တာမြဦးနှင့် ပြည်သူ့လွှတ်တော် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးစိုင်းမြင့်အေးတို့ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန်နှစ်နိုင်ငံအကြား အကူအညီပေးရေးစာချွန်လွှာခုနစ်ခု လက်မှတ်ရေးထိုး လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြုနိုင်မည်

နေပြည်တော် မတ် ၂၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ ခုနစ်ခု လက်မှတ်ရေးထိုးလဲလှယ်ခြင်းအခမ်းအနားကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန နေပြည်တော်တွင် မတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲက ကျင်းပသည်။

ယင်းအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် တက်ရောက်ခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး Mr. Mikio Numata တို့သည် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ ခုနစ်ခုကို လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

အဆိုပါ စာချွန်လွှာ ခုနစ်ခုမှာ စိုက်ပျိုးရေးကဏ္ဍ၌ လူသားဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းများ ခိုင်မာစေရေး လုပ်ငန်းစီမံချက်အတွက် ဂျပန် ယန်း ၁၀၀၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ ကရင်ပြည်နယ်အတွင်းရှိ လမ်းများဖောက်လုပ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စက်ကိရိယာပစ္စည်းများ ပေးအပ်ရေး စီမံချက်အတွက် ဂျပန်ယန်း ၇၅၉ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ ရာသီဥတုဘေးအန္တရာယ်ကျရောက်မှု စောင့်ကြပ်ရေးစနစ် စခန်းထူထောင်ရေးစီမံချက်အတွက် ဂျပန်ယန်း ၃၈၄၂ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ မြန်မာနိုင်ငံတစ်ဝန်းရှိ လေဆိပ်များ အန္တရာယ်ကင်းဝေးစေရေးနှင့် လုံခြုံရေးတိုးတက်မြင့်တင်ရေး စီမံချက်အတွက် ဂျပန်ယန်း ၁၂၁၃ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ ဘီလူးချောင်း(၂) ရေအားလျှပ်စစ်စီမံကိန်းပြုပြင်ရေး စီမံချက်အတွက် ဂျပန်ယန်း ၆၆၆၉ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာ၊ ရန်ကုန်နှင့် မန္တလေးမြို့များရှိ ဆေးရုံများတွင် ဆေးဝါးဆိုင်ရာ ပစ္စည်းကိရိယာများ အဆင့်မြှင့်တင်ရေးစီမံချက်အတွက် ဂျပန်ယန်း ၁၁၄၀ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာနှင့် ရန်ကုန်မြစ်တွင်းသွား ပို့ဆောင်ရေးယာဉ်များ အဆင့်မြှင့်တင်ရေး စီမံချက်အတွက် ဂျပန်ယန်း ၁၁၆၈ သန်း အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာတို့ ဖြစ်သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဂျပန်နိုင်ငံသံရုံးမှသက်ဆိုင်ရာ တာဝန်ရှိသူများနှင့် မြန်မာဘက်မှ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့အကြား ယခုကဲ့သို့ လက်မှတ်ရေးထိုးလဲလှယ်သည့် အကူအညီပေးရေးဆိုင်ရာ စာချွန်လွှာများအရ မြန်မာနိုင်ငံမှ စုစုပေါင်း ဂျပန်ယန်း ၁၅ ဒသမ ၈၁၉ ဘီလီယံ ဖွံ့ဖြိုးမှုအကူအညီရရှိမည်ဖြစ်ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး၊ နိုင်ငံတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ လျှပ်စစ်ဓာတ်အား တိုးတက်ထုတ်လုပ်ဖြန့်ဖြူးရေးနှင့် ပြည်သူများခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေး စသည့် လူမှုစီးပွားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် များစွာ အထောက်အကူပြု အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဟယ်လင်းနစ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပို့

နေပြည်တော် မတ် ၂၅

၂၀၁၃ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီမီထရီရိုစ်အေဗရာမိုပေါ်လော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲ ကျင်းပမည့်ရက် ယာယီရွှေ့ဆိုင်း

နေပြည်တော် မတ် ၂၄

၂၀၁၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက် (သောကြာနေ့)မှ တပေါင်းလပြည့်ကျော် ၁၁ ရက် (စနေနေ့) အထိ (၂၀၁၃ ခုနှစ် မတ် ၂၉ ရက်မှ ဧပြီ ၆ ရက်အထိ) လည်းကောင်း၊ ပထမပြန်စာမေးပွဲကို ၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၉ ရက် (ကြာသပတေးနေ့)မှ တပေါင်းလပြည့်ကျော် ၁၅ ရက် (ဗုဒ္ဓဟူးနေ့)အထိ (၂၀၁၃ ခုနှစ် ဧပြီ ၄ ရက်မှ ၁၀ ရက်အထိ) လည်းကောင်း တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပမည်ဖြစ်ကြောင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် သာသနာရေးဦးစီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

သို့ရာတွင် အချို့သောမြို့နယ်များ၌ အရေးပေါ်အခြေအနေ ကြေညာထားသည့်အတွက် စာမေးပွဲများကို တစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်းကျင်းပနိုင်ခြင်းမရှိပါသဖြင့် အဆိုပါစာမေးပွဲ ကျင်းပမည့်ရက်ကို ယာယီရွှေ့ဆိုင်းကြောင်းနှင့်ကျင်းပမည့်ရက်ကို မြန်မာနှစ်သစ်ကူးပြီးနောက်ပိုင်းတွင် ထပ်မံထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် လူမှုဝန်ထမ်းဦးစီးဌာန နန်းထိုက်ရတနာမူလတန်းကြိုကျောင်း၌ မတ် ၂၂ ရက်က ရင်သွေးငယ်များ၏ ၂၀၁၃ ခုနှစ် ပဒေသာကပွဲကို ကြည်နူးဖွယ်ရာ ကကွက်များနှင့်အတူ ရင်သွေးငယ်များ ဖျော်ဖြေတင်ဆက်နေသည်ကို တွေ့ရစဉ်။ သန်းနိုင်(ဇမ္ဗူသီရိမြို့နယ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၄ ခုနှစ်၊တပေါင်းလဆန်း ၁၄ ရက် (အဖိတ်နေ့)
၂၅-၃-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၄၀ International News
- ၈:၂၀ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၃၀ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၄၀ (၂၇)ကြိမ်မြောက် **ဆီးဂိမ်းပြိုင်ပွဲအကြို မြင်းစီးအားကစားပြိုင်ပွဲ**

ညပိုင်း

- ၄:၀၀ ရုပ်မြင်သံကြားအဖွင့်တေး
- ၄:၁၀ အကပဒေသာ
- ၄:၂၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(အိမ်တွင်းစီးပွား အထူးပြု)(အိမ်တွင်းစီးပွား)
- ၄:၅၅ မြန်မာစာ၊ မြန်မာစကား
- ၅:၂၀ ဂီတတံခါးလေးဖွင့်ပါဦး
- ၆:၀၀ ညနေခင်းသတင်း
- ၆:၂၀ SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို **တိမ်ကိုခွင်းမည့် အားမာန်များ** မြင့်မြတ်၊ နန်းခင်ဇေယျာ၊ ရဲမွန်၊ တင်ဇာဝင်းပြည့် (ဒါရိုက်တာ-ဂျိုး)
- ၇:၀၀ ပြည်တွင်းသတင်း
- ၈:၀၀ ပြည်တွင်းသတင်း
- \- နိုင်ငံတကာသတင်းများ
- \- မိုးလေဝသအခြေအနေ
- \- **မဟာဝံသမြတ်ဗုဒ္ဓ**
- ၁၀:၀၀ ပြည်တွင်းသတင်း အိန္ဒိယရုပ်ရှင် **ဘယ်ခါပျက်မရတဲ့သစ္စာ** (ဇာတ်သိမ်း)

Available Free Now

Please get your free copy at
- Myanmar Travels and Tours (MTT)
- Airport
- All major Hotels + Restaurants
- Design Printing Services Co., Ltd. (D.P.S)
- Tel : 204020, 245230
- Fax : 381200 Email : dpsmap@gmail.com

Coming Soon

THE MAP OF BAGAN

The Map of Bagan

Contact - Ph : 204020, 245230, 09-5030177 Fax : 381200
Email : dpsmap@gmail.com Website : www.dpsmap.com

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
- Mon to Thurs-7:30-9:30am 11 Mar
- Mon to Thurs-1:00 - 3:00 pm 11, 25 Mar
- Mon to Thurs- 5:00-7:00pm 11 Mar
- Sat & Sun -9:00-12:00am 23 Mar
- Sat & Sun - 12:30-3:30 pm 23 Mar
- Mon to Thurs-7:30-9:30 am 25 Mar
- Sat & Sun -3:00 - 6:00 Pm 30 Mar
- Sat & Sun -3:45 - 6: 45pm 30 Mar

Pre-Intermediate English
- Sat & Sun-12:30-3:30pm 23 Mar
- Mon toThurs-5:00 - 7:00pm 25 Mar
- Mon toThurs-10:30-12:30am 1 Apr

Vocabulary Enrichment Course
- Mon toThurs- 3:30-5:00pm 4 Mar

Grammar Foundation Course
- Mon to Thurs- 1:00- 2:30 pm 18Mar
- Sat & Sun - 9:00 - 12:00 am 30Mar

Basic Writing Course
- Mon to Thurs - 3:00-5:00 pm 11Mar
- Sat & Sun - 3:45 - 6:15 pm 23Mar
- Mon to Thurs - 10:00 - 12:00 am 25Mar

Academic Writing Course
- Sat & Sun - 5:00 - 7:00 pm 30Mar

Academic Preparation For IELTS (API)
- Mon to Thurs-10:30 - 12:30 am 25Mar
- IELTS Sat & Sun-10:30-12:30am 30Mar
- IELTS(speaking) Sat & Sun -1:00-3:30pm 30Mar
- SAT Mon to Thurs 3:30 - 5:00 Pm 25 Mar

No.190, 2nd Flr:,28th St:(Upper), Pabedan Tsp. ☎ 243950

နိုင်ငံတကာသတင်း

လက်ဘနွန်ဝန်ကြီးချုပ် ရာထူးမှနုတ်ထွက်

ဘေရွတ် မတ် ၂၄

လက်ဘနွန်ဝန်ကြီးချုပ် နာဂျစ်မီကာတီသည် လာမည့် ဇွန်လ ဥပဒေပြုရွေးကောက်ပွဲများအတွက် သူ၏အစိုးရအဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်မှုအပေါ် မအောင်မြင်ဖြစ်ခဲ့ပြီးနောက် မတ် ၂၂ ရက်နေ့ညနေပိုင်း၌ ရာထူးမှနုတ်ထွက်ခဲ့ကြောင်း ကြေညာခဲ့သည်။

နာဂျစ်မီကာတီသည် လက်ဘနွန်နိုင်ငံမြို့တော် ဘေရွတ်အစိုးရ ဌာနချုပ်ရုံး ဂရန့်ဆာရေးအတွင်း ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ တစ်ရပ်အတွင်း ၎င်း၏ နုတ်ထွက်ခြင်းကို ကြေညာခဲ့သည်။

"ပြီးခဲ့သည့်အချိန်များတွင် ကျွန်တော့်အနေဖြင့် နှစ်ကြိမ်ရာထူးမှ နုတ်ထွက်ရန် ရည်ရွယ်ခဲ့ပါတယ်။ ဒါပေမယ့် နိုင်ငံကို ကျွန်တော် မကယ်တင်နိုင်ခဲ့ပါဘူး။ ယနေ့တော့ အစိုးရအဖွဲ့မှ နုတ်ထွက်ကြောင်း ကြေညာလိုက်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

ပါလီမန်ရွေးကောက်ပွဲများ ကြီးကြပ်မှုကော်မတီတစ်ရပ် ဖွဲ့စည်းမှုအပေါ်နှင့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်အတ်ရှ်ရတ်ရီဖီ၏ ရာထူးသက်တမ်းတိုးမြှင့်မှုအပေါ် သဘောတူညီမှု မရရှိခဲ့လျှင် မီကာတီ၏ အစိုးရအဖွဲ့သည် ရာထူးမှနုတ်ထွက်မည်ဟု ယင်းနေ့အစောပိုင်းက ဘေရွတ်မြို့၌ ကျင်းပခဲ့သော အစိုးရအစည်းအဝေးပြုလုပ်စဉ် ဝန်ကြီးအချို့က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး ဖူကူရှီးမား စီရင်စုသွားရောက်လေ့လာ

တိုကျို မတ် ၂၄

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၂၀၁၁ ခုနှစ် မတ်လက ငလျင်နှင့် ဆူနာမိသဘာဝဘေးဒဏ်များကြောင့် ပျက်စီးခဲ့သော ဖူကူရှီးမားစီရင်စုရှိ နေအိမ်အဆောက်အအုံနှင့်စက်ရုံများ ပြန်လည်တည်ဆောက်မှု အခြေအနေများကို သွားရောက်ကြည့်ရှုခဲ့ကြောင်း မတ် ၂၄ ရက်က သတင်းထုတ်ပြန်သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမားဒိုင်အီချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ နျူကလီးယား မတော်တဆဖြစ်ရပ်အတွင်း ဒေသခံများရွှေ့ပြောင်းပေးခဲ့ရပြီးနောက် ယခုအခါ ပြန်လည်နေထိုင်မှုများကိုလည်း သွားရောက်စစ်ဆေးလေ့လာခဲ့သည်။

ဖူကူရှီးမားဒိုင်အီချိ နျူကလီးယားဓာတ်အားပေးစက်ရုံမှ ဝန်ကျင်နယ်မြေအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ယခုအခါ ဒေသခံများ ပြန်လည်အခြေချနေထိုင်မှုများကို ဝန်ကြီးချုပ်အာဘေးက လေ့လာမှုများပြုလုပ်ခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကလည်း အိုင်ဝါတီနှင့် မီယာဂီစီရင်စုများသို့ သွားရောက်လေ့လာခဲ့သည်။ ထို့အတူ ငလျင်ဒဏ်ခံခဲ့ရသည့် တိုဟိုကူဒေသသို့လည်း သွားရောက်လေ့လာခဲ့ပြီးနောက် ယခုအခါ လေးနေရာမြောက်ခရီးစဉ်အဖြစ် ဖူကူရှီးမားစီရင်စုသို့ ရောက်ရှိလာခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ဒေသတည်ငြိမ်မှုနှင့် လုံခြုံမှုကိုအထောက်အကူပြုရန် အင်ဒိုနီးရှားက ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ဖိတ်ခေါ်

ဂျကာတာ မတ် ၂၄

ဒေသတွင်းတည်ငြိမ်ရေးကို အထောက်အကူပြုစေရန်အတွက် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုတစ်ရပ် ပြုလုပ်ရန် အာဆီယံနိုင်ငံများနှင့် အခြားသောနိုင်ငံများမှ ရေတပ်များအား ဖိတ်ခေါ်ထားကြောင်း အင်ဒိုနီးရှားမီဒီယာများက မတ် ၂၂ ရက်၌ ဖော်ပြသည်။

တက်ရောက်

အင်ဒိုနီးရှားရေတပ် ဒုတိယအကြီးအကဲ အက်မီရယ်မာဆီတီရိုက ပြီးခဲ့သည့် ဒီဇင်ဘာလက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကျင်းပခဲ့သည့် နိုင်ငံတကာရေကြောင်းလုံခြုံရေးဆွေးနွေးပွဲတွင် ယင်းပူးတွဲရေတပ် စစ်ရေးလေ့ကျင့်မှုအစီအစဉ်ကို တင်ပြခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံပေါင်း ၄၅ နိုင်ငံကျော်မှ ရေတပ်အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

နိုင်ငံစုံရေတပ် စစ်ရေးလေ့ကျင့်မှု တစ်ရပ်ပြုလုပ်ရန် စီစဉ်ထားရာ ပထမအဆင့်အနေဖြင့် အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများမှ ရေတပ်များနှင့်အတူ ပထမဦးစွာပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည် ဖြစ်ကြောင်း၊ အခြားနှစ်နိုင်ငံခန့်လည်း ပါဝင်မည်ဖြစ်ကြောင်း ဂျကာတာပို့စ်သတင်းစာ၌ ဖော်ပြထားသည်။

အကြမ်းဖက်မှုများ၊ နိုင်ငံဖြတ်ကျော်မှုခင်းများ၊ အပိုင်စီးမှုများအပြင် ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် စိန်ခေါ်နေမှုများကို တုံ့ပြန်ရာတွင် ပူးတွဲရေတပ်စစ်ရေးလေ့ကျင့်မှုက အထောက်အကူပေးနိုင်မည်ဖြစ်သည်။ **(ဆင်ဟွာ)**

ဆီလီကာသူပုန်များ ဗဟိုအာဖရိကနိုင်ငံအတွင်းရှိ မြို့နှစ်မြို့ကို တိုက်ခိုက်သိမ်းပိုက်

ဘန်ဂူး မတ် ၂၄

ဗဟိုအာဖရိကနိုင်ငံ (စီအေအာရ်) အတွင်းရှိ ဆီလီကာသူပုန်များသည် အစိုးရတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲများဖြစ်ပွားပြီးနောက် နိုင်ငံမြောက်ပိုင်းရှိမြို့နှစ်မြို့ကို သိမ်းပိုက်လိုက်ကြောင်း မတ် ၂၃ ရက်က ရိုက်တာသတင်းတွင် ဖော်ပြသည်။ ဆီလီကာသူပုန် ယာယီညွှန့်ပေါင်းအဖွဲ့၏ တပ်ဖွဲ့ဝင်များသည် အာဖရိကနိုင်ငံမြောက်ပိုင်းရှိ မြို့နှစ်မြို့ကို သိမ်းပိုက်ခဲ့မှုအား အစိုးရအရာရှိတစ်ဦးက မတ် ၂၁ ရက်တွင် အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်သည်။

အဆိုပါသူပုန်များသည် မြို့တော်ဘန်ဂူးမြောက်ဘက် ကီလိုမီတာ ၃၀၀ ခန့်အကွာ လေဆိပ်တစ်ခုရှိ ဘော့ကာမြို့ကို ကနဦးတိုက်ခိုက် သိမ်းပိုက်ပြီးနောက် ယင်းမြို့မြောက်ဘက် ကီလိုမီတာ ၁၀၀အကွာရှိ ဘာတန်ဂါဖိုမြို့ကို ဆက်လက်သိမ်းပိုက်လိုက်သည်။ ၎င်းသူပုန်များသည် ဆီလီကာ အကျဉ်းသားများ လွှတ်ပေးခဲ့သည့် ကိစ္စနှင့်ပတ်သက်ပြီး စီအေအာရ်သမ္မတ ဖရန်ကွက်စ်ကိုဇီဇီ၏ ကမ်းလှမ်းချက်ကို လက်မခံခဲ့ကြောင်း လောလောဆယ်ပြင်သစ်နိုင်ငံတွင် ရှိနေသည့် ဆီလီကာ ပြောရေးဆိုခွင့်ရှိသူ အီရစ်မာဆီက ပြောကြားသည်။

စီအေအာရ်သမ္မတ နှစ်ဦးသည် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရန် အမိန့်ချမှတ်မှုကို မတ် ၂၀ ရက်တွင် နိုင်ငံပိုင်ရုပ်မြင်သံကြားက ထုတ်လွှင့်ကြေညာခဲ့သည်။ ဆီလီကာသူပုန်များသည် ဘော့ကာမြို့မှ အစိုးရတပ်ဖွဲ့ဝင်များ၏ အနည်းငယ်ခုခံတော်လှန်မှုကို ရင်ဆိုင်နေရသည်။ **(ရိုက်တာ)**

တင်မောင်လွင် - ရေးသားသည်

အမေရိကန်၌နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေယာဉ်ခရီးစဉ်အများအပြား ဖျက်သိမ်းခဲ့ရ

ဒန်ဗာ မတ် ၂၄

အမေရိကန်နိုင်ငံ၌ နှင်းမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့ရာမှ အဓိကလမ်းမကြီးပေါ်၌ ဆီးနှင်းထုမှာ ၁၂ လက်မကျော်ထိရှိနေကြောင်း၊ ယင်းဆီးနှင်းများ ထူထပ်မှုကြောင့် မတ် ၂၃ ရက်က ဒန်ဗာမြို့ရှိ လေယာဉ်ခရီးစဉ် ရာကျော်တို့အား ဖျက်သိမ်းလိုက်ရကြောင်း အမေရိကန်ထုတ်သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

ကော်လိုရာဒိုပြည်နယ်၏ မြောက်ပိုင်းဒေသများ၌ မတ် ၂၃ရက် ညလယ်ပိုင်းက ဆီးနှင်းများ စတင်ကျဆင်းခဲ့ပြီးနောက် ယခုအခါ တောင်ပိုင်း နီဘရာစကာနှင့် မြောက်ပိုင်းကန်ဆက်ပြည်နယ်များအထိပါ ဆီးနှင်းကျဆင်းမှုများဖြစ်ပေါ်နေသည်ဟု သိရသည်။

ကော်လိုရာဒိုပြည်နယ်မြောက်ပိုင်းတွင် ကန်ဆက်ပြည်နယ်မြောက်ပိုင်းရှိ ပြည်နယ်သွားလာမှုနေရာတို့တွင် မတ် ၂၃ ရက်က ဆီးနှင်းများ စုပုံကျဆင်းနေပြီး ယင်းဧရိယာတွင် နောက်ထပ်နှစ်လက်မမှ သုံးလက်မအထိ ထပ်မံကျဆင်းနိုင်ဖွယ်ရှိနေသေးသည်ဟု အမျိုးသား မိုးလေဝသဌာန မိုးလေဝသနှင့်ဇလဗေဒပညာရှင် ရိုင်ယန်မြူစကိတ်က ပြောကြားခဲ့သည်။ "လေကလည်း ပြင်းလွန်းနေပါတယ်၊ ဒါကြောင့် အဲဒီဒေသတွေမှာ သဲသဲကွဲကွဲ မမြင်ရပါဘူး" ဟု ၎င်းက ထပ်မံပြောကြားခဲ့သည်။

လေတိုက်နှုန်းမှာ တစ်နာရီ ၄၆ မိုင်နှုန်းဖြင့် တိုက်ခတ်နေပြီး နီဘရာစကာ၊ ကော်လိုရာဒိုနှင့် ကန်ဆက်ပြည်နယ်များရှိ အချို့နေရာများတွင် ယင်းလေနှင့်အတူ ဆီးနှင်းထု ၃ပေ မှ ၄ပေအထိ လွင့်မျောပါနေသည်ဟု ဆိုသည်။

ကော်လိုရာဒိုနှင့်ကန်ဆက်ပြည်နယ်ရှိ ပြည်နယ်ချင်းသွားလာမှုလမ်းကြောင်းအထိ ပိတ်ထားရပြီး ဒန်ဗာမြို့တွင် မတ် ၂၃ ရက်က ခရီးစဉ်များ မြင်ကွင်းမရှင်းမှုကြောင့် ဖျက်သိမ်းခဲ့ရသည်ဟု သိရသည်။ **(ပင်တဂွင်ပို့စ်)**

ဆောင်းပါး

မိဘကျေးဇူးဆပ်ခြင်းနှင့် ပြည်တော်ပြန်အစ တပေါင်းလ

ဒေါက်တာမောင်ဖြေ

တပေါင်းလသည် တပေါင်းသာခေါင်လများနောင်ဟူသော ဆိုစကားနှင့်အညီ မြန်မာ့တစ်ဆယ့်နှစ်လရှိသည့်အနက် နောက်ဆုံးလဖြစ်သည်။

"ဥတ္တရဖလဂုဏ်က၊ တိမ်ဘုံမှာရောင်ခြည်လင်းလို့ လမင်းသော်တာနှင့် တူမကွာ ထိန်ဝါလင်းထွန်းတဲ့ခါကို" စာဆိုနှင့်အညီ ဥတ္တရဖလဂုဏ် နက္ခတ်နှင့် ငွေသော်တာလမင်းတို့ အတူယှဉ်တွဲထွန်းလင်းပါသည်။ ရာသီဥတုသာယာကြည်နူးဖွယ်ဖြစ်ရကား လူသားတို့သာမက သဲသောင်ပြင်တွင်လည်း ဝမ်းဘဲ ရွှေစင်ရော်တို့ မ၊ ဖို ခေါ်ထူး၍ မြူးထူးပျော်ရွှင်ရသည့်အထိပင် သာယာလှပါသည်။

စာဆိုတော် နဝဒေးကြီး၏ တပေါင်းအလွမ်းတွင် "ကြူကြူပျံ့မွှေး၊ လေပြေသွေးက၊ ကြိုင်မွှေးပျံ့လျှောင်၊ ပန်းပေါင်းပေါ်စ၊ တပေါင်းလဝယ်၊ နှမစိတ်တူ၊ အိမ်သူကျွမ်းဝင်၊ နောင်သခင်ကို၊ ထိပ်ပြင်ပြည့်မျှ၊ မဆင်ရခဲ့" ဟူ၍ လည်းကောင်း၊ ရတုဘုရင် နတ်သျှင်နောင်သည် "စံပယ်ဖြူမွှေး၊ စကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်နှင့်၊ ရွေးလျက်ရွရွ၊ မဆင်ရတည့်" ဟူ၍ လည်းကောင်း ကိုယ်တိုင်ပန်ဆင်ပေးချင်ပုံနှင့် စစ်မြေကနေ အိမ်သူသက်ထားလွမ်းကြပုံများကို ရတုသွယ်ထားကြပါသည်။ တချို့က လည်း ကိုယ့်အသည်းနှလုံးကိုမှ ကိုယ်မပိုင်သော ရာသီဟုဆိုပါသည်။ သောတပန် မထေရ်မြတ်တို့ပင် မဆည်နိုင်မျက်ရည်တို့ကာ ရသေ့သူတော်တိုင်မှ ဉာဏ်မခိုင် ဈာန်ယိုင်လျှောရသည့်လဟု တင်စားထားကြပါသည်။

ကာဠုဒါယီမထေရ်မြတ်ကြီးပင်လျှင် တပေါင်းလ၏ သာယာပုံကို ဂါထာခြောက်ဆယ်ဖြင့် ချီးမွမ်းခဲ့ပါသည်။ ပထမဆုံးကဗျာရှင်ကြီး တစ်ဆူ ဖြစ်တော်မူသော သုံးလောကထွဋ်ထား မြတ်ဘုရားရှင်သည် "ဝနပ္ပဂုမ္ဗေ၊ ယသဖုသိတဂ္ဂေ ဂိမှာနမာသေ ပဌမသ္မိံဂိမှေ" ဟူသော ရတနသုတ်တော်ဖြင့် တပေါင်းလကို နွေဦးပေါက်၏ အသာယာဆုံးလဟု ဖွဲ့ဆိုထားပါသည်။

ထို့မျှမက မြတ်ဘုရားရှင်သည် တပေါင်းလကျမှ ကပိလသို့ ကြွလိုစိတ်ဖြစ်ပေါ်လေသည်။ တစ်တောဝင် တစ်တောထွက်၊ တစ်တောင်တက် တစ်တောင်ဆင်းဖြင့် ကြွချီတော်မူလာစဉ် ပင်ပန်းပူလောင်ခြင်းကို တန်ခိုးတော်ဖြင့် အေးမြခြင်း ပြုတော်မမူဘဲ သစ်ပင်ရိပ်တို့ဖြင့် ချွေးသိပ်နားတော်မူပါသည်။

နောက်ပါရဟန်းတို့က သစ်ပင်ရိပ်ကြီး၏ အေးမြကြောင်းကို နှစ်သက်ကြသည်။ ချီးမွမ်းကြသည်။ သာယာကြည်နူးကြပါသည်။ မြတ်စွာဘုရားကမူကား သစ်ပင်၏အရိပ်အာဝါသထက် ရွှေမျိုးဉာတကာတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အမိအဖတို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် အာစရိယဆရာ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မင်းကောင်းမင်းမြတ်တို့၏ အရိပ်အာဝါသက အေးမြ၏။ ထို့ထက် မြတ်စွာဘုရားတို့၏ အရိပ်အာဝါသသည် နိဗ္ဗာန်ရောက်သည်အထိ အလွန်ချမ်းသာ၊ အလွန်အေးမြလှပါပေ၏ဟူ၍ ဟောကြားကာ နိဗ္ဗာန်ချမ်းသာသို့ တိုင်အောင် အေးမြစေသည့်အရိပ်ကို ဖော်ညွှန်းသည့် လတပေါင်းဖြစ်ပါ၏။

"**စုံတစ်ခိုဝယ်၊ လေချိုဝန်းလှ၊ လွမ်းရတုဥ္၊ ရွက်နုမငြိမ်၊ မြေနှင့်ချိန်လျက်၊ စိမ့်မြိုင်ရဂုံ၊ ကြိုင်လှိုင်ထုံသည်၊ အမုံချပ်ရပ်၊ ငုံဖူးကပ်၍၊ လှည့်ပတ်လက်တံ၊ လောင်းကျန်မှု၊ လွန်ဟံတင့်ဆုံ၊ ပြရီခြံလျက်၊ မှိုင်းမုံဆင်းလာ၊ ခဲမုတ္တာနှင့်၊ ချိန်ရာသီခွင်၊ မိန်သဘင်မှာ၊ သည်ချိန်ခါကို သောတာပန်မည်၊ မဟာထေရ်တို့၊ မကြည့်နိုင်အောင်၊ နိုးမြူမှောင်ခဲ့**" စသည်ဖြင့် ပါရမီရင့်လှပြီးဖြစ်သော ကျမ်းတတ်အကျော် ရှင်ဥတ္တမကျော်က အလွမ်းစာဖြင့် ဖွဲ့နွဲ့ထားပါသည်။

တပေါင်း၏ လွမ်းစရာအလှသည် ကပိလဝတ်ပြည်မှ စခဲ့သည်ဟု ဆိုရပါမည်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက သားဘုရားကို ဖခင်၏ ချစ်ခြင်းဖြင့်လွမ်းသည်၊ သမီးတော် ယသော်ဓရာမင်းသမီးက မိဖုရား၏ ချစ်ခြင်းဖြင့် လွမ်းသည်။

ကာဠုဒါယီ မထေရ်မြတ်၏ လျှောက်ထားချက်ဖြင့် မြတ်ဘုရားသည် ကပိလဝတ်ပြည်သို့ ရောက်သည့်အခါ ရွှေနန်းဥကင်ရာဇပလ္လင်ထက်၌ ထက်စံတော်မူလေသည်။ မောင်းမခြွေရံအားလုံးတို့က ညွတ်တွားရိုကျိုး ရှိခိုးပူဇော်ကြကုန်၏။

ရောင်ခြည်တော် ခြောက်ဆိုင်၊ သင်းကျစ်တော်မှဖဝါးတော်သို့ တိုင်အောင် မအုံ့သြနိုင်သော မောင်တော်မြတ်ဘုရား၏ အသရေတို့ကို တိုက်ခန်းသလွန်ထက်မှ မြင်ရလေသော် ယသော်ဓရာသည် လွမ်းမောဆွတ်လတ်၊ ကြည်ညွတ်မြတ်၍ ပရိဒေဝငိုကြွေးမိတော့သည်။ သို့ပါသော်လည်း မြတ်ဘုရားထံပါးသို့ အများနည်းတူ သွားရောက်ဖူးမြော်ခြင်း မပြုချေ။

"ရိုသေရာတွင် နှမသွင်သို့၊ တိုင်ပင်ရာတွင် မိတ်ဆွေသွင်သို့၊ အိပ်စက်ရာတွင် ပြည့်တန်ဆာသွင်သို့၊ လုပ်ကျွေးရာတွင် ကျွန်မသွင်သို့၊ စောင့်ရှောက်ရာတွင် မိခင်သွင်သို့၊ ငါးပါးထင်ရှားပြည့်စုံငြားပြီး၊ ဆင်းရဲမကွာ ချမ်းသာမလွဲ၊ လင်ကိုတွဲသော် တော်ဝင်ထိုက်အပ် မိန်းမမြတ်တည့်" လက္ခဏာတို့ဖြင့် ဘဝဆက်ဆက် သံသရာ အဆက်ဆက် မွန်မြတ်စွာ ဖြည့်ဆည်းခဲ့ပါ၏။

"မိန်းမအားလုံး အခွင့်အခါ စိတ်ကွယ်ရာ ဖိတ်ခေါ်သူ အကယ်၍ ရငြားအံ့၊ မကောင်းမှုကိုပြု၏" စသော အဆုံးအမဖြင့် အခွင့်အခါ သုံးပါးကို မပစ်မှားခဲ့ပါ။ အမရာ နှလုံးမူကာ ညီညွတ်၍ရှိခဲ့ပါ၏။ ယခင်ဘဝနှစ်ဝကပင် သွားလည်းလက်ဆက်၊ စက်လည်း တစ်အုံး၊ မဒ္ဒီနှလုံးပမာ ပါရမီရှင် ဖြစ်ခဲ့သည့် "သာဘရိယာနိဗ္ဗုတာ" ၏ ပရိဒေဝတို့အား ငြိမ်းအေးလို၍ အဂ္ဂသာဝကနှစ်ဦးကို ခေါ်တော်မူလျက် ယသော်ဓရာမင်းသမီး၏ တိုက်ခန်းရတနာသလွန်ထက်၌ စံတော်မူလေသည်။

"**ထိုအခါ ယသော်ဓရာမင်းသမီးသည်လည်း ပန်းကြီးခုံမင်စွာလာ၍- ခြေဖမျက်တော်ကို လက်ဖြင့် ပိုက်လျက် ဖမိုးတော်ထက်၌ မျက်နှာဦးခေါင်းကိုထား၍ ဖဝါးတော်မြတ်ကို နမ်းကာ နမ်းကာ ခြင်းရာစကား ဘယ်သည်များမှ မကြားနိုင်စွာမျက်နှာ မျက်ရည်မဆည်နိုင်ပြီး ဖြိုင်ဖြိုင်စီးလျက် သက်ကြီးရှိုက်ငင် ဘဝင်ပြောင်း ပြန်လန်လုမတတ် ဆံဖြင့် ပွတ်သပ်ပါးဖြင့်အပ်၍ အထပ်ထပ်ရှိခိုး လေသတည်း**"

ရွှေတောင်မြို့ ကျီးသဲလေးထပ်ကျောင်းဆရာတော်ကြီး၏ ဇိနတ္ထပကာသနီကျမ်းမှ စကားပြေ အရေးကောင်းမှုကြောင့် သည်းအူခိုက်မျှ ဖြစ်စေခဲ့ပေသည်။

"**မြချပ်ရွက်စိမ်း၊ လေညင်းသိမ်းက၊ မယိမ်းမြလျှံ၊ ရွှေဝါကျံလည်း၊ လေပြန်လောင်းသုတ်၊ ရွက်ဟောင်းပြုတ်၍၊ ကျေးနှုတ်အသွင်၊ ပုရစ်ဆင်ခဲ့**" ကြသည်ကို အပူရှိန်တငွေ့ငွေ့နှင့် ရှင်ဥတ္တမကျော်က တောလားကြီးဖွဲ့ခဲ့ပြီး ရှင်မဟာရဋ္ဌသာရ အရှင်မြတ်ကလည်း "**ချိုးနှစ်ဖော်မူ၊ ရှင်ပျော်စမြဲ၊ လည်ချင်းတွဲ၍ မကွဲတူကွ၊ နေသည်စသော်၊ ကာမလူ့ဘောင်၊ မရှောင်နိုင်ချေ**" စသဖြင့် အပူငွေ့တဝေဝေနှင့် အန်ထုတ်ခဲ့ပြီး အချစ်ရေးထက် ဘာသာရေးကို ဦးစားပေးကာ ကျန်ရစ်သော အမာရွတ်ကို နှမလက်လျှော့နေလေတော့ဟု ရတုနှင့်လည်း ကုစားခဲ့ပြီးဖြစ်ပါသည်။

ကပ္ပိလဝတ် နေပြည်တော်၌ပင် မြတ်ဘုရား၏ မိဘကျေးဇူးဆပ်သော တရားတော်ကြောင့်ပင် ကျေးဇူးရှင် ဖခမည်းတော်ကြီးမှာ မင်းမြောက်တန်ဆာ ငါးပါးဆင်မြန်းလျက်ပင် ထီးဖြူတော်အောက်မှာ အရဟတ္တဖိုလ်ပေါက်ရဟန္တာဖြစ်၍ နိဗ္ဗာန်ဝင်ခဲ့သည်။ ကျွေးမိခင် မိထွေးတော် ဂေါတမီမှာ ဘိက္ခုနီပြု၍ ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ဝင်ခဲ့ကြသည်။

မာယာဒေဝီမယ်တော်သည် သားတော်သိဒ္ဓတ္ထကို ဖွားမြင်ပြီး ခုနစ်ရက်မှာ နတ်ရွာစံခဲ့ရာ သားတော်ဘုရားသည် မွေးမိခင်ကို ကျေးဇူးဆပ်လို၍ နတ်ပြည်သို့ကြွမြန်းကာ အဘိဓမ္မာတရားကို ကျေးဇူးဆပ် ဟောကြားတော်မူခဲ့ပါသည်။

မိဘတို့၏ ဂုဏ်ကျေးဇူးကိုသိတော်မူသော မြတ်ဘုရားရှင်သည် ပုဗ္ဗာစရိယ ရှေးဦးဆရာ "လောကဿဒသေတာ" ကမ္ဘာလောကကြီးကို ပြသပေးသူစသည်ဖြင့် အထူးဂုဏ်ပြု ဟောကြားတော်မူပါသည်။ ကျေးဇူးဆပ်ခြင်းဖြင့် ဉာဏတ္ထစရိယဆွေမျိုးများ အကျိုးကို ဆောင်ရွက်ရန်အတွက် လများသာခေါင်လတပေါင်း၌ ဘုရားရှင်ကပ္ပိလဝတ်နေပြည်တော်သို့ ပြန်ကြွသည့် ကြည်ညိုဖွယ်ရာ ခရီးစဉ်၏ အကျိုးကျေးဇူးများပင် ဖြစ်လေတော့သည်။

ကမ္ဘာလောက အကြောင်းကို ပြသ သွန်သင်သော လက်ဦးဆရာ မိနှင့်ဖကို ကျေးဇူးဆပ်ရာတွင် -

(က) ဗုဒ္ဓတ္ထစရိယ = မိမိ၏ အကျိုးစီးပွားကို အားထုတ်ပြီးသော အခါ။

(ခ) ဉာဏတ္ထစရိယ = မိဘဆွေမျိုး ကိုယ့်ရပ်ရွာအကျိုးဆောင်ရွက်ခြင်းဖြင့်

(ဂ) လောကတ္ထစရိယ = တိုင်းသူပြည်သားကမ္ဘာသူကမ္ဘာသား လူအများ၏ အကျိုးစီးပွားတို့ကို ဆောင်ရွက် အားထုတ်ရမည်စသော ဆုံးမစကားများကို ဟောကြားတော်မူခဲ့သည်။ သို့ဖြစ်၍ အရိပ်ကောင်းသော သစ်ပင်သည် ခိုလှုံသူတို့အတွက်၊ အသီးကောင်းသောသစ်ပင်သည် စားသုံးသူတို့အတွက်၊ နွားမတို့သည် နို့ရည်သောက်သူတို့အတွက်၊ နေနှင့်လတို့သည် ကမ္ဘာကိုနွေးစေ အေးစေဖို့အတွက်၊ သူတော်ကောင်းသည် သူတစ်ပါးအား ကျေးဇူးပြုရန်အတွက် ကိုယ်တိုင်ကောင်းအောင်ကျင့်ပြီး လူအများအတွက် ဖြည့်ဆည်းကြရမည်ဟူသော ဩဝါဒဖြင့် မြတ်ဘုရားသည် ကိုယ်တော်တိုင်စောင့်ရှောက် ကျင့်ကြံအားထုတ်ပြီး လူများစွာတို့၏ အကျိုးအား သယ်ပိုးရန်တို့ကို အဆုံးအမဖြင့် လမ်းညွှန်ခဲ့လေ၏။

"**လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ယော်ယီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ မြတစ်ဝက်နှင့် ဖက်၍ဆေးစုံ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း၊ တောလုံးလင်းသာ**" ဟူ၍ ရောင်စုံပန်းချီကားကြီးသဖွယ် ရွက်ဟောင်းတို့ကြွေ၊ ရွက်သစ်တို့နုဝေလျက် အသစ်အသစ်တို့ဖြစ်ကာ ဘဝမျိုးအစုံစုံ ရသအဖုံဖုံတို့ဖြင့် သက်ဝင်နေသော လွမ်းမောဖွယ်ကောင်းသည့် ဥတုရာသီတွင် မြတ်ဘုရားရှင်၏ ကပ္ပိလဝတ်နေပြည်တော်သို့ ကြွရောက်၍ မိဘကျေးဇူးဆပ်မည့် တရားတော် ဟောကြားသည့်အခါသည် သာယာသော တပေါင်းလကပင် စခဲ့လေတော့၏။ ။

◆ *ကျောဖုံးမှ*

တောင်ပေါ်ကျေးရွာတွေ ဖွံ့ဖြိုးလာတော့မှာမို့ ဝမ်းသာစိတ်နဲ့ အိပ်လို့တောင်မပျော်ပါဘူး"ဟု အားရဝမ်းသာစွာ ပြောပြသည်။

ဆက်လက်ပြီး ဆိပ်ဖူးတောင်ရွာ(ဘန်ဘားကျေးရွာအုပ်စု)နှင့် ကိုးတစ်တဲစုရွာလမ်းပိုင်းမှာလည်း အရှည် ၁၀ မိုင်ခန့်ရှိရာ ယခုအခါ တောင်များ၊ လျှိုများကို ဖြတ်သန်း ဖောက်လုပ်နေရာ လေးမိုင်ခန့်ပြီးစီးနေပြီကို မြင်တွေ့ရသည်။ မြင့်မား ဝေသီနေသော တောင်တန်း၊ တောင်စွယ်များအကြား ကားလမ်း ဖောက်နေသည်မှာ လွယ်ကူသည့်အရာ မဟုတ်ပေ။ တောင်ပေါ်ကျေးလက်နေပြည်သူများဘဝ တိုးတက်မြင့်မားလာစေရန် နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။

ဆိတ်ဖူးတောင်ရွာသား ဦးကျော်လင်းက "တောင်တွေကိုဖြတ်၊ ကမ်းပါးတွေကိုဖြိုပြီး ချောင်းတွေလည်း ဖြတ်ဖောက်နေတာတွေ့ရတော့ ဒီလိုလမ်းဖောက်တဲ့ နိုင်ငံတော်ရဲ့ စေတနာကိုဘယ်တော့မှမမေ့ပါဘူး။ ကျွန်တော်တို့ ရွာတွေ မကြာခင်မှာ တိုးတက်လာတော့မှာပါ"ဟု ပြောပြသည်။ ယန္တရားကြီးများဖြင့် တစ်နေ့လျှင် ပေ ၁၅၀၀ကျော်ပြီးစီးရန် နေ့စဉ် ဖောက်လုပ်လျက်ရှိသည်။

တစ်ဖန် ကိုးတစ်ဖုန်းဆိုးရွာနှင့် တောင်မြင့်ရွာမကို ဖြတ်ဖောက်မည့် လမ်းပိုင်းအရှည်မှာလည်း ၁၀ မိုင်ခန့်ရှိရာ မြေသားလမ်းဖောက်လုပ်နေမှုများ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ အဆိုပါ လမ်းပိုင်းလေးပိုင်းမှာ စုစုပေါင်းအရှည် ၄၂ မိုင်ခန့်ရှိပြီး အကျယ် ၁၈ ပေရှိသည့် မြေသားလမ်းကို မိုးမကျမီ ပြီးစီးရန် TZTM ကုမ္ပဏီက တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

သတင်းအဖွဲ့သည် ရှမ်းတောင်တန်းပေါ်မှအန္တရာယ်များသောတောင်ပေါ်တောင်စောင်းလမ်းကျဉ်းအပိုင်းကို ဆိုင်ကယ်ဖြင့် အတက်မတ်မတ်၊ အဆင်း နက်ရှိုင်းသော လမ်းအတိုင်း ဆက်လက်ထွက်ခွာခဲ့ရာ လက်ဖက်တောင်ရွာ၊ မြသာရွာ၊ မြလင်းရွာ၊ အထက်မရန်းတောင်ရွာ၊ အောက်မရန်းတောင်ရွာနှင့် ဇီးရိုင်းရွာတို့ကို တောင်ပေါ်လမ်းအတိုင်း ဖြတ်သန်းခဲ့ရာ အရှည် ၂၃ မိုင်ရှည်သော လက်ဖက်တောင်ရွာနှင့် ဇီးရိုင်းရွာလမ်းပိုင်းသို့ ရောက်ခဲ့သည်။

ယန္တရားကြီးများဖြင့် မြင့်မားသောတောင်များကို ပတ်လမ်းပြုလုပ်ရန် ဖြိုချလမ်းဖောက်လုပ်နေမှုကို တွေ့မြင်ရသည်။ "တစ်ရက်ကို ပေ ၁၀၀၀ ကျော်နှုန်းနဲ့ နေ့စဉ်လုပ်ငန်းဆောင်ရွက်နေတယ်။ နက်ရှိုင်းတဲ့ လျှိုတွေ၊ ချောက်ကမ်းပါးတွေကြားထဲ လုပ်ရတာဆိုတော့ ဖြည်းဖြည်းပဲ လုပ်နေရတယ်" ဟု A1 ဆောက်လုပ်ရေးကုမ္ပဏီမှ အင်ဂျင်နီယာ ဦးတင်လင်းထူးက ပြောပြသည်။ မိုးမကျမီ သတ်မှတ်ထားသည့်အတိုင်း အပြီး ဖောက်လုပ်မည်ဖြစ်သည်။ တောင်ပေါ်ရွာပေါင်းများစွာတို့အတွက် အိပ်မက်လမ်းပင်ဖြစ်သည်။

ဆက်လက်ပြီး ဖယောင်းရွာ၊ ထိပ်ပြောင်ရွာ၊ စလူရွာ၊ ရစ်ပြုတ်ရွာ၊ လေးအိမ်လမ်းရွာတို့ကို ဆက်သွယ်ထားသော ၁၂ မိုင်ရှည်သည့် တောင်ပေါ်လမ်းပိုင်း ဖောက်လုပ်နေမှုလုပ်ငန်းခွင်ကို ရောက်ရှိခဲ့သည်။ တောင်ပေါ်လမ်းဘေး တောတွင်း၌ ယာယီစခန်းချကာ စေတနာဖြင့်ကူညီနေကြသော မြလင်းရွာသား ဦးမောင်ချိုနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "ဒီလိုတောင်ပေါ်မှာ လမ်းဖောက်တာ ဘယ်လွယ်လိမ့်မတုန်း၊ တစ်သက်လုံး တောင်ပေါ်မှာနေခဲ့တာပါ။ ရွာကလူတွေ နေမကောင်းရင် လူနဲ့ထမ်းပြီး မြို့ဆေးရုံသွားပို့ရတာ၊ စိုက်ပျိုးကုန်တွေလည်း ဒီလိုပါပဲ။ အလှူလုပ်ချင်လို့ ဘုန်းတော်ကြီးတွေကို ပင့်ချင်ရင်လည်း လူတွေနဲ့ထမ်းပြီး ခေါ်ရတာပဲ။ တောင်တက်တောင်ဆင်း အလွန်ခက်တယ်။ အခုတော့ တစ်သက်လုံးမျှော်လင့်ခဲ့သဖြင့် အကောင်အထည်ပေါ်လာပြီ။ ဒါကြောင့် ပျော်လွန်းလို့ ရွာသားတွေစုပြီး လာကူညီနေတာ" ဟု ကျေနပ်ဝမ်းသာဂုဏ်ယူစွာဖြင့် ပြောပြသည်။

ကုန်းလမ်းပိုင်းသည် ဇီးရိုင်းရွာအထက်မှ လမ်းဖောက်လာရာ တစ်ရက်လျှင် ပေ ၂၀၀၀ ခန့်ဖြင့် မြလင်းရွာအထိ ဖောက်လုပ်မည်ဖြစ်သည်။ တောင်ကမ်းပါးများ ဖြိုချပြီးနောက် ပြုလုပ်ရသဖြင့် ဖြည်းဖြည်းချင်း ဖောက်လုပ်နေခြင်း ဖြစ်သည်။ ကျောက်တောင်၊ အပင်ကြီးများကြောင့် ခက်ခဲစွာ ဖောက်လုပ်ရလျက်ရှိသည်။

ကုန်းလမ်းများအားလုံးသည် မိုးမကျမီမြေသားလမ်းအားလုံးပြီးစီးရန် ဖောက်လုပ်လျက်ရှိရာ လာမည့် ပွင့်လင်းရာသီ၌ ကျောက်လမ်းအဖြစ် ခင်းမည်ဖြစ်သည်။ ပျဉ်းမနား အရှေ့ဘက်ခြမ်း တောင်ပေါ်ရွာ ၁၀၀ ကျော်ကို ဆက်စပ်ဖောက်လုပ်ပေးနေသည့်လမ်းဖြစ်ရာ တောင်ပေါ် ကျေးလက်နေပြည်သူများဘဝ တိုးတက်ဖွံ့ဖြိုးမှုအရှိန်အဟုန်ဖြင့် မြင့်တင်ပေးနိုင်တော့မည် ဖြစ်သည်။

ရာသီမရွေး သွားလာနိုင်သဖြင့် တောင်ပေါ်ဒေသ ထွက်ကုန်များဖြစ်သည့် ကွမ်း၊ ဖာလာ၊ တညင်း၊ ကော်ဖီ၊ ကွမ်းသီး၊ သစ်မွှေး၊ လက်ဖက်၊ ရော်ဘာ၊ သံပရာ၊ လိမ္မော် စသည့် ထွက်ကုန်များ သယ်ယူတင်ပို့ရောင်းချရာတွင် လွယ်ကူလျင်မြန်စေမည် ဖြစ်သည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေးနှင့် တောင်ပေါ် ကျေးလက်နေပြည်သူများ၏ ဘဝလူနေမှုအဆင့်အတန်းလည်း တိုးတက်ဖွံ့ဖြိုးဝေစည်လာတော့မည်မှာ အမှန်ပင်ဖြစ်သည်။ **(မြန်မာ့အလင်း)**

သစ်ပင်စိုက်လျှော် တို့ဝန်းကျင်
စိမ်း စိုလှပ ကြည်နူးရ

MAR -15/22/25/29, APR-5/11/12
Ph : 241863, 380141, 09-43043109

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင်
Ph:209200,430460,644393

Golden Brothers Travels

ပြည်တွင်းသတင်း

သူ့အတွေး သူ့အမြင်

များများလှော်၊ နည်းနည်းအော်

မြန်မာနိုင်ငံသား မြန်မာပြည်သူတစ်ဦးဖြစ်သည့် ကျွန်တော်သည် နိုင်ငံတော်တည်ဆောက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်၊ နှမ်းတစ်စေ့ပမာ အကျိုးပြုလိုသည့် ဆန္ဒပြင်းထန် အားကြီးလှသည့်အားလျော်စွာ မိမိ၏ပတ်ဝန်းကျင် လူ့အသိုင်းအဝိုင်း၊ မိမိတို့ ပြည်သူလူထုနှင့် မိမိနိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်လိုသည့်ဆန္ဒဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကာလအတန်ကြာ ဝေးကွာနေခဲ့သည့် ကလောင်ကို ပြန်လည်အသက်ဝင်စေခဲ့မိပြန်ပြီဖြစ်သည်။

လွန်ခဲ့သည့် တစ်လလောက်က Online Media တွင် သူငယ်ချင်းတစ်ယောက် တင်ပြထားသည့် ကာတွန်းလေးတစ်ကွက်ကို တွေ့ရသည်။ လှေပြိုင်ပွဲ သရုပ်ဖော်ပုံဖြစ်သည်။ ပြိုင်ပွဲဝင်လှေများပေါ်ရှိ အားကစားသမား (လှေသား)များမှာ တစ်ဦးက လက်ကိုင်အသံချဲ့စက်ငယ်ဖြင့် တိုင်မင် (Timing) အော်ပေးနေပြီး ကျန် ၁၀ ဦးက လှော်တက်များကို စည်းချက်ညီစွာဖြင့် အားကုန်လှော်ခတ်နေကြသည်။ သို့သော် ပြိုင်ပွဲဝင်လှေတစ်စီးပေါ်တွင်မူ အားကစားသမား (လှေသား) ၁၀ ဦးက အသံချဲ့စက်ငယ် ကိုယ်စီကိုင်၍အော်နေပြီး ကျန်အားကစားသမား (လှေသား)တစ်ဦးတည်းသာ လှေကို ကျုံးလှော်နေသည့်ပုံကို ရေးဆွဲထားသည်။

ပထမဦးစွာ ကာတွန်းဆရာကို ချီးကျူးမိသည်။

ထို့နောက် ကျွန်တော် ဆက်လက်တွေးမိသည်။

၂၀၁၁ ခုနှစ် နှစ်ဦးပိုင်းမှစတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဒီမိုကရေစီအစိုးရသစ်က စတင်တာဝန်ယူ၍ ဒီမိုကရေစီစနစ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံသူ၊ နိုင်ငံသားများ ကြီးပွားချမ်းသာအောင် အားကြိုးမာန်တက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု အရှိန်အဟုန်က အလွန်လျင်မြန်လွန်းသဖြင့်ပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ကြသူများအားလုံးက မခိုမကတ်ဘဲ ဟန်ချက်ညီညီ အားကုန်ကြိုးပမ်းဆောင်ရွက်နိုင်ပါမှ တန်ကာကျမည်။ မျှော်မှန်းသည့် ပန်းတိုင်ကို အောင်အောင်မြင်မြင် ရောက်ရှိပါမည်။

ဤတွင် အကြမ်းအားဖြင့် လူအမျိုးအစား လေးမျိုးကို သတိထားမိသည်။ နိုင်ငံနှင့် ပြည်သူအတွက် ထက်သန်သော စိတ်ဆန္ဒစေတနာဖြင့် ကဏ္ဍအသီးသီး၌ ပါဝင်ဆောင်ရွက်နေကြသည့်သူများ၊ ကိုယ်နှင့်မဆိုင်သလို ဘာသိဘာသာနေကြသည့်သူများ၊ နိုင်ငံ၏ အရေးကိစ္စများတွင် ပါဝင်ရကောင်းမှန်းကို မသိသည့်သူများနှင့် အသိဉာဏ်ပညာ၊ ဝေဖန်ပိုင်းခြားနိုင်စွမ်း အားနည်းမှုကြောင့် နိုင်ငံနှင့် ပြည်သူ၏အကျိုးစီးပွားကို ဖျက်လိုဖျက်ဆီးပြုလုပ်လိုကြသည့် သူများပင်ဖြစ်သည်။

ဒီမိုကရေစီစနစ်ကို ကူးပြောင်းပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ပါဝင်နေကြသူများမှာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးပင်ဖြစ်သည်။ နိုင်ငံတော် အစိုးရ၊ မဏ္ဍိုင်များ၊ အသိပညာရှင်များ၊ အတတ်ပညာရှင်များ၊ လူထုလူတန်းစား အလွှာအသီးသီးဖြစ်သည်။ မည်သူတစ်ဦးတစ်ယောက်မျှ ကျန်နေရစ်၍မဖြစ်၊ ခိုကတ်နေ၍မဖြစ်။ ဤအချိန်ကာလသည် ကျွန်တော်တို့နိုင်ငံတွင် ဘေးထိုင်၊ ဘိုင်ကျ၊ ဘုပြောသူဦးရေ များပြားရမည့် အချိန်ကာလမဟုတ်။ ကျွန်တော်တို့အားလုံးတွင် တစ်ဦးချင်းလုပ်ကြရမည့် တာဝန်၊ လိုက်နာကြရမည့် စည်းကမ်းဥပဒေများ အသီးသီးရှိကြသည်။

ကျွန်တော်တို့ တစ်ဦးချင်းစီ၏ ကောင်းမွန်သောလုပ်ရပ်များမှသည် ကောင်းမွန်သော ပတ်ဝန်းကျင်၊ ကောင်းမွန်သော လူ့အသိုက်အဝန်း၊ နေပျော်သောအရပ်ဒေသ၊ ရည်မှန်းထားသည့် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံသို့ ရောက်ရှိစေမည်ဖြစ်သည်။

အရပ်ထဲမှာ ပြောနေကျ၊ စကားတစ်ခွန်းရှိသည်။ "နှမ်းတစ်စေ့နဲ့တော့ ဆီမဖြစ်ပါဘူးကွာ"ဆိုသည့် စကားဖြစ်သည်။ ယင်းစကားသည် ဆီမလိုချင်သူများ ပြောသည့်စကားဟု ကျွန်တော်ဆိုချင်သည်။ အဘယ့်ကြောင့်ဆိုသော် နှမ်းဆီ ဆိုတာ နှမ်းစေ့တစ်စေ့ချင်း စုပေါင်းရာက ဖြစ်တည်လာရတာဖြစ်သည်။ နှမ်းစေ့မရှိဘဲ နှမ်းဆီမဖြစ်နိုင်ပါ။ ဒါကြောင့် ကျွန်တော်တို့တစ်ဦးချင်းစီ၏ ကောင်းမွန်သော ဆောင်ရွက်ချက်များကို စုပေါင်းလိုက်ပါက ကောင်းမွန်သော ရလဒ်ကို မလွဲမသွေ ရရှိမည်မှာ ဧကန်ပင်။

ကျွန်တော် အထက်မှာတင်ပြခဲ့သည့် Online Media ပေါ်မှ ကာတွန်းကို ဥပမာပြု၍ ဤစာစုကို နိဂုံးချုပ်ပါမည်။ ထိုကာတွန်းက ကျွန်တော်တို့ မြန်မာပြည်သူ၊ ပြည်သားများကို သတိပေးနေသည်ဟု ကျွန်တော် ဆိုချင်ပါသည်။ ကျွန်တော်တို့ဆီမှာ "လှော်တဲ့သူက နည်းပြီး၊ အော်တဲ့သူက များနေသည်"ဟု သဘောပေါက်ပါသည်။ ဤသို့ဆိုလျှင် လှော်သည့်သူ လူနည်းစုက ခြေကုန်လက်ပန်းကျ မေ့မြောသေဆုံးရုံသာရှိပြီး သူတစ်ပါး၏ နောက်တွင်ကျန်ရစ်ကာ ရည်မှန်းသည့်ခရီးပန်းတိုင်သို့ ရောက်မည်မဟုတ်ပေ။ လှော်ရမည့်သူ (လိုက်နာ၊ အကောင်အထည်ဖော် ဆောင်ရွက်မည့်သူ) များများက တက်ညီလက်ညီ အားကုန်ကြိုးပမ်းလှော်ခတ်ကြမှသာ ပန်းတိုင်သို့ အချိန်တိုအတွင်း လျင်လျင်မြန်မြန်ရောက်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့ "များများလှော်၊ နည်းနည်းအော်" ကြပါစို့။

ဇော်မျိုးဇော်

ထွန်စက် ကိုင်တွယ်မောင်းနှင်၊ ပြုပြင်သင်တန်းဖွင့်

အင်္ဂပူ မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီး-ဝါးနက်တောတွင် မတ် ၁၈ ရက် နံနက် ၉ နာရီက စက်မှုလယ်ယာ စနစ်ကျလယ်မြေ ဧက ၁၀၀ စိုက်ကွင်းတွင် ထွန်စက်ကြီး လက်တွန်းထွန်စက် ကိုင်တွယ်မောင်းနှင်ပြုပြင်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ စက်မှုလယ်ယာ ခရိုင်ဦးစီးမှူး၊ အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသား ၇၅ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မြို့နယ် (ပြန်/ဆက်)

ရေတုံကင်များတူးဖော်လှူဒါန်း

ရေဦး မတ် ၂၄

မုံရွာ-ရေဦး ကားလမ်းဘေးရှိ ရေဦးမြို့နယ်အတွင်း လယ်ကွက်များဘေးတွင် ကောက်စိုက်သမများ က ကောက်စိုက်ခများ စုပေါင်း၍ ရေတုံကင်များတူးဖော် လှူဒါန်းထားခြင်းကြောင့် ခရီးသွားလာသူများအတွက် သောက်သုံးရေ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ ရေတုံကင်များကို ကောက်စိုက်သမများက တလင်းကြီးမိုးစပါးပြီးပါက ၄င်းတို့၏ လုပ်အားခများဖြင့် လယ်ကွင်းဘေးတွင် ပိုက်ရိုက်တုံကင်များ စုပေါင်းတူးဖော်လှူဒါန်းပြီး လှူဒါန်းလိုသူများလည်း ပါဝင်လှူဒါန်းခဲ့ကြကြောင်း၊ ယခင် မသန့်ရှင်းသောရေကို သောက်သုံးခဲ့စဉ်က ကျန်းမာရေးပြဿနာများ ရှိခဲ့သဖြင့် ယခုကဲ့သို့ ရေကောင်းရေသန့် ရရှိစေရန် တူးဖော်ရကြောင်း၊ ရေဦး- မုံရွာ ကားလမ်းဘေးတွင်သာမက အခြားသော လယ်ကွက်များဘေးတွင်လည်း တူး ဖော်ထားကြောင်း ရေဦးမြို့နယ် မုတ်စီရွာမှ ကောက်စိုက်အဖွဲ့က ပြောကြားသည်။

အံ့ကြီးမောင်

မီး ဘေးရှောင်
မလောင်ခင်တား

ပြည်သူများအား သွားနှင့်ခံတွင်းစောင့်ရှောက်မှုပေး

မင်းလှ မတ် ၂၄

မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)၏ ပြည်သူ့သွားနှင့်ခံတွင်း စောင့်ရှောက်မှုကွင်းဆင်းအဖွဲ့ (Dental Public Health Section) သည် မတ် ၁၆ ရက်တွင် စစ်ကွင်းမြို့အနောက် ကံသာယာကျောင်းကြီးတွင် ပြည်သူစုစုပေါင်း ၁၅၄ ဦးကို သွားနှင့်ခံတွင်းစစ်ဆေးပေးပြီး သွားနုတ်ကုသခြင်း၊ သွားပိုးစားရောဂါကုသခြင်းနှင့် သွားနှင့်ခံတွင်း သန့်ရှင်းခြင်းကို လည်းကောင်း၊ မတ် ၁၇ ရက်တွင် ကံသာယာကျောင်းကြီးဓမ္မာရုံ၌ အနီးအနားကျေးရွာများမှ ပြည်သူစုစုပေါင်း ၉၈ ဦးအား သွားနှင့်ခံတွင်း စစ်ဆေးပြီး သွားနုတ်ကုသခြင်း၊ သွားပိုးစားရောဂါ ကုသခြင်းနှင့် သွားနှင့်ခံတွင်း သန့်ရှင်းခြင်းကိုလည်းကောင်း ဆောင်ရွက်ပေးခဲ့သည်။

ကူညီဆောင်ရွက်

အဆိုပါလုပ်ငန်းများကို မင်းလှမြို့နယ် ကံသာယာဒေသ အုပ်ချုပ်ရေးမှူး၊ စစ်ကွင်းတိုက်နယ်ဆေးရုံမှ တာဝန်ခံ ဆရာဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်း(ဗဟို)အဖွဲ့မှ ခေါင်းဆောင် ဒေါက်တာဦးအောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး သွားနှင့်ခံတွင်းဆရာဝန်အသင်း ဥက္ကဋ္ဌ ဒေါက်တာဦးကျော်စိန်ဝင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်မြို့၊ ဥယျာဉ်တိုက် ရွှေကျင်ကျောင်းနှင့် မင်းလှမြို့နယ် ကံသာယာကျောင်းကြီးတို့၏ ပဓာန နာယကဆရာတော်ကြီးဖြစ်တော်မူသော ဦးကောသလ္လ (သာသနဓဇ ဓမ္မာစရိယ)နှင့် အလှူရှင်များ၊ ကံသာယာကျောင်းကော်မတီမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ (SMILE Dentistry Company) မှ အလှူရှင် ဒေါ်သန်းသန်းဆွေတို့က သဒ္ဓါတရား ထက်သန်စွာဖြင့် လိုအပ်သမျှကို ပံ့ပိုး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရှိရသည်။

သန်းသန်းဆွေ (ကံသာ)

လှိုင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့

လှိုင် မတ် ၂၄

(၆၈) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ လှိုင်မြို့နယ် စည်းရုံးရေးကော်မတီက မြို့နယ်အတွင်းရှိ မော်ကွန်းဝင်ကြီးများ အသက် ၈၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဂုဏ်ပြုထိုက်သူများနှင့် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအား ထောက်ပံ့ချီးမြှင့်ငွေကျပ် စုစုပေါင်း ၂၅၅၀၀၀၀ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၄ ရက် နံနက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်မှူးတင်မြင့်(ငြိမ်း) က အမှာစကားပြောကြားပြီး အဖွဲ့ဝင်တစ်ဦးလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် အဖွဲ့ဝင် ၃၅၁ ဦးအတွက် ငွေကျပ် ၂၁၀၆၀၀၀ ကို စည်းရုံးရေးမှူးနှင့် ဒုတိယအရာခံဗိုလ် သိန်းလွင်(ငြိမ်း)**(အောက်ဝဲပုံ)**အားလည်းကောင်း၊ မြို့နယ် စည်းရုံးရေးကော်မတီဝင် ဗိုလ်ကြီးဌေးလှိုင်ဦး(ငြိမ်း)က မော်ကွန်းဝင်များအား လည်းကောင်း၊ မြို့နယ်စည်းရုံးရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးမောင်မောင်(ငြိမ်း)က အသက် ၈၅ နှစ်နှင့်အထက် စစ်မှုထမ်းဟောင်းများနှင့် ဂုဏ်ပြုထိုက်သူများအားလည်းကောင်း ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။ **(ဝ၄၂)**

ပြောင်းလဲနေသည့် ဈေးနှုန်းများနှင့် ကုန်စည်ဒိုင်သတင်းများ အလွယ်တကူသိရှိနိုင်မည်

မြန်မာနိုင်ငံအတွင်းရှိ လက်ကားကုန်စည်ဒိုင်(၁၃)ခုမှ ဈေးကွက်သတင်းများ၊ နိုင်ငံတကာမှ ဆန်၊ ရော်ဘာ၊ စားအုန်းဆီတို့၏ နေ့စဉ် ဈေးကွက်အခြေအနေများ၊ နေ့စဉ် အချိန်နှင့်အမျှပြောင်းလဲနေသည့် နိုင်ငံခြားငွေလဲနှုန်း၊ မြန်မာ့ရွှေ၊ ကမ္ဘာ့ရွှေဈေး၊ ပဲ၊ နှမ်း၊ ဆန်စပါး၊ စားသုံးဆီအစရှိသည့် ကုန်စည်ဈေးနှုန်းများ ကမ္ဘာ့ရေနံစိမ်းနှင့် ပြည်တွင်း လောင်စာဆီဈေးနှုန်းများတို့ကို e Trade Myanmar ကုမ္ပဏီ၏ e Tm Mobile Bizapps တွင် အလွယ်တကူ သိရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

e Tm Mobile Bizapps ကို ယခင်က Android OS တစ်မျိုးတည်းဖြင့်သာ ဖတ်ရှုသုံးစွဲနိုင်ရာမှ ယခုအခါ ios ဖြင့် ဖတ်ရှုနိုင်ရန် ထပ်မံထုတ်လုပ်ထားကြောင်းနှင့် Download ဆွဲယူသုံးစွဲနိုင်ရန် ထုတ်လုပ်ပေးခဲ့ရာ လက်ရှိအချိန်အထိ သုံးစွဲသူ သောင်းနှင့်ချီရှိကြောင်း သိရှိရသည်။

ဈေးကွက်သတင်းနှင့် ဈေးနှုန်းအချက်အလက်များအပြင် သတင်းကဏ္ဍတွင် ပြည်တွင်း၊ ပြည်ပမှ ထူးခြားသော စီးပွားရေးသတင်းများကို ဦးဦးဖျားဖျားတင်ဆက်ထားပြီး ကုန်သွယ်မှုပြပွဲနှင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကိုလည်း ဖော်ပြထားသည်။ သတင်းကဏ္ဍတွင် အိုင်တီနည်းပညာနှင့် ကျန်းမာရေးဆိုင်ရာသတင်းများကို ဗဟုသုတနှင့် ဖျော်ဖြေရေးသတင်းများအဖြစ် နေ့စဉ်ရေးသားဖော်ပြလျက်ရှိသည်။

ပြည်တွင်းကုန်သည် လုပ်ငန်းရှင်များသာမက ပြည်ပမှ စီးပွားရေးလုပ်ငန်းရှင်များအတွက်ပါ ဖတ်ရှုရအဆင်ပြေစေရန် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ဖော်ပြထားသည်။

ios နှင့် Android OS အတွက် http apps://etmsms/ com တွင် အခမဲ့ Download ရယူနိုင်ပြီး တပ်မတော်ခန်းမတွင် မတ် ၂၂ ရက်မှ ၂၄ ရက်အထိ ကျင်းပသည့် ရန်ကုန်အိုင်စီတီပြပွဲ ၂၀၁၃ တွင် e Trade Myanmar ကုမ္ပဏီလီမိတက်ပြခန်း၌ အခမဲ့ ထည့်သွင်းပေးကြောင်း သတင်း ရရှိသည်။

အောင်သူရ

ကားဘီရိတ်ပေါက်ပြီး ရှေ့မှယာဉ်ကိုဝင်တိုက်

ကော့ကရိတ် မတ် ၂၄

ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မတ် ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၌ ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရ၍ ခရီးသည် ငါးဦးရောက်ရှိနေ၍ ယာဉ်စည်းကမ်းတာဝန်ခံ ဒုရဲအုပ်စိုင်းကောင်းမြတ်စိုး သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့က မြဝတီမှ ကော့ကရိတ်သို့ ယာဉ်မောင်း ဦးသန်းဌေး ၃၈ နှစ် သရက်တောကျေးရွာ သထုံမြို့နေသူသည် ဟိုင်းလတ်အဖြူရောင် လ/. . . ဖြင့် ခရီးသည် ၂၀ ခန့်ကို တင်ဆောင်မောင်းနှင်လာရာ အောက်ဘိုတဲအနီး မိုင်တိုင်အမှတ် ၇၂/၄နှင့်၇၂/၅ အကြား(mu-220406) အရောက် ၌ ကားဘီရိတ်ပေါက်၍ ရှေ့မှ မောင်းနှင်နေသည့် မှန်လုံယာဉ် ၃ခ/. . . ကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်မောင်းဦးသန်းဌေး၊ ဒေါ်သန်းမြင့် (၅၈ နှစ်)၊ အောက်စိုင်(ခ) တောင်းစွန်း သထုံမြို့၊ ဦးချစ်ဦး (၃၀ နှစ်)၊ သပြုချောင်းကျေးရွာ ပေါင်မြို့၊ ဦးမင်းမင်း (၂၇ နှစ်) အဖျောက်မြို့၊ တိုက်ကြီးမြို့နယ် ရန်ကုန်တိုင်းဒေသကြီး၊ ဒေါ်အေးညွန့် (၄၅ နှစ်)၊ စိတ္တသုခလမ်း ပန်းကုံးကျေးရွာ ပေါင်မြို့နေသူတို့သည် ဒဏ်ရာများ အသီးသီးရရှိ၍ ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူလျက်ရှိသည်။

အမှုဖွင့်

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း ဦးသန်းဌေးကို ကော့ကရိတ်မြို့ မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(၁၀၉)

မိတ္ထီလာမြို့ အတွင်း ဆူပူလုပ်ရှားမှုများအတွက် အရေးပေါ်ကာလသတ်မှတ်၍ လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း ဆူပူလုပ်ရှားမှုများအတွက် အရေးပေါ်ကာလ သတ်မှတ်၍ လုပ်ငန်းများအောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားသည့်ကော်မတီများ ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို မတ် ၂၃ ရက် ည ၈ နာရီတွင် မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဗဟိုကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဗဟိုကွပ်ကဲမှုအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးတို့က သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုံခြုံရေးကော်မတီ၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၊ တရားဥပဒေစိုးမိုးရေးကော်မတီ၊ ပညာရေးကော်မတီ၊ ကျန်းမာရေးကော်မတီ၊ သာသနာရေးဆိုင်ရာကော်မတီနှင့် ပြန်ကြားရေးကော်မတီတို့မှ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး ဒေသ၏လုံခြုံရေးအခြေအနေများ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိနေပြီဖြစ်၍ ကယ်ဆယ်ရေးဝန်ထမ်းများအား အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ ဂျပန်သို့ထွက်ခွာ

နေပြည်တော် မတ် ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ မတ် ၂၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အသုံးပြုနိုင်ရေး စာတမ်းဖတ်ပွဲနှင့် လေ့လာရေးအစီအစဉ် (Symposium on Information, Communication and Technology (ICT) for Disaster Management) သို့ တက်ရောက်ရန် ယနေ့ နံနက် ၅ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၌လုံခြုံရေးအခြေအနေ တည်ငြိမ်မှုရှိလာ၊ ပြည်သူများပုံမှန်အတိုင်းသွားလာရောင်းဝယ် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများနှင့်စည်ပင်သာယာဝန်ထမ်းများ ပူးပေါင်း၍ မီးလောင်ပျက်စီးနေအိမ်များနှင့် လမ်းများအား ရှင်းလင်း၊ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ မတ် ၂၀ ရက်မှ စတင်ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုများသည် မတ် ၂၂ ရက် ညနေပိုင်းတွင် အရေးပေါ်အခြေအနေ ကြေညာခဲ့ပြီး တာဝန်ရှိသူများ၏ လုံခြုံရေးအပြည့်အဝ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် မိတ္ထီလာမြို့ပေါ်တွင် ယခုအခါ အခြေအနေများ တည်ငြိမ်အေးချမ်းလျက်ရှိပြီး ဒေသခံပြည်သူများ ပုံမှန်အတိုင်း အသွားအလာမပျက် ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။

ထို့ပြင် လုံခြုံရေးအခြေအနေများ တည်ငြိမ်မှုရှိလာသည့် အလျောက် လုံခြုံရေးတာဝန်ကျ ဝန်ထမ်းများနှင့် နယ်မြေခံတပ်ရင်း (၁၀)ရင်းမှ တပ်မတော်သားများသည် မီးလောင်ပျက်စီးခဲ့သည့် နေအိမ်များနှင့် လမ်းများရှိ အပျက်အစီးများအား ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများကို မိတ္ထီလာမြို့ စည်ပင်သာယာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

စီစဉ်ဆောင်ရွက်

ယခုအခါ မိတ္ထီလာမြို့ပေါ်၌ ယာယီကယ်ဆယ်ရေးစခန်း ငါးခု ဖွင့်လှစ်၍ ဒုက္ခသည်စုစုပေါင်း ၉၆၄၄ ဦးတို့ကို လက်ခံထားရှိပြီး တာဝန်ရှိသူများက ဒုက္ခသည်များ၏ နေထိုင်စားသောက်မှု အဆင်ပြေရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကယ်ဆယ်ရေး စခန်းများ၌ ယာယီ ခိုလှုံလျက်ရှိကြသော ဒုက္ခသည်များအတွက် ယမန်နေ့နှင့် ယနေ့တို့တွင် အောင်မြင်သူ ကုမ္ပဏီများအုပ်စု၊ ဒေင်ကုမ္ပဏီ၊ မန္တလေး သံဃာများနှင့် (၈၈)အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ Sky Net ရုပ်မြင်သံကြား၊ ရမည်းသင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စေတနာရှင်ပြည်သူများက ဆန်၊ ဆီ၊ ဆား၊ မုန့်မျိုးစုံ၊ ခေါက်ဆွဲခြောက်ထုပ်၊ သောက်ရေသန့်နှင့် ဆေးဝါးပစ္စည်းများ၊ အလှူငွေများကို လာရောက်လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များ၏ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

မိတ္ထီလာမြို့၌ အခြေအနေများတည်ငြိမ်အေးချမ်းလာမှုကြောင့် ပြည်သူများ သွားလာလှုပ်ရှားနေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှင်းလင်းဆောင်ရွက်

နယ်မြေခံတပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများက ပျက်စီးနေသော အိမ်နှင့် လမ်းများအား ရှင်းလင်း ဆောင်ရွက်ပေးနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ ဆူပူအကြမ်းဖက်မှုကြောင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မတ် ၂၄

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ မတ် ၂၃ ရက် ည ၈ နာရီခွဲခန့်က လူစုလူဝေးဖြင့် အကြမ်းဖက်မီးရှို့မှုကြောင့် ဘာသာရေးအဆောက်အအုံ တစ်လုံးနှင့် လူနေအိမ် ၅၅ လုံးတို့ မီးလောင်ပျက်စီးခဲ့ကြောင်း၊ မီးလောင်မှုမှာ ည ၁၀ နာရီခန့်တွင် မီးညွန့်ကျိုးသွားပြီး လူစုလည်းကွဲသွားကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားရာသို့ ရမည်းသင်းမီးသတ်ဦးစီးဌာန၊ ပျော်ဘွယ်မီးသတ်ဦးစီးဌာနတို့မှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ ဦးစီးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများ ထပ်မံ မဖြစ်ပေါ်စေရေးအတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့၊ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာ၊ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူအချို့အား ဖော်ထုတ်ဖမ်းဆီး အရေးယူထား

နေပြည်တော် မတ် ၂၄

မိတ္ထီလာမြို့၊ လယ်ဝေးမြို့နယ် ရုံးပင်ကျေးရွာ၊ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက် မီးရှို့ဖျက်ဆီးမှုများတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူအချို့အား မြန်မာနိုင်ငံရဲတပ်ဖွဲ့က ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ဖမ်းဆီးရမိ

မိတ္ထီလာမြို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ သန်းဝင်း ၁၈ နှစ်၊ သန်းထွန်းအောင် ၃၀ နှစ်၊ သန်းထိုက်စိုး ၃၈ နှစ်၊ ကျော်စွာလှိုင် ၃၂ နှစ်၊ အောင်မျိုး ၂၅ နှစ်၊ ညီညီကျော် ၂၇ နှစ်၊ မောင်ညို ၅၀ နှစ်၊ အောင်နိုင်ဝင်း ၁၈ နှစ်၊ စိုးသူအောင် ၁၈ နှစ်၊ တင်အောင် ၃၂ နှစ်၊ ဝင်းဇော် ၃၆ နှစ်၊ လှထွန်းမြင့် ၂၉နှစ်၊ စံလင်း ၂၀နှစ်တို့ ၁၃ ဦးအား မိတ္ထီလာမြို့နယ် မြို့မရဲစခန်း၌ မတ် ၂၂ ရက် မွန်းလွဲပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ တုတ်၊ ဓားလက်နက်ကိုင်ဆောင် သွားလာခဲ့သူ အခြား ၅၂ ဦးအား ခံဝန်ချက်ဖြင့် ပြန်လွှတ်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ လယ်ဝေးမြို့နယ် ရုံးပင်ရွာ၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ ဝင်းလှိုင် ၄၉ နှစ်၊ အောင်ဆန်းဦး ၄၈ နှစ်၊ လှိုင်ဝင်း ၄၆ နှစ်၊ ကျော်စိုး ၃၅ နှစ်၊ တင်ယုလှိုင် ၃၅ နှစ်တို့ ငါးဦးအား မတ် ၂၃ ရက် နံနက်ပိုင်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။ အဆိုပါဖြစ်စဉ်တွင်ပါဝင်ပတ်သက်ခဲ့သည်ဟု သတင်းရရှိသည့် အောင်နိုင်ဆွေ၊ အေးလွင်၊ စိုးလွင်၊ အောင်လှိုင်၊ ကိုရဲ၊ မောင်ထွေး၊ ကိုပြုံး၊ နိုင်စိုးအောင်၊ အောင်နိုင်နှင့် သန်းထွန်းတို့ ၁၀ ဦးအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာနှင့် ရွှေဒါးသာစည်ကျေးရွာတို့၌ ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မီးရှို့ဖျက်ဆီးမှုတွင် ပါဝင်ခဲ့သည်ဟု ယူဆရသူ နိုင်ထွန်း ၂၂ နှစ်၊ အောင်မျိုးလွင် ၂၂ နှစ်၊ မိုင်းကြီး ၂၂ နှစ်၊ ဖိုးဇော် ၃၅ နှစ်၊ ဝင်းမိုး ၂၅ နှစ်၊ အောင်နန်းတင် ၂၃ နှစ်၊ မိုးကောင်း ၂၃ နှစ်၊ မြင့်သိန်း ၄၀နှစ်၊ နိုင်လင်း ၁၈ နှစ်၊ မျိုးမြင့်အောင် ၂၉ နှစ်၊ ဘိုရှိုင်း ၁၅ နှစ်၊ လှဦး ၄၀ နှစ်၊ တင်အောင် ၄၅ နှစ်၊ မျိုးဇော်ထွန်း ၂၁ နှစ်၊ ဇေယျာမောင်မောင် ၁၈ နှစ်၊ သန်းဇော် ၃၉ နှစ်၊ နန်းမျိုးအောင် ၁၈ နှစ်တို့ ၁၇ ဦးအား မတ် ၂၄ ရက် နံနက် ၂ နာရီခွဲတွင် ရမည်းသင်းရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်းထားကြောင်း သိရသည်။

တရားဥပဒေ စိုးမိုးရေးအတွက် အဆိုပါ ထိန်းသိမ်းထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

ဆက်ကပ်လှူဒါန်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ ရှေ့ဖုံးမှ

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာ
သဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ နိုင်
ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်မျာ
မေတ္တာသုတ်ပရိတ်တရားတော်ကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်
ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတများနှင့် ၎င်းတို့၏ဇနီးများ၊ တက်ရောက်လာကြသူမျာ
များ၊ သီလရှင်ဆရာကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်
ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက အနုမောဒ
အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဆရာတော်ကြီး
လှူဒါန်းကြသည်။

ဒုတိယသမ္မတ ဦးညွန့်ဆွေနှင့် ဇနီး ဒေါ်ခင်အေးမြင့်တို့ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ
ဇနီးဒေါ်နန်းရွှေမှုံတို့ ဆရ
လှူဖွယ်ပစ္စည်းများ ဆက်

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် မတ် ၂၄

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်မှာ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ဘင်္ဂလား ပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ပြည်ထောင်စုရှေ့နေချုပ်နှင့်တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ခရိုင်ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

နေပြည်တော် မတ် ၂၄

ယခုဆွေးနွေးပွဲတွင် ခေတ်သစ်စနစ်သစ် ထူထောင်ရန်အတွက် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးက တာဝန်ယူ ဆောင်ရွက်နေရသော လုပ်ငန်းတာဝန်များကို တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်အသီးသီးမှ ဥပဒေအရာရှိများ မိမိတို့ဒေသအလိုက် ထူးခြားစွာ တွေ့ကြုံဖြေရှင်းရသည့် နိုင်ငံရေးနှင့်ယှဉ်သော ဥပဒေရေးရာကိစ္စရပ်များ၊ မှုခင်းဆိုင်ရာကိစ္စရပ်များ၊ တွေ့ကြုံရသောအခက်အခဲများ၊ ယင်းတွေ့ကြုံရသည့် အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ခဲ့သောနည်းလမ်းများနှင့် အတွေ့အကြုံများကို ပွင့်လင်းမြင်သာဆွေးနွေးခြင်းဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတွင်သာမက အစည်းအဝေးသို့ တက်ရောက်လာကြသော ဥပဒေအရာရှိများလည်း သိရှိသွားမည်ဖြစ်ပါကြောင်း၊ ဤအစည်းအဝေးမှ ရရှိသောအတွေ့အကြုံနှင့် ဗဟုသုတများကိုအသုံးချပြီး မိမိတို့ဒေသတွင် အလားတူ ပေါ်ပေါက်လာနိုင်မည့် ပြဿနာများကို အောင်မြင်စွာ ရင်ဆိုင်ကျော်လွှား ဖြေရှင်းနိုင်မည်ဖြစ်ပြီး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားထက်မြက်သည့် ဂုဏ်သိက္ခာရှိသော ဥပဒေအရာရှိများအဖြစ် ဌာနဆိုင်ရာအားလုံး၏ အလယ်တွင် ရပ်တည်နိုင်မည် ဖြစ်ပါကြောင်း၊ အထူးသဖြင့် ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏သစ္စာကို စောင့်သိသောအားဖြင့် နိုင်ငံတော်၏တာဝန်

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေ အရာရှိများ၊ ခရိုင်ဥပဒေ အရာရှိများ၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

ကို ထမ်းဆောင်ရာတွင် ခေတ်စနစ်ပြောင်းလဲသွားသည်ကို သတိပြုရန်လိုအပ်သကဲ့သို့ မိမိတို့၏ Mind Set ကိုလည်း ပြောင်းလဲရန် လိုအပ် ကြောင်းဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးရှိ မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများ၊ ခရိုင်ဥပဒေအရာရှိများ၏ ဒုတိယအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ဦးဆေ
ပြင်သစ်နိုင်ငံ ပဲရစ်မြို့နှင့် ပိုးရ်မြို့မ

နေပြည်တော် မတ် ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ပြင်သစ်နိုင်ငံ Total E&P ရုံးချုပ်၏ ဖိတ်ကြားချက်အရ ပဲရစ်မြို့ Total E&P ရုံးချုပ်မှ နိုင်ငံတကာတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ပြင်သစ်နိုင်ငံ ပိုးရ်မြို့ရှိ Total E&P ၏ သိပ္ပံနှင့် နည်းပညာဗဟိုဌာန၌ Total E&P ၏ နိုင်ငံတကာရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့စီမံကိန်းများနှင့်စပ်လျဉ်း၍ သုတေသနနှင့်ဖွံ့ဖြိုးရေး ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဓာတ်ခွဲခန်းနှင့် အထောက်အကူပြု ခေတ်မီပစ္စည်းကိရိယာများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်သော နိုင်ငံများ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်ပါ အချက်အလက်များနှင့် စီးပွားရေးဆိုင်ရာ အချက်အလက်များ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ကွက်များ သတ်မှတ်ခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရာတွင် ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နေခြင်းများနှင့် ရေနံဈေးကွက် အခြေအနေများကို မတ် ၁၈ ရက်မှ ၂၃ ရက်အထိ သွားရောက်လေ့လာခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၉ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရှိ Total E&P ရုံးချုပ်သို့ သွားရောက်၍ Total E&P ၏ President (Upstream) Mr. Yves-Louis Darricarrere နှင့် တွေ့ဆုံကာ Total E&P (Myanmar) မှ မြန်မာနိုင်ငံ ရတနာစီမံကိန်းတွင် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍတွင် Total E&P မှ ပိုမို၍ ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များ၊ ရေနံလုပ်ငန်းများကို ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ရန်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့အား Total E&P ၏ Senior Vice President Asia Pacific Mr. Jean-Maric Guillermou နှင့် တာဝန်ရှိသူများက Asia Pacific ဒေသတွင် Total E&P မှ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ Total E&P ၏ နိုင်ငံတကာတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုပုံစံနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၀ရက်တွင် ပြင်သစ်နိုင်ငံ ပိုးရ်မြို့ရှိ Total E&P ၏ သိပ္ပံနှင့်

ပြည်တွင်းသတင်း

ဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ
မာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတ အမှူးပြုသော
တော်၊ သံဃာတော်များ ရွှတ်ပွားချီးမြှင့်တော်မူသည့်

နာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ထံ လှူဖွယ်

တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်
ကပ်လှူဒါန်းကြသည်။
ာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက
သတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု

များသည် ဆရာတော်ကြီးများအား နေ့ဆွမ်း ဆက်ကပ်
(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်
နီးဒေါ်နန်းရွှေမှုံတို့ ဆရာတော် သံဃာတော်များအား
လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် ဘာသာရေးအဖွဲ့ အစည်းများမှ ပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၂၄

မိတ္ထီလာမြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ယနေ့နံနက် ၁၁ နာရီခွဲတွင် မိတ္ထီလာမြို့ တော်ဝင်နန်း စားသောက်ဆိုင်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ (အောက်ပုံ)

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးအောင်မင်းနှင့် ဦးခင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ ဒေါက်တာမောင်မောင်ငြေး၊ ဦးအေးကြူနှင့် ဦးဘုန်းဆွေ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် ဆရာတော်ဝီရသူတို့ အမှူးပြုသော ဆရာတော်များ၊ ခရစ်ယာန်ဘာသာနှင့် အစ္စလာမ်ဘာသာရေးအဖွဲ့အစည်းတို့မှ ပုဂ္ဂိုလ်များ၊ မြို့မိမြို့ဖများနှင့် ဒုက္ခသည်စခန်းအလိုက် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲမစတင်မီ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှင်းလင်းပြောကြားရာတွင် သတင်းမီဒီယာများ၌ မိတ္ထီလာမြို့သည် တစပြင်ကဲ့သို့ ဖြစ်နေပြီဟု ရေးသားဖော်ပြခဲ့ကြကြောင်း၊ အစိုးရအနေဖြင့် ယခုအခါ အခြေအနေကို ထိန်းသိမ်းနိုင်ပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ် မစ္စတာနမ်ဘီးယားက ယခုကဲ့သို့ မြန်မာနိုင်ငံကို လာခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ သို့သော် အပျက်အစီးများကို မြင်ရသည့်အတွက် ဝမ်းနည်းမိပါကြောင်း၊ အစဉ်အဆက် အတူတကွနေခဲ့ကြသည့် မိတ္ထီလာမြို့တွင် ယခုကဲ့သို့ ဖြစ်ပွားရသည့်အတွက် ဝမ်းနည်းစရာဖြစ်ပါကြောင်း၊ အိုးအိမ်ပစ္စည်း ဆုံးရှုံးသွားရသူများအနေဖြင့် နောက်တစ်ဖန်ဖြစ်ပွားလာမည်ကို စိုးရိမ်နေကြသည်ကိုတွေ့ရကြောင်း၊ သို့သော် အမုန်းတရားဆိုသည်ကို မတွေ့ရပါကြောင်း၊ အကြမ်းဖက်သူများကို ထိရောက်စွာ အရေးယူသွားမည်ဟု အစိုးရက ပြောပြီးဖြစ်ပါကြောင်း၊ အာဏာပိုင်များ ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့ကြခြင်းအပေါ် အသိအမှတ်ပြုပါကြောင်း၊ အတိတ်ကို ပြန်ပြင်၍မရသော်လည်း အနာဂတ်ကိုကြည့်ရန် အများကြီးစဉ်းစားရန် လိုအပ်ပါကြောင်း။

အချို့ကြားရသည့် သတင်းများတွင် မွတ်စလင်ဘာသာဝင်နှင့် ဗုဒ္ဓဘာသာဝင်များ ဒုက္ခရှောင်လွှဲရန် အတူတကွကြိုးစားခဲ့ကြသည်ကိုတွေ့ရပါကြောင်း၊ ယခုကဲ့သို့ ဝမ်းနည်းစရာများ ကြုံတွေ့ရသည့်ကြားမှပင် ရိုင်းပင်းကူညီကြခြင်းသည် အဆိုးထဲမှအကောင်းပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အများကြီးအားတက်မိပါကြောင်း။

ထို့ပြင် ဘာသာရေးခေါင်းဆောင်များ အမြန်ဆုံးလာရောက်ပြီး ပြဿနာကို ဖြေရှင်းရန်လုပ်ဆောင်နေသည်ကိုတွေ့ရ၍ အများကြီးအားတက်မိပါကြောင်း၊ အစိုးရမှ တပ်မတော်သားများ ပို့ဆောင်ပြီး တရားဥပဒေစိုးမိုးရေးအတွက် ထိန်းကျောင်း လုပ်ဆောင်ခြင်းအပေါ် အများကြီး ကျေနပ်မိပါကြောင်း၊ ယခုကဲ့သို့ ဖြစ်ပွားချိန်တွင် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်မှကိုယ်စားလှယ်များက ပြဿနာကိုဖြေရှင်းရန် ကြိုးစားခဲ့သည်ကို တွေ့ရသဖြင့် ဝမ်းသာပါကြောင်း။

ဒုက္ခသည်စခန်းများတွင် အစားအစာ၊ ရေလုံလောက်စွာရ၍ မိမိအနေဖြင့် စိတ်သက်သာရာ ရမိပါကြောင်း၊ သို့သော် ဒုက္ခသည်များ၏ စိတ်ထဲတွင် အကြမ်းဖက်မှု ဆက်ဖြစ်လာမလားဆိုသည်ကို ကြောက်ရွံ့နေကြသည်ဟု ထင်ပါကြောင်း၊ ယင်းအကြောက်တရားများ ပျောက်ပျက်ရန် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း ခေါင်းဆောင်များက ကြိုးစားကြရမည်ဖြစ်ပါကြောင်း။

မြန်မာလူမျိုးများသည် သည်းခံစိတ်ထားသော လူမျိုးများဖြစ်သည်ဟူသော ကောင်းမွန်သည့်ပုံရိပ်ကို ဆက်ထိန်းထားရန် လိုကြောင်း၊ အဆိုပါပုံရိပ်ကို အစိုးရအနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပေးမည်ဟု မျှော်လင့်ပါကြောင်း။

မကြာမီက ဤမြို့တွင်ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များသည် မြန်မာကိုသာမက ကမ္ဘာကိုပါ ရိုက်ခတ်ပါကြောင်း၊ ယင်းပြဿနာကို ဖြေရှင်းရန် မြန်မာနိုင်ငံမှ ခေါင်းဆောင်များက ချက်ချင်းဆောင်ရွက်ပေးခဲ့ခြင်းသည် ကြိုးစားအားထုတ်မှုများကို ဖော်ပြနေကြောင်း ယခုကဲ့သို့သော် ပြဿနာများ ထပ်မံမဖြစ်ပွားရန် လူ့အဖွဲ့အစည်း အားလုံးတွင် တာဝန်ရှိကြောင်း ကြိုးစားကြဖို့လိုကြောင်း။

စိုးရိမ်ကြောင့်ကြဖြစ်နေကြမည့် အစား ထပ်မံမဖြစ်ပွားရန် သန္နိဋ္ဌာန်ချပြီး ကြိုးစားဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ “harmonicus development” လိုက်ဖက်ညီသော ဖွံ့ဖြိုးတိုးတက်မှုရရန် ဦးတည်၍ ရှေ့ဆက်သွားလျှင် ပိုမိုကောင်းလာလိမ့်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲကျင်းပရာ ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ကယ်ဆယ်ရေးစခန်းအလိုက် ဒုက္ခသည်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများက ဘာသာဝင်များ အချင်းချင်း အပြန်အလှန်သင့်မြတ်စွာ ပေါင်းစည်းနေထိုင်ရေး ယာယီကယ်ဆယ်ရေးစခန်းများရှိ ဒုက္ခသည်များ၏ နေ့စဉ်နေထိုင်စားသောက်မှုကိစ္စများ အဆင်ပြေရေးနှင့် ဒုက္ခသည်များဘဝ ပြန်လည်ထူထောင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို အသီးသီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် ဘာသာရေးအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီ ဂျေနမ်ဘီးယား မိတ္ထီလာမြို့၌ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းများသို့ လှည့်လည်ကြည့်ရှု

နေပြည်တော် မတ် ၂၄

မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားသည် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ မိတ္ထီလာလေတပ်စခန်းဌာနချုပ်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိလာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးနှင့် ဒုတိယဝန်ကြီးများက ကြိုဆိုကြသည်။

ယာယီကယ်ဆယ်ရေးစခန်းရှိ ဒုက္ခသည်များအား လာရောက်အားပေးစကားပြောကြားသော ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒကို တွေ့ရစဉ်။ (သတင်းစဉ်)

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားသည် ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ဆရာတော်များနှင့်အတူ မိတ္ထီလာမြို့ ခရိုင်အားကစားကွင်း၌ ယာယီဖွင့်ထားသော ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြရာ ကယ်ဆယ်ရေးစခန်း၌ ကြိုတင်ရောက်ရှိနေသော အစ္စလာမ်ဘာသာရေး အဖွဲ့ကြီးမှ ပုဂ္ဂိုလ်များက ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် အထူးကိုယ်စားလှယ်သည် ဒုက္ခသည်များအား သိရှိလိုသည်များကိုမေးမြန်းပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဒုက္ခသည်များအား ဆရာဝန်၊ ဆရာမများက ကျန်းမာရေး စောင့်ရှောက်ပေးနေမှုကို ကြည့်ရှုကာ ဒုက္ခသည်များ နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်း၍ အားပေးစကား ပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြပြီး ဒုက္ခသည်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ နေထိုင်စားသောက်မှု အခြေအနေများကို မေးမြန်းသည်။

ယင်းနောက် အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့၌ဖြစ်ပွားခဲ့သည့် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်ကြောင့် မီးလောင်ပျက်စီးသွားသော နေအိမ်အဆောက်အအုံများအား ကြည့်ရှုသည်။

ဆက်လက်၍ အထူးကိုယ်စားလှယ်နှင့်အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ သာသနဝေပုလ္လကျောင်းတိုက်၌ ယာယီဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ဒုက္ခသည်များအား မေးမြန်း၍ အားပေးစကားပြောကြားသည်။

ထို့အပြင် အထူးကိုယ်စားလှယ်သည် သာသနဝေပုလ္လကျောင်းတိုက်မှ ဆရာတော်များအား ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း အခြေအနေများ ပြန်လည်တည်ငြိမ်မှုရှိအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးခဲ့မှုနှင့် ဒုက္ခသည်များအား ကယ်ဆယ်ရေးစခန်းများသို့ ကူညီပို့ဆောင်ပေးခဲ့မှုတို့အပေါ် ကျေးဇူးတင်ပါကြောင်းဖြင့် လျှောက်ထားပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိသဖြင့် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိကြသော လူနာများအား ကြည့်ရှုသည်။

ထို့အပြင် အထူးကိုယ်စားလှယ်သည် လူနာများ၏ဒဏ်ရာရရှိမှု အခြေအနေနှင့် ဆေးကုသပေးမှု အခြေအနေများကို မေးမြန်းရာ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာအောင်ထွန်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် အထူးကိုယ်စားလှယ် မစ္စတာဗီဂျေနမ်ဘီးယားနှင့် တာဝန်ရှိသူများသည် မိတ္ထီလာမြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။
(သတင်းစဉ်)

းငွေ့ ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ င့် ပိုးရ်မြို့များသို့ သွားရောက်လေ့လာခဲ့

ပြင်သစ်နိုင်ငံ
&P ရုံးချုပ်သို့
tal E&P ၏
tream) Mr.
ricarrere နှင့်
&P (Myanm-
ရတနာစီမံကိန်း
င်ရွက်နေသည့်
က်ဆောင်ရွက်
ဉ်များ၊ မြန်မာ
ဘာဝဓာတ်ငွေ့
&P မှ ပိုမို၍ ပူး
ိုသည့်ကိစ္စရပ်
ားကို ပွင့်လင်း
င်ရွက်ရန်ကိစ္စ
၍ ချစ်ကြည်
ကြသည်။
မြန်မာကိုယ်စား
tal E&P ၏
sident Asia
ean-Maric
တာဝန်ရှိသူများ
သတွင် Total
င်ရွက်နေသည့်
E&P ၏ နိုင်ငံ
သဘာဝဓာတ်
ထုတ်လုပ်ရေး
င်ရွက်မှုပုံစံနှင့်
ပြောကြားခဲ့ကြ

လှယ်အဖွဲ့သည်
ပြင်သစ်နိုင်ငံ
&P ၏ သိပ္ပံနှင့်

နည်းပညာ ဗဟိုဌာနသို့ရောက်ရှိရာ တာဝန်ရှိသူများက Total E&P ၏ နိုင်ငံတကာတွင် ဆောင်ရွက်နေသော ရေနံလုပ်ငန်းများအပေါ် ၎င်းတို့ဌာနမှ နည်းပညာပိုင် ဆိုင်ရာ အထောက်အပံ့ပေးနေသည့် သုတေသနလုပ်ငန်းများ၊ ယင်းတို့ကျင့်သုံးနေသည့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးပြုစုစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းအစီအမံများ၊ Total E&P ၏ သိပ္ပံနှင့်နည်းပညာ ဗဟိုဌာနဓာတ်ခွဲခန်းမှ ဆောင်ရွက်လျက်ရှိသော သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် သိပ္ပံနှင့်နည်းပညာ ဗဟိုဌာနမှ တာဝန်ရှိသူများသည် Total E&P (Myanmar) မှ ရတနာသဘာဝဓာတ်ငွေ့ စီမံကိန်းတွင် 4D Seismic တိုင်းတာမှု အခြေအနေများ၊ ကမ်းလွန်ရေနက်ပိုင်းရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး သိပ္ပံနှင့်နည်းပညာ ဗဟိုဌာန ဓာတ်ခွဲခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ မတ် ၂၁ ရက်တွင် မြန်မာကိုယ်စားလှယ် အဖွဲ့သည် Total E & P ရုံးချုပ်မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ အမြောက်အမြား ထုတ်လုပ်နေသည့် နိုင်ငံများ၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်အခြေခံသဘော တူညီချက်များနှင့် စီးပွားရေးတွက်ခြေကိုက်မှုရှိ-မရှိ တွက်ချက်သည့်ပုံစံများ၊ နိုင်ငံတကာတွင် ရေနံလုပ်ငန်းအတွက် တင်ဒါခေါ် ယူမှုပုံစံများ၊ အိမ်နီးချင်းနိုင်ငံများအကြား ကမ်းလွန်ရေနံလုပ်ကွက်များ သတ်မှတ်ခြင်းနှင့် Total E&P မှ မြန်မာနိုင်ငံတွင် ပွင့်လင်းမြင်သာမှုရှိစွာ လုပ်ငန်းများ ဆောင်ရွက်ရန်ကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေ့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့ Total E&P ရုံးချုပ်၌Total E&P President (Upstream) Mr. Yves-Louis Darricarrere နှင့် တွေ့ဆုံစဉ်။
(သတင်းစဉ်)

မြန်မာကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၂ ရက်တွင် ပြင်သစ်နိုင်ငံမှ ပြန်လည်ထွက်ခွာခဲ့ပြီး မတ် ၂၃ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ချင်းတွင်းမြစ်ကြောင်း တစေ့တစောင်း

နွေရာသီဝင်စ ယခုလကတည်းက ချင်းတွင်းမြစ်ရေသည် ယမန်နှစ်ကထက် ပိုမိုကျဆင်းလျက်ရှိနေပြီး သဲသောင်ခုံများလည်းပေါ်၊ရေကြောင်းလည်းပြောင်းလဲ၊ မော်တော်များ သွားလာမှု အဆင်မပြေဖြစ်နေသည့် အခြေအနေနှင့်ပတ်သက်၍ ယခင်ကတည်းက ယနေ့အထိ ချင်းတွင်းမြစ်တစ်လျှောက် အစုန်အဆန်သွားလာနေသော မော်တော်ပိုင်၊ စက်ဆရာဦးမြလွင်က သူ့အမြင်ကို ပြောပြသည်မှာ "ချင်းတွင်းမြစ်က ရေကြောင်းမကောင်းတာ မဟုတ်ပါဘူး။ မြစ်ရေက သူ့သဘာဝအတိုင်း မြင့်ရာက နိမ့်ရာကို အမြဲစီးဆင်းနေတာပါ။ အဓိကလူတွေ မကောင်းကြတာပါ။ ဥပမာတစ်ခုပြောရရင် မုံရွာမြို့ကနေအထက်ပိုင်းအထိ ပြေးဆွဲနေကြတဲ့ အင်ဂျင်ပါဝါအားကောင်းကောင်း သဲခွဲရှုပ်ပြေးရေယာဉ်တွေ ရှိပါတယ်။ အဲဒီရေယာဉ်က လူနဲ့ ကုန်တင်ခွင့်ရှိတာ ရေစူး ၃ ပေ ဆိုပါစို့ဗျာ ဒါပေမယ့် တကယ်တင်တာက ၄ ပေလောက် အထိတင်တယ်။ လမ်းခရီးမှာ ရေအနက် ၄ ပေ၊ ၄ ပေသာသာကိုလည်း အင်ဂျင်ပါဝါအရှိန်နဲ့ မောင်းတာပဲ၊ အဲဒီလိုမောင်းတော့ နောက်ကလည်နေတဲ့ ပန်ကာအားနဲ့ သဲသောင်ပျက်စီးသွားတယ်။ ဒီအဖြစ်အပျက်တွေက တစ်ရက်လည်းမဟုတ်ဘူး။ တစ်စင်းထဲလည်းမဟုတ်ဘူးဆိုတော့ ဆရာစဉ်းစားကြည့်ပါ။ ရေကြောင်းတွေ ဘယ်လောက်ပြောင်းလဲမယ့် ဒါလူတွေကြောင့် ဖြစ်ရတာ။ အဲဒီလို မှားနေတာကိုလည်း ပြင်ပေးမယ့်သူမရှိဘူး။ ဘယ်ရေယာဉ်မဆို အလျား၊ အနံ၊ ရေစူး သတ်မှတ်ချက်နဲ့ လူနဲ့ ကုန်တင်ဆောင်ရတာ၊ သတ်မှတ်တဲ့ တန်ဆိုတာရှိပါတယ်။ ဥပဒေလည်းရှိတယ်။ အခု ကုန်းပေါ်က ကားလမ်းတွေမှာ ပြုပြင်၊ ပြောင်းလဲဆောင်ရွက်နေတာ အလွန်သဘောကျတယ်။ ယာဉ်တစ်စီးအတွက် လူနဲ့ကုန်တန်ချိန်သတ်မှတ်ချက်နဲ့ သွားလာကြတော့ ကားလမ်းတွေ မပျက်စီးတော့ဘူးပေါ့။ ဒါတောင်မှ ကိုယ်ကျိုးရှာတဲ့ ယာဉ်အချို့နဲ့ဂိတ်အချို့ မသမာမှုတွေလုပ်နေကြတာ ရှိနေသေးတယ်။ ပြောလက်စနဲ့ ဆက်ပြီးတော့ ပြောရဦးမယ်၊ ရေကြောင်းထိန်းသိမ်းရေးကလည်း ဧရာဝတီမြစ်မှာပဲ လုပ်နေတယ်။ ချင်းတွင်းမြစ်က မြစ်မဟုတ်တဲ့အတိုင်းပဲ၊ ချင်းတွင်းမြစ်မှာဆိုရင် ရေကြောင်းအချက်ပြ-ဗော်ယာ၊ ဘော့နီ၊ ဘော့ဖြူရေမှတ် ဘာမှကို လုပ်မပေးတော့ဘူး။ အဲဒီလို ရေကြောင်းထိန်းသိမ်းရေးတွေ အချက်ပြအမှတ်အသားတွေ ဘာမှ လုပ်မပေးတာလည်း မှားနေတာပဲဗျ။ တကယ်ဆို အခုလိုရေကျနေချိန်မှာ ရေကြောင်းအန္တရာယ်ကင်းဖို့ ရေကြောင်းထိန်းသိမ်းရေးက ပိုပြီးဂရုစိုက်လုပ်ဆောင်သင့်တာပေါ့။ မော်တော်တွေကလည်း စည်းကမ်းမရှိ၊ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ပေးမယ့် သူလည်းမရှိ၊ အဲဒီတော့ရေကြောင်းမှာ အန္တရာယ်ကြုံလာရင် ပြည်သူတွေပဲ သေကြရ၊ ဒုက္ခရောက်ကြရတာ၊ ဒါကြောင့် ဘယ်သူမဆို ဥပဒေနဲ့အညီ စည်းနဲ့ ကမ်းနဲ့ ပြောဆို၊ ဆက်ဆံလုပ်ကိုင်ကြရင် အကောင်းဆုံးပေါ့ဗျာ။ ဆရာလည်း ကြားဖူးပါတယ်။ ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာဆိုတဲ့ စကားစုလေ လူတိုင်းအမြဲဂရုပြုမှတ်သားသင့်တဲ့ စကားစုပါပဲ" ဟု သူ့အမြင်သူ့အတွေးကို ပြောပြသွားသည်မှာလည်း စဉ်းစားဖွယ်၊ လိုက်နာဖွယ်ပင်ဖြစ်ပါသည်။

ဖေထွဏ်းဇော်(ရေစကြို)

လမ်းတံတားများ ကြံ့ခိုင်ရေးဆောင်ရွက်

ရွှေကူ မတ် ၂၄

ကချင်ပြည်နယ် အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကမန်းဒူနော်သည် ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်းမြင့်၊ ပြည်နယ်ကညနမှူး ဦးလှုန်ကျင်မန်၊ ပြည်နယ်ဆက်သွယ်ရေးဦးစီးအရာရှိ ဦးအောင်ဝင်းတို့နှင့်အတူ မတ် ၃ ရက်က ဗန်းမော်ခရိုင် ရွှေကူမြို့နယ်အတွင်းရှိ စီသာကျေးတောပတ်လမ်းများနှင့် ဆက်ကလာတံတားကြံ့ခိုင်မှုကို လိုက်လံစစ်ဆေးခဲ့သည်။

ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီ၊ ရဲမှူးအေးမောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ဆက်သွယ်ရေးဝန်ထမ်းများ၊ ရေယာဉ်နှင့် မော်တော်ယာဉ်တို့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာနှင့် ရပ်မိရပ်ဖများအား ပြည်သူ့ဆောက်လုပ်ရေးညှိရိပ်သာ၌တွေ့ဆုံပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လဘန်အောင်

မဲဇာစံပြကျေးရွာ၌ တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်း မီးလောင်

အင်းတော် မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မဲဇာစံပြကျေးရွာ အမှတ်(၆) ရပ်ကွက်တွင် မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်ခန့်က တရုတ်ဗုဒ္ဓဘာသာဘုရားကျောင်းမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မီးလောင်မှုဖြစ်ပွားသည့် ဘုရားကျောင်းသည် ကိုးခန်းနှစ်ခန်း သွပ်မိုးနံကပ်၊ နှစ်ထပ်ကျောင်းဆောင်သစ်တစ်ခုဖြစ်သည်။ မီးလောင်မှုဖြစ်စဉ်မှာ နှစ်ပင်လိမ်ဝိုင်ယာကြိုးမှ အပူလွန်ကဲကာ အပေါ်ထပ်အမိုးကို စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ဆုံးရှုံးမှုတန်ဖိုးမှာငွေကျပ် ၁၈ သိန်းခန့်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မီးစတင်လောင်ကျွမ်းပြီး မီးခိုးများ ထွက်လာသည်ကို အဆိုပါကျောင်းဆောင်ရှေ့ရှိ ဖျာရက်လုပ်ငန်း လုပ်ကိုင်လျက်ရှိသော အမျိုးသမီးတစ်ဦးက မြင်တွေ့ရပြီး ကျောင်းတာဝန်ခံအား အကြောင်းကြားခဲ့ကြောင်း၊ အဆိုပါ ကျောင်းတာဝန်ခံက မီးခိုးထွက်နေသော အပေါ်ထပ်ကျောင်းဆောင်ကို သော့ဖွင့်ကြည့်ရာမှ အပေါ်ထပ်တွင် မီးလောင်ကျွမ်းနေပြီဖြစ်ကြောင်း သိရှိပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြကြောင်း၊ အဆိုပါ မီးလောင်ကျွမ်းမှုကို အင်းတော်မြို့ ဗန်းမောက်မြို့မှ မီးသတ်ကားနှစ်စီး၊ မဲဇာအရန်မီးသတ်တပ်ဖွဲ့မှ ရေစုပ်စက်နှစ်လုံး၊ ပြည်သူများမှ ရေစုပ်စက်လေးလုံး၊ FCGC (IGE)Co.,Ltd မှ ရေသယ်ယာဉ်တစ်စီး၊ မြန်မာအဓိပတိဆောက်လုပ်ရေးကုမ္ပဏီမှ ကားတစ်စီး၊ မြို့နယ်စည်ပင်သာယာမှ ရေသယ်ယာဉ်တစ်စီး စုပေါင်း၍ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ ၁၅ မိနစ်တွင် မီးညွန့်ကျိုးသွားပြီး ညနေ ၃ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရှိရသည်။

ကျော်သီဟ

အရာတော်အထက မြတ်ဆရာပူဇော်မည်

မန္တလေး မတ် ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူများ၏ တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေး အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါ ဆရာစံခန်းမ၌ကျင်းပသည်။ အစည်းအဝေးတွင် အသက် ၆၀ပြည့် ဆရာဆရာမကြီးများအား ကျောင်းသား ကျောင်းသူများက ဧပြီ ၃ ရက် (ဗုဒ္ဓဟူးနေ့)တွင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကန်တော့နိုင်ရေးနှင့် ရန်ပုံငွေရှာဖွေရေးအဖွဲ့၊ ဆရာ ဆရာမများအား ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးအဖွဲ့၊ ဧည့်ခံကျွေးမွေးရေးအဖွဲ့၊ အခမ်းအနားပြင်ဆင်ရေးအဖွဲ့၊ ပြန်ကြားရေးအဖွဲ့များ ခွဲဝေဆောင်ရွက်ကြရန် ညှိနှိုင်းဆွေးနွေးကြကြောင်းနှင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူများအနေဖြင့် မြတ်ဆရာပူဇော်ပွဲတွင် အလှူငွေများထည့်ဝင်လိုပါက ဦးညွန့်ရွှေ(ရန်ကုန်) ဖုန်း-၀၉-၅၀၇၉၁၉၂၊ ဦးတိုးနိုင်ဝင်း (မန္တလေး)၊ ဖုန်း-၀၉-၄၀၂၅၁၂၈၆၂။ ဦးကျော်ထွေး (အရာတော်) ဖုန်း-၀၉-၄၀၀၅၃၁၇၁၇၊ ဦးကျော်ကျော်လွင် ဖုန်း-၀၉-၄၀၀၅၀၂၁၆၃၊ ဦးကျော်မျိုးဦး ဖုန်း-၀၉-၄၀၁၅၄၀၁၅၂ တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၀၄၀)**

ယာဉ်ပေါ့ဆစွာမောင်းနှင်၍ မီးလောင်မှုဖြစ်ပွား

ကသာ မတ် ၂၄

မတ် ၂၃ ရက် မွန်းလွဲ ၁ နာရီက ယာဉ်မောင်းနိုင်ဦး (၃၁)နှစ် သီရိရပ်ကွက် ဗန်းမော်မြို့နေသူမောင်းနှင်လာသည့် ဒေါင်ဖမ်းအမျိုးအစားယာဉ်အမှတ် ၃ဂ/. . . ၁၂ ဘီးယာဉ်သည် ဗန်းမော်မှ ကသာသို့ Shwe Hlaing Htoo Trading Co., Ltd. စီးပွားကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန(ရုံးချုပ်)ခွင့်ပြု သွင်းကုန်လိုင်စင်အရ တင်သွင်းလာသော သုံးဘီးဆိုင်ကယ်အစီး ၃၀ စာရင်းနှင့် ဆက်စပ်ပစ္စည်းများကို တင်ဆောင်လျက် ကသာမြို့ လမ်းမတော်လမ်းအတိုင်း မောင်းနှင်လာစဉ် ရပ်ကွက်(၆) ရေဝန်းကျောင်းလမ်းကို ဖြတ်သန်းရာ သွယ်တန်းထားသော လျှပ်စစ်မီးကြိုးနှင့် တင်ဆောင်လာသည့်ပစ္စည်းများ မလွတ်၍ချိတ်မိပြီး ရှော့ခ်ဖြစ်ကာ ဆိုင်ကယ်ဖော့တုံးများတွင် မီးစွဲလောင်၍ အဲယားကလင်ဒါပစ္စည်းများ၌ ပတ်ထားသော ဂွမ်းစများ မီးစွဲလောင်သဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားနှစ်စီး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ စခန်းမှူး၊ တာဝန်မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ပြည်သူ ၃၀ ခန့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အရေးယူ

အဆိုပါယာဉ် မောင်းနှင်သူ နိုင်ဦးသည် ပေါ့ဆစွာမောင်းနှင်ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၅၀၀၀၀ ဆုံးရှုံးခဲ့ရ၍ ၎င်းကို ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ထိုင်းနိုင်ငံမှ နည်းပြဆရာများမန်း အား / ကာသိပ္ပံတွင်သင်ကြားပေးလျက်ရှိ

မန္တလေး မတ် ၂၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာနအစီအစဉ်ဖြင့် အားကစားနှင့် ကာယပညာ သိပ္ပံ (မန္တလေး)ရှိ အားကစားနည်းများတွင် လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ထိုင်းနိုင်ငံမှ နည်းပြဆရာများသည် မတ် ၂၁ ရက် နံနက် ၆ နာရီက အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)သို့ ရောက်ရှိလာရာ ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးသိန်းထွန်းလတ်၊ တာဝန်ခံနည်းပြဆရာများနှင့် ကျောင်းသား ကျောင်းသူများက လှိုက်လှဲစွာ ကြိုဆိုကြသည်။

အဆိုပါ ထိုင်းနိုင်ငံမှ လာရောက်သင်ကြားနည်းပြပေးမည့် နည်းပြဆရာများသည် လေ့ကျင့်မှုအခြေအနေ ပထမပိုင်းကာလအဖြစ် အားကစားနည်း ၁၁ မျိုးဖြစ်သည့် ဖူဆယ်၊ ဘောလုံး၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ စက်ဘီး၊ ရေကူး၊ လက်ဝှေ့၊ ဂေါက်သီး၊ ဘော်လီဘော အားကစားနည်းများနှင့် ကြံ့ခိုင်မှုနည်းစနစ်များ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

အား/ကာသိပ္ပံ(မန္တလေး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
နယူးလိုက်အော့ဖ်မြန်မာသတင်းစာ ထုတ်ဝေခြင်းလုပ်ငန်းအား အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေလျက်ရှိသော The New Light of Myanmar နေ့စဉ်ထုတ်သတင်းစာအားအဆင့်အတန်းပိုမိုကောင်းမွန်သော သတင်းစာအသွင် ပြောင်းလဲထုတ်ဝေနိုင်ရန်အတွက် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရေး အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာ ခေါ်ယူအပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းရာတွင်-

(က) ပြည်တွင်းလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်နှင့် နိုင်ငံသားစိစစ်ရေးမှတ်ပုံတင်အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏ နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) ကုမ္ပဏီဆိုင်ရာ အထောက်အထားများနှင့် ငွေရေးကြေးရေးဆိုင်ရာအထောက်အထားများ၊
- (၄) အနီးကပ်ဆုံးလက်မှတ်ရပြည်သူ့စာရင်းကိုင်မှ အတည်ပြုထားသည့်ဘဏ္ဍာရေးရှင်းတမ်း(၂) နှစ်စာ၊
- (၅) လက်ရှိဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှုပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့်အချက်အလက်အထောက်အထားများ၊

(ခ) ပြည်ပလုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ အောက်ပါအချက်များ ပါဝင်ရမည်-
- (၁) လုပ်ငန်းရှင်/ကုမ္ပဏီအမည်၊ပတ်စ်ပို့အမှတ်၊
- (၂) လုပ်ငန်းရှင်/ကုမ္ပဏီ၏နောက်ခံသမိုင်းအကျဉ်းချုပ်၊
- (၃) နိုင်ငံခြားကုမ္ပဏီဆိုင်ရာ အထောက်အထားများ၊
- (၄) ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊
- (၅) လက်ရှိ ဒါရိုက်တာအဖွဲ့ဝင်များစာရင်း၊
- (၆) အများဆုံးထည့်ဝင်နိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပမာဏ၊
- (၇) အကျိုးအမြတ်ခွဲဝေရယူလိုသည့် ပမာဏ၊
- (၈) သီးခြားတင်ပြလိုသည့် အချက်အလက်အထောက်အထားများ၊

၃။ အဆိုပြုလွှာတင်သွင်းမည့် ပြည်တွင်းပြည်ပလုပ်ငန်းရှင်များနှင့်ကုမ္ပဏီများအနေဖြင့် အကျိုးတူဖက်စပ်ဆောင်ရွက်ရန် အဆိုပြုလွှာအား ပြန်ကြားရေးဝန်ကြီးဌာန၊သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ရုံးအမှတ်(၇)နေပြည်တော်သို့ (၂၅-၄-၂၀၁၃)ရက်နေ့နောက်ဆုံးထား၍ ပေးပို့နိုင်ရန်ခေါ်ယူအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၁-၂၀၁၁၉၂၊ ၀၆၇-၄၁၂၁၂၃နှင့် ၀၆၇-၄၁၂၁၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

နိုင်ငံတကာသတင်းနှင့်ကြော်ငြာ

ရင်ဆိုင်တွေ့ကြုံနေရတဲ့ ကမ္ဘာ့အလုပ်လက်မဲ့ပြဿနာ

မောင်မဟာ

ကမ္ဘာတစ်ဝန်းနိုင်ငံအသီးသီးမှာ အလုပ်လက်မဲ့ဦးရေတဖြည်းဖြည်းတိုးတက်များပြားတဲ့အတွက် ၂၀၁၃ ခုနှစ် စုစုပေါင်း အလုပ်လက်မဲ့ဦးရေဟာ ၂၀၂ သန်းအထိ တိုးမြင့်ရောက်ရှိလာနိုင်တယ်လို့ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (အိုင်အယ်လ်အို)ရဲ့အစီရင်ခံစာတစ်ရပ်မှာ ဖော်ပြထားပါတယ်။

ဒီလိုအလုပ်လက်မဲ့ဦးရေ နိုင်ငံတကာမှာ တိုးတက်များပြားလာတာဟာ စီးပွားရေးအကျပ်အတည်းနဲ့ ငွေကြေးဆိုင်ရာမူဝါဒတွေအပြင် နိုင်ငံနဲ့ ဒေသတွင်းမတည်မငြိမ်ဖြစ်မှုတွေ၊ရာသီဥတုဖောက်ပြန်မှုတွေစတဲ့အချက်ပေါင်း များစွာအပေါ်မှာ တည်မှီနေတယ်လို့ဆိုပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်မှာ ကမ္ဘာတစ်ဝန်းအလုပ်လက်မဲ့နှုန်းဟာ စုစုပေါင်း လူဦးရေ ၁၉၇သန်း ရှိခဲ့ရာမှ အခု ၂၀၁၃ခုနှစ်မှာ ၂၀၂ သန်းအထိ တိုးမြင့်လာမယ်လို့ အိုင်အယ်လ်အိုရဲ့ ထုတ်ပြန်တဲ့အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

အဲဒီလို အလုပ်လက်မဲ့နှုန်းဟာ အမေရိကန်နဲ့ ဥရောပနိုင်ငံတွေမှာလည်း တဖြည်းဖြည်းမြင့်တက်လာနေပြီး အဲဒီအလုပ်လက်မဲ့နှုန်းထားကို လျှော့ချဖို့အတွက် တာဝန်ရှိသူတွေ အပူတပြင်းကြိုးစားနေပါတယ်။ ကမ္ဘာတစ်ဝန်း အလုပ်လက်မဲ့ဦးရေများပြားတဲ့အထဲမှာ အသက် ၂၄ နှစ်အောက်လူငယ်တွေရဲ့ အလုပ်လက်မဲ့နှုန်းက ၁၃ ရာခိုင်နှုန်းအထိ မြင့်တက်လာတယ်လို့ ဆိုပါတယ်။

လူငယ်တွေအတွက် အလုပ်လက်မဲ့နှုန်းဟာ ပြီးခဲ့တဲ့ ၂၀၀၇ခုနှစ်ကထက် ပိုမိုမြင့်မားလာတယ်လို့လည်း ဆိုနေပြီး ၂၀၀၇ခုနှစ်က ကမ္ဘာတစ်ဝန်း လူငယ်အလုပ်လက်မဲ့ဦးရေဟာ အလုပ်လက်မဲ့ဦးရေအားလုံးရဲ့ ၂၈ ဒသမ ၅ရာခိုင်နှုန်းရှိခဲ့ပါတယ်။ အခု ၂၀၁၃ခုနှစ်မှာတော့ လူငယ်အလုပ် လက်မဲ့နှုန်းဟာ ၃၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိဆုံးဖြစ်တဲ့ ဂျီ၂၀ အုပ်စုအဖွဲ့ရဲ့ စီးပွားရေးနဲ့ ငွေကြေးမူဝါဒ အပြောင်းအလဲတွေကလည်း ဆိုးကျိုးသက်ရောက်မှုတွေရှိနေပြီး အလုပ်လက်မဲ့ ဖြစ်ပွားမှုကို ပိုမိုဆိုးရွားစေပါတယ်လို့ အိုင်အယ်လ်အို အကြီးအကဲ ရိုင်ရေဒါက ပြောကြားနေပါတယ်။

ကမ္ဘာ့အလုပ်လက်မဲ့နှုန်းဟာ လက်ရှိကမ္ဘာ့အခြေအနေအတိုင်းသာ ဆက်သွားရင်လာမယ့် ၂၀၁၄ ခုနှစ်မှာ ကမ္ဘာတစ်ဝန်းအလုပ်လက်မဲ့ဦးရေဟာ စုစုပေါင်း ၂၀၅ သန်းအထိမြင့်တက်လာမယ်လို့ အိုင်အယ်လ်အိုကသုံးသပ်ထားပါတယ်။ ဒီလို အလုပ်လက်မဲ့နှုန်းမြင့်တက်မှုဟာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာသာမကဘဲ၊ အရှေ့အာရှ၊ တောင်အာရှနဲ့ အာဖရိကဆာဟာရဒေသခွဲနိုင်ငံတွေမှာလည်း ဆိုးရွားစွာဖြစ်ပေါ်စေခဲ့ပါတယ်။

ကမ္ဘာ့အလုပ်လက်မဲ့နှုန်းဟာ ၂၀၁၇ ခုနှစ်မတိုင်မီအထိ ဆက်လက်မြင့်တက်နေဦးမှာဖြစ်ပြီး ၂၀၁၆ ခုနှစ်မှာ အလုပ်လက်မဲ့နှုန်းဟာ ၂၉ရာခိုင်နှုန်းအထိမြင့်တက်လာမယ်လို့ အိုင်အယ်လ်အိုက သုံးသပ်ထားပါတယ်။ ဒါ့အပြင် ယူရိုဇုန်ဧရိယာအတွင်းမှာလည်း အလုပ်လက်မဲ့နှုန်းဟာ ၁၁ ဒသမ ၉ရာခိုင်နှုန်းအထိ မြင့်တက်လာပါတယ်။ ဒါဟာ ၂၀၁၂ခုနှစ် ဒီဇင်ဘာလက ၁၁ ဒသမ ၈ ရာခိုင်နှုန်းရှိခဲ့တာမို့ အလုပ်လက်မဲ့နှုန်းအနည်းငယ် မြင့်တက်လာတာဖြစ်ပါတယ်။

ယူရိုဇုန်ဧရိယာအတွင်းမှာ ဇန်နဝါရီလအတွင်းက အမျိုးသား အလုပ်လက်မဲ့ဦးရေဟာ ၂၆ဒသမ ၂၁၇သန်းနဲ့ အမျိုးသမီးအလုပ်လက်မဲ့ဦးရေ ၁၈ဒသမ ၉၉၈သန်းရှိနေတယ်လို့ ဆိုပါတယ်။ ယူရိုဇုန်ဧရိယာအတွင်းမှာ အလုပ်လက်မဲ့ အနည်းဆုံးနိုင်ငံတွေကတော့ ဩစတြီးယား ၄ ဒသမ ၉ ရာခိုင်နှုန်း၊ ဂျာမနီနဲ့ လူဇင်ဘတ်နိုင်ငံတွေက ၅ ဒသမ ၃ရာခိုင်နှုန်းစီနဲ့ နယ်သာလန်က ၆ ရာခိုင်နှုန်းတို့ဖြစ်ပါတယ်။ ယူရိုဇုန်ဧရိယာအတွင်းမှာ အလုပ်လက်မဲ့အများဆုံးနိုင်ငံတွေကတော့ ဂရိနိုင်ငံဖြစ်ပြီး ၂၇ ရာခိုင်နှုန်း၊ စပိန်နိုင်ငံက ၂၆ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ပေါ်တူဂီက ၁၇ ဒသမ ၆ ရာခိုင်နှုန်းတွေ ဖြစ်ပါတယ်။

ဒါကြောင့် ကမ္ဘာတစ်ဝန်းအလုပ်လက်မဲ့နှုန်းများပြားလာမှုဟာ စက်မှုနိုင်ငံတွေရော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာပါ ကြုံတွေ့နေရဆဲဖြစ်ပါတယ်။

အိတ်ချ်အိုင်ဗွီပိုးရပ်စ်ပိုး ဆွေးနွေးပွဲ ညီလာခံမလေးရှားက အိမ်ရှင်အဖြစ်ကျင်းပမည်

သတ္တမအကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အေအိုင်ဒီအက်စ်အဖွဲ့အစည်း (IAS) ညီလာခံကို မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် မတ် ၂၄ ရက်က ဖော်ပြသည်။ အိတ်ချ်အိုင်ဗွီပိုးနှင့်ဆက်နွှယ်ကာရောဂါဖြစ်ပွားကုသမှုများနှင့် ကြိုတင်ကာကွယ်တားဆီးရေးကိစ္စရပ်များကို ဆွေးနွေးပွဲပြုလုပ်မည့် (IAS)ညီလာခံကို မြို့တော်ကွာလာလမ်ပူတွင် ဇွန် ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ ကျင်းပရန် စီစဉ်ကြောင်း (IAS) ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ပါကစ္စတန်သမ္မတဟောင်း ဌာနေပြန်ပြီ

ပါကစ္စတန်သမ္မတဟောင်းပါဗက်ဇ်မူရှာရက် (ဖ်)သည် အသတ်ခံရမည်ဟု ခြိမ်းခြောက်မှု အဆုံးသတ်ပြီးနောက် ဒူဘိုင်းမှ ကရာချိသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။ တာလီဘန်တို့အနေဖြင့် ၄င်းအားသတ်ရန် ကြိုးစားခဲ့ကြောင်း၊ သို့သော်မအောင်မြင်ခဲ့ကြောင်း မူရှာရက်(ဖ်)က ပြောသည်။မစ္စတာမူရှာရက်(ဖ်)သည် မေလ ပါကစ္စတန်ရွေးကောက်ပွဲတွင် ၄င်း၏ ပါတီကို ဦးဆောင်ရန် စီစဉ်လျက်ရှိသည်။ ၄င်းအား မကြာမီက အနံ့ခံခွေးများ၊ အသေခံဗုံးခွဲသူများနှင့် ခြိမ်းခြောက်ခဲ့မှု ဗီဒီယိုမှတ်တမ်းတစ်ခုတွင် ဖော်ပြသည်။

တရုတ်နှင့်ရုရှားကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံ

တရုတ်နှင့်ရုရှားပေါင်းဖော်မှုသည် ကမ္ဘာ့ငြိမ်းချမ်းရေးကို အာမခံလိုက်ခြင်းပင်ဖြစ်ကြောင်း မော်စကိုသို့ ရောက်ရှိနေသော တရုတ်သမ္မတရှီကျင့်ဖျင်က မတ် ၂၃ရက်တွင် ပြောကြားလိုက်သည်။ မစ္စတာရှီသည် ရုရှားသမ္မတဗလာဒီမာပူတင်နှင့်တွေ့ဆုံစဉ်ယင်းကဲ့သို့ အာမခံပြောဆိုလိုက်ခြင်းဖြစ်သည်။ ရုရှားခေါင်းဆောင်သည်သူ့အတွက် မိတ်ဆွေကောင်းတစ်ဦးဖြစ်ကြောင်း ရှီကဆိုသည်။ ရုရှားနိုင်ငံပိုင်စွမ်းအင်ကုမ္ပဏီရို့စ်နက်က တရုတ်သို့ ရေနံသုံးဆထောက်ပံ့ပေးရန်လည်း သဘောတူခဲ့သည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ပေါ်တွင် စွမ်းအင်အများဆုံးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

မြင့်မောင်စိုး - စုစည်းသည်

ပြည်တွင်းသတင်း

တန်ဖိုးနည်းဖုန်းသတင်းကြောင့် ဟန်းဆက်ဈေးကွက်သက်ဝင်လှုပ်ရှားလာ

သတင်းနှင့်ဓာတ်ပုံ
တင်ဝင်းလေး(ကြည့်မြင်တိုင်)

အခုတလော အသံတွေ ကျယ်ကျယ်လောင်လောင်ကြီးကို ပြန်ကြားလာရပါတယ်။ ဂျာနယ်အများစုကလည်း လွှတ်ရေးလာတာကိုလည်း ဖတ်မိလိုက်ပါတယ်။

ဧပြီ ၁ ရက်မှာ တန်ဖိုးနည်း ဖုန်းများ ထွက်တော့မယ်တဲ့။ ဒါ့အပြင် ဈေးကလည်း Sim Card တစ်ခုကို ငွေကျပ် ၂၀၀၀ လို့ ဆိုသူတို့က ဆိုကြ။ ငွေကျပ် ၅၀၀၀ တဲ့ဟု ပြောသူတို့က ပြောကြ။ ငွေကျပ် ၁၀၀၀၀ အောက်ကတော့ သေချာသွားပြီဟု အခိုင်အမာ သတင်းပေးသူက ပေးကြနဲ့ မုန့်ဆီကြော်က ဘယ်ဆီနေမှန်းမသိ၊ စားဖို့တော့ပြင်နေကြပါပြီ။

မြန်မာ့ဆက်သွယ်ရေးက တရားဝင်မထုတ်ပြန်သေးပါ။ ဒါပေမယ့် ပြည်ထောင်စုဝန်ကြီးတစ်ဦးနဲ့ ဒုတိယဝန်ကြီးတစ်ဦးတို့က ရိပ်ဖမ်းသံဖမ်း သတင်းလက်ဆောင်လေးများပေးတာကိုတော့ ဖတ်လိုက်ရပါတယ်။ တကယ်သေချာနေတာကတော့ ဟန်းဆက်များ ဈေးတက်သွားခြင်းက ဧကန်မုချအမှန်ပါပင်။ Huawei, Sony, Samsung, Apple စတဲ့ နာမည်ကြီး ဟန်းဆက်များကတော့ တစ်လုံးကို အရင်ရောင်းဈေးထက် ငွေကျပ် ၁၀၀၀၀ မှ ၁၅၀၀၀ အထိ ဈေးတက်သွားတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

အနော်ရထာလမ်းမကြီးပေါ်မှ Mother Land ဖုန်းနှင့် ဖုန်းအပိုပစ္စည်းများရောင်းသော ဆိုင်ရဲ့ စာရေးတစ်ဦးက ကြားတဲ့အတိုင်းပဲ ဟန်းဆက်တွေက ဈေးတွေအနည်းအကျဉ်းတက်လာပါတယ်။ လကုန်ထွက်တယ်ဆိုတဲ့သတင်းကြောင့် ဟန်းဆက်ကြိုဝယ်တဲ့သူတွေများလာတယ်၊ ဆိုင်တိုင်းပါပဲ ရောင်းအားတွေ ပြန်တက်လာတယ်လို့ ဆိုပါတယ်။

အနော်ရထာလမ်းနဲ့ ပန်းခြံလမ်းထောင့်အနီးမှာရှိတဲ့ ဟန်းဆက်ရောင်းတဲ့ဆိုင်ကြီး နှစ်ဆိုင်ကလည်း လက်ကိုင် အသံချဲ့စက်ငယ်လေးနဲ့ မနားတမ်းအပြိုင် အော်ရောင်းနေတာကို နေ့စဉ်မြင်တွေ့မိခဲ့ပါတယ်။ မော်ဒယ်နိမ့်တရုတ်ဟန်းဆက်လေးများကို ဆိုင်ရှေ့ထုတ်ဗန်းကလေးဖြင့် တစ်လုံးကို ကျပ် ၁၅၀၀၀၊ ကျပ် ၂၀၀၀၀ လို့ ဆိုပြီး ရှေ့လဆန်းထဲက ရောင်းနေကြတာ အခုလဆန်းပိုင်းကျပြန်တော့ တစ်လုံးကို ကျပ် ၁၀၀၀၀၊ ၁၂၀၀၀ အထိ ချရောင်းလာကြပါတယ်၊ လမ်းပေါ်မှာ လမ်းဘေးဟန်းဆက်ဆိုင်များလည်း တစ်ဆိုင်ပြီး တစ်ဆိုင်တိုးလာတာကိုလည်း သွားရင်းလာရင်းသတိပြုမိခဲ့ပြန်ပါတယ်။

ဒါကိုစာရေးသူအနေနဲ့ ကောင်းတဲ့လက္ခဏာတစ်ရပ်လို့မြင်ပါတယ်၊ တစ်ချိန်ကရွှေကဲ့သို့ တန်ဖိုးမြင့်မားခဲ့တဲ့ အီလက်ထရွန်နစ်ပစ္စည်းဖြစ်တဲ့ ဖုန်းများကို ဈေးပေါပေါနဲ့ ရောင်းချလာနိုင်ခြင်းဟာ အခြေခံလူတန်းစားပြည်သူများအားလုံး သုံးသုံးငါငါပိုင်ဆိုင်လာနိုင်တော့မယ့် အခွင့်အရေးတစ်ရပ် ပေါ်ပေါက်လာခြင်းပဲလို့ ဆိုချင်တာပါ။ ဒါ့ထက် ပိုအံ့သြမိတာကတော့ ဟန်းဆက်တစ်လုံးဝယ်ရင်Sim Card တစ်ခုလက်ဆောင်ပေးမယ်ဆိုတဲ့ စာရေးသူကိုယ်တိုင်ကြားလိုက်ရတဲ့သတင်း တစ်ရပ်ပါ။ အနော်ရထာ လမ်းမကြီးအပေါ် ဆူးလေဘုရားလမ်းအနီး ဖုန်းတွေရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်ကပါ။ "Sim Card တစ်ခုကို ငွေကျပ် ၁၀၀၀၀ အောက် တကယ်ရမယ်ဆိုရင် ကိုယ့်ဆိုင်က တန်ဖိုးမြင့် ဟန်းဆက်ဝယ်သူတိုင်းကို ဟန်းဆက်တစ်လုံးဝယ်ရင် Sim Card တစ်ခုလက်ဆောင်ပေးဖို့ အစီအစဉ်ရှိပါတယ်" ဆိုတဲ့စကား. . ။

ဒါ့အပြင် မဟာဗန္ဓုလလမ်းနှင့် ၂၇ လမ်းထောင့် လမ်းဘေး ဟန်းဆက်ရောင်းတဲ့ လူငယ်တစ်ဦးကလည်း "သူတို့ဆိုင်ကြီးတွေမှ မဟုတ်ပါဘူးဗျာ၊ အခု ကျွန်တော့်ဆိုင်ဆိုရင် ဟန်းဆက်တစ်လုံး ငွေကျပ် ၁၅၀၀၀ ကနေ ၇၀၀၀၀ တန်အထိ ရှိတယ်။ တကယ်လို့ Sim Card တစ်ခုကို ငွေကျပ် ၂၀၀၀ နဲ့ ၅၀၀၀ အကြား ဝယ်လို့ရရင် ကျွန်တော်တို့လည်း ကိုယ့်ဆိုင်က ဟန်းဆက်ဝယ်တဲ့သူကို Sim Card တစ်ခု ပြန်ပေးနိုင်တာပေါ့" ဆိုတဲ့စကား။ ကောင်းလေစွ၊ ယခင် ၁၅ သိန်းတန် Sim Card တစ်ခုကို ငွေကျပ် ၁၅ သိန်းနှင့်ပင်ငွေရှိသော်လည်း အလွယ်တကူဝယ်ယူ၍ မရကြပါ။ ယင်းထက်တန်ဖိုးကြီးစွာ ပေးဝယ်ခဲ့ကြရသည်။ ဒုတိယငွေကျပ် ငါးသိန်း၊ နောက်ငွေကျပ်နှစ်သိန်း အခုတော့ ထောင်ဂဏန်းမျှ၊ ဒါမှမဟုတ် လက်ဆောင်အပိုပစ္စည်းတစ်ခုအဖြစ် ရကြတော့မယ့်ပုံရိပ်လေးများ မပီဝိုးဝါးမြင်လာရပါပြီ။

ဟာ. . . ဒါတော့ မဖြစ်နိုင်ပါဘူးလို့ ဘယ်သူတွေက ဆိုကြမှာလည်း ကိုယ်တိုင်တော့ မရောက်ဖူးပါ။ နိုင်ငံခြားပြန် မိတ်ဆွေများကတော့ ပြောဖူးပါတယ်၊ နိုင်ငံခြားမှာ ဖုန်းနဲ့ဆိုင်တဲ့ပစ္စည်းတစ်ခုဝယ်ရင် ယခုကဲ့သို့ Sim Card များ လက်ဆောင်ပေးတတ်တယ်လို့ ကြားသိထားရာ စာရေးသူတို့ မြန်မာနိုင်ငံမှာလည်း သူတို့လို Sim Card လက်ဆောင်ပေး ဝန်ဆောင်မှုမျိုး မကြာမီပေါ်ပေါက်လာတော့မည်မှာ မဝေးတော့ပေ။

ရွှေသံလွင်ဝင်းအတွင်း ယာယီနေထိုင်သူများ မြေကွက်အပိုင်ရ၍ ဝမ်းသာပျော်ရွှင်လျက်ရှိ

ရန်ကုန် မတ် ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အမှတ်(၇)ရပ်ကွက် အမက (၁၅)အနီးရှိ ရွှေသံလွင်ကုမ္ပဏီပိုင်မြေနေရာတွင် နာဂစ်အပြီးမှစ၍ နေထိုင်ခဲ့ကြသော ကျူးကျော်တဲ ၁၅၃ လုံးမှ ၁၃၇ လုံးကို ရွှေသံလွင်ကုမ္ပဏီက မတ် ၂၂ရက် နံနက် ၉ နာရီတွင် တစ်အိမ်လျှင် ငွေကျပ်တစ်သိန်းစီပေး၍ ပြောင်းရွှေ့ခိုင်းမှုအပေါ် သဘောတူညီမှုရ၍ ပေ(၂၀×၅၀) မြေကွက်တစ်ကွက်စီ ပြန်လည်ဝယ်ယူရရှိသောကြောင့် မြေပိုင်မရှိသော ကျူးကျော်နေထိုင်သူများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

အဆိုပါနေရာတွင် တဲ ၁၅၄ လုံးရှိရာမှ တဲတစ်လုံးသည် ဗိုလ်အောင်ကျော်အိမ်ရာ၌ နေထိုင်သူတစ်ဦး၏တဲဖြစ်သောကြောင့် စာရင်းမှပယ်ဖျက်ခဲ့သည့်အတွက် ၁၅၃ လုံးရှိခဲ့ပြီး တဲ ၁၆ လုံးမှာမူ စည်ပင်မြေတွင် ပါဝင်သောကြောင့် ၁၃၇ လုံးသာ ငွေကျပ်တစ်သိန်းစီရရှိခဲ့ကာ အကျိုးဆောင်ဖွဲ့ထားသော ကိုးဦးက မြေနေရာ ပြန်လည်ရှာဖွေဝယ်ယူပြီး တစ်ဦးလျှင် ပေ(၂၀× ၅၀) မြေတစ်ကွက်စီ ရရှိခဲ့ကြောင်း သိရသည်။

ငွေကျပ်တစ်သိန်းစီရသော တဲ ၁၃၇ လုံးမှ ၃၅ လုံးသည် သီးခြားခွဲထွက်သွားသောကြောင့် တဲ ၁၀၂ လုံးအတွက် လှိုင်သာယာ ပန်းလှိုင်တံတားအနီးရှိ တွံတေးမြို့နယ် ခလောက်ခလုကျေးရွာမှ လယ်ပိုင်ရှင် ဒေါ်အေးနွဲ့ထံမှ လယ်မြေလေးဧကအတွက် ငွေကျပ် ၁၂၅ သိန်းဖြင့် ဝယ်ယူပြီး စရန်အဖြစ် ငွေကျပ် ၁၀ သိန်းပေးချေကာ ကျန်ငွေကို မတ် ၂၆ ရက်တွင် အကျေပေးချေရမည်ဖြစ်၍ ထိုနေ့၌ပင် လက်ရှိရွှေသံလွင်ဝင်းအတွင်းမှ ပြောင်းရွှေ့ပေးရန် သဘောတူထားကြောင်း အကျိုးဆောင်ကိုးဦးမှ အဖွဲ့ဝင် ဦးအောင်မြင့်က ပြောကြားသည်။

တိုင်းပြည်အတွက်ခြေတစ်ဖက် စွန့်ထားသော တပ်မတော်အငြိမ်းစားကိုလှထူးက "၂၀၀၄ ခုနှစ်မှာ တပ်မတော်က အနားယူပြီးတော့ ရန်ကုန်ကိုရောက်လာတယ်။ မိသားစု လေးဦးမှာ သမီးရဲ့စက်ရုံဆင်းတဲ့လစာကိုပဲ မှီခိုခဲ့ရတယ်။ ကျွန်တော်က ဒုက္ခိတဆိုတော့ ဘာမှမလုပ်နိုင်ဘူး။ ဒီရပ်ကွက်မှာရောက်စက တစ်လတစ်သောင်းနဲ့ အိမ်ငှားနေခဲ့ရင်း ဝင်ငွေနဲ့ ထွက်ငွေမမျှတဲ့အတွက် ဒီကုမ္ပဏီပိုင်မြေနေခဲ့တာ ဒီနေ့အထိပဲ။ ပန်းလှိုင်တံတားနားက လယ်မြေမှာ ပေ (၂၀×၅၀) မြေပိုင်းလေးရတဲ့အတွက် သားသမီးနှစ်ဦးရဲ့ နောင်ရေးကိုစိတ်အေးရပြီပေါ့ဗျာ" ဟုသူ၏အမြင်ကို ရင်ဖွင့်ပြောကြားသည်။ အမက(၁၅) အနီးရှိ ရွှေသံလွင်ကုမ္ပဏီပိုင်မြေ၌ နေထိုင်ကြသော တဲပိုင်ရှင်များသည် မတ် ၂၆ ရက်တွင် ပြောင်းရွှေ့မည်ဖြစ်ပြီး စည်ပင်ပိုင်မြေတွင် နေထိုင်သောတဲများသာ ကျန်ရှိမည်ဖြစ်၍ စည်ပင်ပိုင်မြေနှင့်စက်မှုဇုန်တို့တွင် ကျူးကျော်နေထိုင်သူများ ပိုမိုဆောက်လုပ်နေထိုင်မှုများလာကြောင်း သိရှိရသည်။ (၁၆၄)

SHARP

BIG AQUOS

ကြီးသည်ထက်ကြီး
ကောင်းသည်ထက်ကောင်းတဲ့ မြင်ကွင်းကျယ်များ

ဂျပန်နိုင်ငံရဲ့ မြင်ကွင်းကျယ်ရုပ်မြင် နည်းပညာမှာ ထိပ်တန်းဦးဆောင်သူမှ မိတ်ဆက်ပေးလိုက်တဲ့ သာမန်နည်းပညာထက် ရှေ့ပြေးသော ရုပ်သံရှုမျှော်မှု လက်မ (၈၀) AQUOS ကိုရွေးချယ်လိုက်ပါ၊ အရွယ်အစားပိုမိုကြီးမားသလောက် အရည်အသွေးလည်း ပိုမိုကောင်းမွန်ကာ သာမာန်ကျ (၃၂)လက်မမြင်ကွင်းကျယ် တီဗွီများထက် ၂.၁ ဆကျော် ကျယ်ပြန့်တဲ့မြင်ကွင်းရှိပါတယ်၊ အဆင့်မြင့် ၄-ရောင်စဉ် နည်းပညာဖြင့် ထုတ်လုပ်ထားတဲ့ တစ်ခုတည်းသော တီဗွီဖြစ်ရုံသာမက သရီးဒီ (3D) လည်းရတယ်နော် ......၊ မြင်ကွင်းကျယ် ပုံထွက်စစ်မှန်မှု၊ ကြည်လင်ပြတ်သားမှု နဲ့ ရုပ်သံရှုမျှော်မှုအရောင်စိုပြေတောက်ပမှုတွေရဲ့ ဦးဆောင်ထုတ်လုပ်မှုအား သုံးစွဲကြပါစို့......

ဂျပန်နိုင်ငံရဲ့ မြင်ကွင်းကျယ်နည်းပညာ နယ်ပယ်မှ ရှေ့ဆောင်များ

AQUOS Quattron

2 YEAR WARRANTY

JAPAN TECHNOLOGY

SDM COMPANY LIMITED. Tel No.: +95-1-249585, 249588 – 89, 249591

www.sharp.com.sg

နေပြည်တော် ဖိတ်ခေါ် လက်သိုင်းပြိုင်ပွဲအတွက် သူတို့ပြောသည့် ပွဲကြိုရင်ခုန်သံများ

ဆီးဂိမ်းပြိုင်ပွဲကြီးအကြိုအဖြစ် ပန်ကြပ်ဆီလတ်ခေါ် ဖိတ်ခေါ်လက်သိုင်းပြိုင်ပွဲကို နေပြည်တော်ရှိ အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ပိုက်ကျော်ခြင်းခန်းမ၌ မတ် ၂၄ နံနက် ၉ နာရီမှ စတင်ကျင်းပသည်။ ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက မောင်းတီး၍ ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါလက်သိုင်းပြိုင်ပွဲသို့ မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့နှင့်အတူ မြန်မာက (က)အသင်းနှင့် (ခ)အသင်းဟူ၍ နှစ်သင်းခွဲပြီး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲတွင် တစ်ဦးချင်းအတိုက်ပြိုင်ပွဲ (Tanding)၊ တစ်ဦးချင်း အပြပြိုင်ပွဲ (Tunggal)၊ နှစ်ယောက်တွဲ အပြပြိုင်ပွဲ(Ganda)၊ သုံးယောက်တွဲအပြပြိုင်ပွဲ(Regu)ဟူ၍ ပြိုင်ပွဲအမျိုးအစားလေးမျိုး ပါဝင်မည်ဖြစ်ပြီး အတိုက်ပြိုင်ပွဲတွင် အမျိုးသားကိုးတန်း၊ အမျိုးသမီး ခြောက်တန်းနှင့် အပြပြိုင်ပွဲတွင် အမျိုးသားသုံးတန်း၊ အမျိုးသမီးနှစ်တန်း ပါဝင်မည်ဖြစ်ရာ ရွှေတံဆိပ်ပေါင်း ၂၀ ချီးမြှင့်မည် ဖြစ်သည်။

သို့အတွက် ပြိုင်ပွဲမှာ ဖိတ်ခေါ်ပြိုင်ပွဲဖြစ်သော်လည်း ပြိုင်ဆိုင်မှု ပြင်းထန်စွာဖြင့် ယှဉ်ပြိုင်ရဖို့ သေချာနေပါသည်။ အထူးသဖြင့် ယခုကစားနည်း၏ ရေခံမြေခံမိတ်နိုင်ငံများဖြစ်သော အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့ ပါဝင်နေပြန်ရာ ပို၍ပင် အကြိတ်အနယ်ဖြစ်ဖို့များနေပါသည်။ အိမ်ရှင်မြန်မာအသင်းမှာလည်း ကစားသမားအင်အားကောင်းစွာဖြင့် နှစ်သင်းခွဲဝင်ပြိုင်မည်ဖြစ်ရာ စိတ်ဝင်စားဖွယ်ဖြစ်နေပါတော့သည်။ သို့ဖြစ်ရာ ကျွန်တော်တို့သည် ယင်းအသင်းများ လေ့ကျင့်နေသည့် အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ တိုက်ကွမ်ဒိုခန်းမသို့ သွားရောက်ကာ သိလိုသည်များကို ကင်းထောက် မေးမြန်းခဲ့ပါသည်။

ရှေးဦးစွာ အင်ဒိုနီးရှားအသင်းနှင့် တွေ့ဆုံမေးမြန်းခွင့်ရရှိရာ အင်ဒိုနီးရှားအသင်းနည်းပြဖြစ်သူ မစ္စစ်လီစ်မာနာက သိလိုသည်များကို ဖြေကြားပါသည်။ အင်ဒိုအသင်းအနေဖြင့် အတိုက်ရော အပြပါ နှစ်မျိုးစလုံး ယှဉ်ပြိုင်မည်ဖြစ်သော်လည်း အတိုက်ကို ဦးစားပေးမည်ဟု ၎င်းကဆိုပါသည်။ မှန်ပါသည်။ အင်ဒိုနီးရှားအသင်းတွင် ကစားသမားဦးရေ အမျိုးသားခြောက်ဦး၊ အမျိုးသမီးငါးဦး ပါဝင်လာရာ အမျိုးသမီးငယ်တစ်ယောက်သာ အပြပြိုင်ပွဲလေ့ကျင့်ကွက်များ လေ့ကျင့်နေသည်ကို တွေ့ရသည်။ ကျန်ကစားသမားများအားလုံး အတိုက်ပြိုင်ပွဲအတွက် လေ့ကျင့်နေကြပါသည်။



အင်ဒိုနီးရှားကစားသမားတစ်ဦး လေ့ကျင့်နေစဉ်။

"ဒီဖိတ်ခေါ်ပြိုင်ပွဲမှာ ရွှေတံဆိပ်တွေနဲ့ အကောင်းဆုံးရလဒ်တွေကို မျှော်လင့်ထားပေမယ့် ကိုယ့်ရဲ့ရိုးရာအားကစားနည်းကို ယှဉ်ပြိုင်ခွင့်ရတာက ပိုပြီးဝမ်းသာမိမယ်ထင်ပါတယ်" ဟု မစ္စစ်လီစ်က ဆိုသည်။ ၎င်းက "အခုပွဲမှာ အဓိကပြိုင်ရမယ့်အသင်းက မလေးရှားအသင်းပါ"ဟုလည်း သုံးသပ်ထားသည်။

"အစစအရာရာ အဆင်ပြေအောင် စီစဉ်ပေးနိုင်တဲ့ မြန်မာပြိုင်ပွဲစီစဉ်သူတွေကိုလည်း ချီးကျူးဂုဏ်ပြုပါတယ်"ဟု ၎င်းကဆိုရာ "ဒါဆိုရင် ဒီဇင်ဘာ နေပြည်တော်ဆီးဂိမ်းအတွက် ပြင်ဆင်မှုတွေကို ဘယ်လိုမြင်သလဲ" ဟု မေးစဉ် ၎င်းက "အဆင်ပြေတယ်ထင်ပါတယ်၊ အင်ဒိုနီးရှားမှာမရှိတဲ့ အဆောက်အအုံတွေ၊ နေရာတွေ တွေ့မြင်နေရလို့ပါ"ဟု ဖြေပါသည်။

ထို့နောက် မလေးရှားအသင်း၏ အသင်းမန်နေဂျာ မစ္စတာ အိုစမန်နေဘ့ခ်ကို မေးမြန်းခွင့် ရပါသည်။ ၎င်းက မလေးရှားအသင်းအနေဖြင့် တစ်ဦးချင်း အတိုက်ပြိုင်ပွဲနှင့် နှစ်ယောက်တွဲ အပြပြိုင်ပွဲတွေကို အဓိကထားယှဉ်ပြိုင်သွားမည်ဟု ဖြေသည်။ မလေးရှားအသင်းတွင် အမျိုးသားကစားသမား ၁၃ ဦး အမျိုးသမီးကစားသမား ရှစ်ဦးပါလာရာ မြန်မာ (က)အသင်းပြီးလျှင် အင်အားအတောင့်တင်းဆုံးအသင်းဖြစ်သလို ကစားသမားအဟောင်းနှင့်အသစ် မျှလာသော အသင်းဖြစ်သည်။ မစ္စတာအိုစမန်၏ ပြောပြချက်အရ ဝါရင့်ကစားသမား ၁၁ ဦး ပါဝင်လာပြီး အတိုက်ခုနစ်ဦးနှင့် အပြလေးဦးဖြစ်သည်။ ၎င်းတို့အသင်းသည် ပြီးခဲ့သည့် ၂၀၁၁ အင်ဒိုနီးရှားဆီးဂိမ်းတွင် ရွှေလေးခု၊ ငွေတစ်ခုရခဲ့ပြီး လာမည့် နေပြည်တော်ဆီးဂိမ်းတွင် ရွှေငါးခု မှန်းထားကြောင်းပြောပြသည်။ "ဒါဆိုရင် အခုဖိတ်ခေါ်ပြိုင်ပွဲမှာရော ဘယ်လိုလဲ"ဆိုတော့ "ဒီပွဲက အနိုင်အရှုံး အဓိကပြိုင်ပွဲမဟုတ်ပါဘူး"ဟု ဖြေသည်။ ယခုအကြိမ်သည် ၎င်းအတွက် မြန်မာနိုင်ငံသို့ သုံးကြိမ်မြောက်ရောက်ခြင်းဖြစ်သည်ဟုလည်း ဆိုပါသည်။

၎င်းက "ဒီပြိုင်ပွဲမှာ ဘယ်အသင်းကို အဓိကပြိုင်ရမယ် မဟုတ်ပါဘူး အားလုံးအသင်းကောင်းတွေချည်းပါပဲ၊ ဒါပေမယ့် မြန်မာအသင်းကတော့ သတိထားရမယ်။ ဘာလို့လဲဆိုတော့ ပြီးခဲ့တဲ့နှစ် ကမ္ဘောဇလားပြိုင်ပွဲမှာ မြန်မာအသင်း ရွှေနဲ့ အခြားဆုတံဆိပ်တွေ ရထားတာကို သိထားလို့ပါ"ဟု မြန်မာအသင်းအကြောင်းကို ပြောပါသည်။ လက်ရှိဖိတ်ခေါ်ပြိုင်ပွဲ စီမံမှုများနှင့်ပတ်သက်၍ "ပြောစရာအချို့ ရှိပေမယ့် အားလုံးခြုံကြည့်ရင် စီမံမှုတွေက ကျေနပ်စရာတွေပါ"ဟု ၎င်းက ဆိုခဲ့သည်။

အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ကစားသမား ခြောက်ဦးဖြင့် လာရောက်ယှဉ်ပြိုင်သော ထိုင်းအသင်းနည်းပြက သူ၏ကစားသမားတစ်ဦးကို ပြောကြားခိုင်းပါသည်။ အဆိုပါ ကစားသမားက ယခုပြိုင်ပွဲဝင်မည့်အသင်းမှာ လက်ရွေးစင်အသင်းကြီးမဟုတ်ကြောင်း၊ လာမည့် နေပြည်တော်ဆီးဂိမ်းတွင် ဒီအသင်းက ကစားသမားတွေ ပါဝင်မည် မပါဝင်မည် မသေချာကြောင်း ပြောပါသည်။ သို့သော် ယခုပြိုင်ပွဲကိုမူ အကောင်းဆုံး ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပါသည်။ ထိုင်းအသင်းသည် အပြပြိုင်ပွဲတွင် အမျိုးသမီးတစ်ဦးသာ ပြိုင်ဖွယ်ရှိနေပြီး ကျန်ကစားသမားများမှာ အတိုက်အတွက် လေ့ကျင့်နေကြသည်ကို တွေ့ရသည်။

မလေးရှားအသင်းမန်နေဂျာ

မြန်မာနှစ်သင်းပေါင်းတွင် ကစားသမား ၃၂ ဦး ပါဝင်ပြီး အတိုက်ပြိုင်ပွဲအတွက် ကစားသမား ၂၁ ဦး ပါဝင်နေကြောင်း သိရရာ အတိုက်ပြိုင်ပွဲသည် ပို၍ အကြိတ်အနယ်ဖြစ်ဖို့ များနေသည်။ မြန်မာအသင်းမှ နိုင်ငံခြားနည်းပြဆရာများသည် ဤပြိုင်ပွဲမှ ရွှေတံဆိပ်ငါးခုရရှိရန် ရည်မှန်းထားသည်ဟု သိရရာ ဘယ်သူတွေ ရွှေတွဲလွဲ ငွေတွဲလွဲဖြစ်မလဲဆိုသည်ကို မကြာခင်သိရတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပြည်တွင်းသတင်း

သတင်းဆောင်းပါး - ဖေမြင့်ဦး
ဓာတ်ပုံ - ကိုကိုစိုးညွှန့်

သစ်ပုတ်ချောင်းကျေးရွာ၌ ရေနွေးကျိုရာမှ မီးလောင်မှုဖြစ်ပွား

ပေါက်တော မတ် ၂၄

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် သစ်ပုတ်ချောင်းကျေးရွာတွင် မတ် ၂၀ ရက် မွန်းလွဲပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ပြီး နေအိမ် ၁၁ လုံးနှင့်ပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့သည်။

ဖြစ်ပွားပုံမှာ ယင်းနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ ခန့်က ဦးစောအောင် (ခ)ဦးနားကာချေ၏ အိမ်တွင် ရေနွေးကျိုပြီးထားခဲ့ရာမှ အိမ်သားများ အပြင်သို့ ဈေးဝယ်သွားနေစဉ် မီးသည် ခနိုကပ်ထရံကို စွဲလောင်ကာ ထိုမှတစ်ဆင့် အခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်နေသည်ဟု အနီးအနားမှ လူအများ အော်ဟစ်သတိပေးမှုကြောင့် ရွာသားများ စုရုံးရောက်ရှိလာပြီး ဝိုင်းဝန်းငြှိမ်းသတ်ကြရာ ညနေ ၃ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

သတင်းပို့

သစ်ပုတ်ချောင်းကျေးရွာသည် အိမ်ခြေ ၄၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းဖြင့် အသက်မွေးသော ကျေးရွာတစ်ရွာဖြစ်သည်။ မီးဘေးဒုက္ခသည် ကျား ၃၄ ဦး၊ မ ၃၀ ရှိပြီး အုပ်ချုပ်ရေးမှူးက လောလောဆယ် ထောက်ပံ့လှူဒါန်းထားကြောင်း၊ ကျေးရွာတွင်လည်း စုပေါင်း လှူကြရန် စီစဉ်ထားကြောင်း၊ မီးလောင်မှုကို သက်ဆိုင်ရာသို့ သတင်းပို့ထားကြောင်း သတင်းရရှိသည်။

ကိုကြီးစော

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ သွင်းကုန်လိုင်စင်အမှတ် IL 7 12-13 8920 (၂၁-၂-၂၀၁၃) သည် ပျောက်ဆုံးသွားပါသောကြောင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကြေညာအပ်ပါသည်။ **(ကျေးဇူးဆပ်ပါမည်။)**

ဖုန်း-၀၉-၄၂၁၀၁၈၉၈၉

ပျောက်ဆုံးခြင်း

ကျွန်မ မဝေဝေလှိုင်၏ နိုင်ငံကူးလက်မှတ် M-238269 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးပြု၍ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၄၃၀၇၀၆၇၉

SHWE LWIN LWIN TRADING CO.,LTD

သင် JAPAN နိုင်ငံမှာအလုပ်လုပ်လိုလျှင်

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAGI KEN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်း စက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန်အတွက် ၂၀၁၃ ခုနှစ်၏ ပထမအကြိမ်အဖြစ် အမျိုးသား (၂၀)ဦး အမျိုးသမီး(၃၀)ဦး အသက်(၂၀)နှစ်မှ (၃၀)နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

* ဂျပန်စကားပြောတတ်သူ ဦးစားပေးမည်။
* အလုပ်ချိန် ။ ။ တစ်နေ့ ၈ နာရီ
* လစာ ။ ။ တစ်နာရီ ယန်း(၇၀၀)+အချိန်ပို

၁-၄-၂၀၁၃ ရက်မှ ၇-၄-၂၀၁၃ ရက်အတွင်း ဂျပန်နိုင်ငံမှ လုပ်ငန်းရှင်ကိုယ်တိုင် လာရောက်လူတွေ့စစ်ဆေးပါမည်။

(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရွှေလွင်လွင်ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်။)

ဆက်သွယ်ရန်။ ။ No.C/101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon.

Tel:01-557570, 09-8303939,
Email: shwelwinlwin.co@gmail.com

[illegible]

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈(စီ-၁)၊ လူနေရပ်ကွက် အမှတ်-အက်စ်/၂၉၊ မြေကွက်အမှတ်-၄၀၊ ဧရိယာ ၀ ဒသမ ၀၂၉ ဧက၊ ပေ(၂၅×၅၀)အကျယ်ရှိ နှစ်၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ်(၄၇)ဟု ခေါ်တွင်သော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများက ရောင်းဖိုးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြဟန် B.A(Law), LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၇၀၁)
အမှတ်-၅၅၊ အခန်း(၅)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်(အနောက်)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၂၇၆၊ တိုက်ခန်းအမှတ် အေ/၃-လွှာ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်နီနီဝင်း ၁၄/ပတန(နိုင်)၁၄၁၂၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲမွန်စိုး ၁၄/မမက(နိုင်)၁၄၅၁၆၆က ၅-၁၂-၂၀၁၂ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ်စရန်ပေးစာချုပ်ကို ချုပ်ဆို၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၃၀-၃-၂၀၁၃ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးဝင်း (B.Sc, R.L, D.B.L,)
အထက်တန်းရှေ့နေ (စဉ်-၁၉၈၇၇)
အမှတ်(၇၇/မြေညီ)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

တိုက်ဂါးဝုဒ်ကမ္ဘာ့ နံပါတ်တစ်ပြန်ဖြစ်နိုင်

ကမ္ဘာကျော်ဂေါက်သီးကစားသမား တိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ၌ ကျင်းပလျက်ရှိသော အာနိုးပါးမားဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့အပြီး နှစ်ချက်အသာဖြင့် ဦးဆောင်နေခြင်းကြောင့် ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်လည်ရရှိရန် နီးစပ်နေပြီဖြစ်သည်။ တိုက်ဂါးဝုဒ်သည် တတိယနေ့တွင် ၆၆ ချက် ရိုက်ခဲ့သည်။ စုစုပေါင်း ၁၁ချက် လျှော့ရိုက်ထားသည်။

အသက် ၃၇ နှစ်ရှိ တိုက်ဂါးဝုဒ်သည် ယင်းဖလားဆွတ်ခူးနိုင်လျှင် သေချာပေါက်ကမ္ဘာ့နံပါတ်တစ်ပြန်ဖြစ်နိုင်သည်ဟု ဆိုသည်။

မိုက်ကယ်အိုဝင်နည်းပြလုပ်ရန်စိတ်ဝင်စား

တိုက်စစ်မှူးမိုက်ကယ်အိုဝင်းက သူ့အနေဖြင့် ဘောလုံးကစားခြင်းမှ အနားယူပြီးလျှင် နည်းပြအလုပ်ကိုလည်း လုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ အသက် ၃၃ နှစ်ရှိ စတုတ်တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် ယခုနှစ်ဘောလုံးရာသီကုန်လျှင် ဘောလုံးကစားခြင်းမှ အနားယူတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်သည်။

မိုက်ကယ်အိုဝင်သည် လီဗာပူး၊ ရီးရဲမက်ဒရစ်နှင့် မန်ယူတို့တွင်လည်း ကစားခဲ့သူဖြစ်သည်။ အတွေ့အကြုံများသည့် မိုက်ကယ်အိုဝင်သည် အသင်းနည်းပြဖြစ်လာနိုင်သည်။

အင်္ဂလန်အုပ်စုကို ဦးဆောင်လို

အင်္ဂလန်အသင်းအနေဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ဆန်မာရီနိုအသင်းကို ရှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီးနောက် မွန်တီနီဂရိုးအသင်းကိုပါ အနိုင်ကစားသွားရန် ပြင်ဆင်ထားကြောင်း အသင်းခေါင်းဆောင်စတီဗင်ဂျရတ်က ပြောကြားလိုက်သည်။

ဦးဆောင်နေ

အင်္ဂလန်အသင်းသည် အုပ်စု (H) တွင် ဦးဆောင်နေသော မွန်တီနီကရိုးအသင်းကိုပါ အနိုင်ကစားသွားရန်ပြင်ဆင်လျက်ရှိသည်။ သို့သော် မွန်တီနီကရိုးအသင်းသည် ငါးပွဲကစားပြီးချိန်တွင် ရမှတ် ၁၁ မှတ်ဖြင့် အုပ်စု (H)ကို ဦးဆောင်နေသည်။

ကောင်းမြတ်သူ - ရေးသားသည်

အိုင်ဗရီကို့စ်နဲ့ကင်မရွန်းတို့နိုင်ပွဲကိုယ်စီရခဲ့တဲ့ အာဖရိကဇုန် ကမ္ဘာ့ဖလားခြေစစ်ပွဲများ

မိုးမြင့်လင်းလက် စုစည်းသည်

၂၀၁၄ ကမ္ဘာ့ဖလားအာဖရိကဇုန် ခြေစစ်ပွဲတွေကို မတ် ၂၃ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားတဲ့အခါ အာဖရိက နာမည်ကြီးအသင်းအချို့အနိုင်ရရှိပြီး အုပ်စုအတွင်း ရပ်တည်မှုအနေအထားကို အကောင်းဆုံးပုံဖော်နိုင်ခဲ့ကြပါတယ်။ အာဖရိကဇုန်အသင်းတွေရဲ့ ယှဉ်ပြိုင်မှုက အင်အားပြည့်နဲ့ ကစားခဲ့ကြတာမို့ ပွဲကောင်းတွေ ဖြစ်ခဲ့ကြပါတယ်။

အိုင်ဗရီကို့စ်နှင့် ဂမ်ဘီယာ

အုပ်စု(C)ရဲ့ အိုင်ဗရီကို့စ်အသင်းမှာ ယာယာတိုရေးနဲ့ ကာလူးတို့ခြေစွမ်းပြကစားနိုင်ခဲ့ကြပြီး ဂိုးတွေလည်း သွင်းယူနိုင်ခဲ့ကြပါတယ်။ ဂမ်ဘီယာတို့က ချေပဂိုးတွေ ပြန်သွင်းယူဖို့ ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူးတွေ အားနည်းချက်ကြောင့် ဂိုးမရရှိခဲ့ပါဘူး။ အိုင်ဗရီကို့စ်အတွက် အဖွင့်ဂိုးကိုတော့ ပွဲချိန် ၄၉ မိနစ်မှ ပယ်နယ်တီမှတစ်ဆင့် ကိုနေးက သွင်းယူခဲ့ကြပါတယ်။ ဆက်လက်ပြီး ဒုတိယပိုင်းမှာ အိုင်ဗရီကို့စ်တို့ က ကစားအားတင်ခဲ့ပြီး ဂိုးရရှိရေးကြိုးစားခဲ့တာမို့ ပွဲချိန် ၅၉ မိနစ်မှာ ယာယာတိုရေးက ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ဒ့ါအပြင် ပွဲချိန် မိနစ် ၇၀ မှာ ကာလူးကတစ်ဂိုးသွင်းယူခဲ့တာကြောင့် အိုင်ဗရီကို့စ်တို့ပွဲအပြီးမှာ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိပြီး တန်းစီဇယားမှာ ထိပ်ဆုံးက ရပ်တည်နေပါတယ်။

ကွန်ဂိုနှင့် ဂါဘွန်

အုပ်စု(E)ရဲ့ကွန်ဂိုတို့ ဂါဘွန်ကိုနိုင်ပွဲရအောင် ကြိုးစားကစားခဲ့ပါတယ်။ ကွန်ဂိုတို့ ဂိုးသွင်းခွင့်တွေအကြိမ်ကြိမ်ရရှိပေမယ့် အဆုံးသတ်မပီပြင်ခဲ့လို့ ဂိုး တွေမရရှိခဲ့ခြင်းပါပဲ။ ကွန်ဂိုအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ပွဲချိန် ၆၇ မိနစ်မှာ ဆမ်ဘာက သွင်းယူပေးခဲ့တာမို့ ပွဲအပြီးမှာ ကွန်ဂိုတို့ တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ အုပ်စု(E) မှာတော့ ကွန်ဂိုတို့ သုံးပွဲကစား၊ သုံးပွဲနိုင်၊ ကိုးမှတ်နဲ့ ထိပ်ဆုံးနေရာမှာ စိုးမိုးထားပါတယ်။

နိုင်ဂျီးရီးယားနှင့် ကင်ညာ

အုပ်စု(F) ရဲ့ နိုင်ဂျီးရီးယားတို့ ကံကောင်းစွာနဲ့ သရေပွဲဖြစ်ခဲ့တာပါပဲ။ ကင်ညာအသင်းဟာ နိုင်ဂျီးရီးယားကို နေရာစုံကဖိကစားခဲ့တာမို့ ပွဲချိန် ၃၆ မိနစ်မှာ ခါဟာတာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ နိုင်ဂျီးရီးယားဟာ ချေပဂိုးရရှိခဲ့ပေမယ့် ပွဲချိန်အပြီး လေလွင့်ချိန်မှာ အိုဟွာမာဒီကတစ်ဂိုးသွင်းယူခဲ့လို့ ကံကောင်းပြီး တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပါတယ်။ ဒီပွဲသရေကျလို့ နိုင်ဂျီးရီးယားက တစ်ပွဲနိုင်၊ နှစ်ပွဲသရေနဲ့ ငါးမှတ်ရရှိပြီးအုပ်စုကို ဦးဆောင်နေပါတယ်။

ကင်မရွန်းနှင့် တိုဂို

အုပ်စု(J) ရဲ့ ကင်မရွန်းတို့ နောက်ကျဂိုးကြောင့် အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ နှစ်သင်းစလုံးဦးဆောင်ဂိုးသွင်းယူနိုင်ရေး ကြိုးစားခဲ့ပေမယ့် အရာမထင်ခဲ့ဘဲဖြစ်နေရာက ပွဲချိန် ၄၂ မိနစ်မှာ အီတူးက ပယ်နယ်တီမှ တစ်ဆင့် ဂိုးသွင်းယူနိုင်ခဲ့တာမို့ အဖွင့်ဂိုးရရှိခဲ့ပါတယ်။ ဒါပေမယ့်တိုဂိုရဲ့ ဝိုမီကပွဲချိန် ၄၇ မိနစ်မှာ တစ်ဂိုးသွင်းယူချေပခဲ့လို့ တိုဂိုတို့ချေပဂိုးရရှိခဲ့ပေမယ့် ပွဲချိန် ၈၂မိနစ်မှာ အီတူးကပဲ တစ်ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ ကင်မရွန်းက နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ကင်မရွန်းတို့ အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။

ဆီနီဂေါနှင့် အင်ဂိုလာ

အုပ်စု(J) ရဲ့ ဆီနီဂေါနဲ့ အင်ဂိုလာတို့ပွဲမှာတော့ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ပေမယ့် သုံးပွဲကစားပြီးချိန်မှာ အီနီဂေါတို့ ငါးမှတ်ရပြီး အုပ်စုထိပ်ဆုံးမှာ ဦးဆောင်နေပါတယ်။

အားကစားသတင်းအတိုအထွာ

❖ မန်ယူနည်းပြဖာဂူဆန်က မန်ယူနည်းပြရာထူး၌ နှစ်အနည်းငယ်သာ တာဝန်ယူပေးနိုင်တော့မည်ဖြစ်ကြောင်း ပြောကြားသည်။

❖ တိုက်စစ်မှူး ဗန်ပါစီက မန်ယူ၌ ကစားရခြင်းမှာ မိမိ၏ ငယ်ဘဝ အိပ်မက်ကိုအကောင်အထည်ဖော်နိုင်ခြင်းဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❖ ဂွါဒီယိုလာ၏ နည်းပြအရည်အချင်းကို မိမိအသိအမှတ်ပြုကြောင်း ရီးရဲမက်ဒရစ်နည်းပြမော်ရင်ဟိုက ပြောကြားသည်။

❖ ဘရာဇီးတိုက်စစ်မှူးနေမာက မန်စီးတီးထက်မန်ယူတွင် ပို၍ကစားလိုသောဆန္ဒပြင်းပြကြောင်းပြောကြားသည်။

❖ ကမ္ဘာ့ဖလားပွဲ၌ အောင်မြင်မှုများရရှိရန်အတွက် အားနည်းချက်များ ပွင့်လင်းစွာထုတ်ဖော်ပြုပြင်ရန်လိုနေပြီဖြစ်ကြောင်း အင်္ဂလန်အသင်း ခေါင်းဆောင်ဟောင်းဒေးဗစ်ဘက်ခမ်းက ပြောကြားသည်။

❖ ဂါလာတာစာရေး၌ ပြောင်းရွှေ့ကစားနေသော တိုက်စစ်မှူးဒရော့ဘာသည် ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူး တစ်ဦးဖြစ်နေဆဲဖြစ်ကြောင်း ချယ်လ်ဆီး ကွင်းလယ်ကစားသမားလမ်းပတ်ကပြောကြားသည်။

❖ ဂျူဗင်တပ်စ်အသင်းသည် လာမည့်နွေရာသီ၌ တိုက်စစ်မှူးနှစ်ဦး ဝယ်ယူရန် စီစဉ်ထားကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

❖ နည်းပြအာစင်ဝင်းဂါးသည် အောင်မြင်မှုရရှိလိုပါက အခြားဘောလုံး အသင်းတစ်သင်းသို့ ပြောင်းရွှေ့တာဝန်ယူသင့်ပြီဖြစ်ကြောင်း နည်းပြ အန်ဆယ်လော့တီက ပြောကြားသည်။

မောင်ချစ်ကြည်

သင့်သွေးဖြင့် အသက်ကယ်ပါ

လူပျောက်ကြော်ငြာ

ကျွန်တော် မောင်ပန်းနု ၁၀/မဒန(နိုင်) ၁၆၃၅၆၂၏ဇနီး မမေစုထွေး ၁၀/မဒန(နိုင်) ၁၉၆၂၆၂(ဝဲဘက်ပါးအမှတ်ရှိ)သည် ၂၃-၂-၂၀၁၃ရက် နံနက်ပိုင်းတွင် သူငယ်ချင်းများနှင့်အတူ အအေးသောက်ရန် နေအိမ်မှ ထွက်ခွာသွားပြီးနောက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။**ဖုန်း-၀၉-၄၂၅၂၆၁၆၁၆**



ဝန်ထမ်းအလိုရှိသည်

ပြည်တွင်း၌သာခန့်ထားရန်

(၁) အင်ဂျင်နီယာ(မြို့ပြ) **ကျား/မ (၃)ဦး**

- BE/ B.Tech/ A.G.T.I (Civil) (လုပ်သက် ၅ နှစ်)

(၂) စာရင်းစစ် **ကျား/မ (၄)ဦး**

LCCI Level (III) နှင့် MYOB (3) အောင်မြင်ပြီးသူ၊ ဘွဲ့ရဖြစ်ရမည်။ Miscrosoft Excel / Word နှင့် Page Maker ကျွမ်းကျင်ရမည်။ Final Balance များ ရေးဆွဲနိုင်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိရမည်။

(၃) စာရင်းကိုင် **ကျား/မ (၄)ဦး**

LCCI Level (III) နှင့် MYOB (3) အောင်မြင်ပြီးသူ၊ ဘွဲ့ရဖြစ်ရမည်။ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

(၄) Cashier **ကျား/မ (၄)ဦး**

LCCI Level (II) အောင်မြင်ပြီးသူ၊ သက်ဆိုင်ရာ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိရမည်။

(၅) ယာဉ်မောင်း **ကျား/မ (၄)ဦး**

အသက် (၃၅)နှစ်အထက်၊ မရမ်းကုန်း၊ အင်းစိန်၊ လှိုင်၊ ဗဟန်းနှင့်နီးသူ ဦးစားပေးမည်။ ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၅)နှစ်ရှိရမည်။

အထက်ပါရာထူး စိတ်ဝင်စားသူများသည် ကိုယ်ရေးရာဇဝင်၊ အလုပ်သမားမှတ်ပုံတင်၊ ပညာအရည်အချင်းထောက်ခံစာ၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ (၆)လအတွင်း ဓာတ်ပုံ(၃)ပုံ၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာမိတ္တူများနှင့်တကွ အောက်ပါလိပ်စာသို့ ၃၁-၃-၂၀၁၃ရက် နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။

VIKING MYANMAR CONSTRUCTION CO.,LTD.
No.35, Tharthana Yeik Thar Lane,
Bahan Township, Yangon, Myanmar.
Tel: 01-8603152, 01-8603154/ Fax: 01-554993

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဇီဇဝါလမ်း၊ အမှတ်(၆/F -၂)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ် ၄၂/ခ၊ လူနေရပ်ကွက်အမှတ်-ကံဘဲ့၊ မြေကွက်အမှတ် (၆/စ-၂)၊ မြေဧရိယာ ၀ဒသမ၀၈၃ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ကြည်ကြည်ဝင်းနှင့် ဦးဝင်းမြတ်ထွန်းတို့ (၂-ဦး)မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေ ပေးအပ်ထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံအား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် စာရွက်စာတမ်း၊ အထောက်အထား ခိုင်လုံစွာယူဆောင်ပြီး လာရောက်တွေ့ဆုံနိုင်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ခြင်းမရှိပါက အရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ(LL.B) — **တရားလွှတ်တော်ရှေ့နေ(၄၃၇၃)**

ဒေါ်လှလှခိုင်(LL.B) — **တရားလွှတ်တော်ရှေ့နေ(၅၄၁၀)**

အမှတ်(၉/၁၁)၊ အခန်းအမှတ် (၂၀၁-A)၊ ဒုတိယထပ်၊ ၃၆ လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တစ်ဦးတည်းဖြစ်ကြောင်း

မဇာလီမြင့်မိုရ် ၁၂/မဂတ(နိုင်)၁၀၁၂၁၈၏ ဖခင်အမည် အဒူကရင်(ခ)ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၁၅၇၂၈သည် တစ်ဦးတည်း ဖြစ်ပါသည်။ **အဒူကရင်(ခ)ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၁၅၇၂၈**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ထွန်းထွန်းနိုင် ၁၁/သတန(နိုင်) ၀၅၀၂၇၉ ကိုင်ဆောင်သော သင်္ဘောသား COC အမှတ် DAMA-1950 Second Engineer Officer လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၅၀၇၇၂၉၆**

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေကွက်အမှတ် ၉၁/၇၂၈၊ မူလပိုင်ရှင် ဦးတင်ဦး S/OKA- ၀၁၂၂၃၉နှင့် မြေကွက်အမှတ် ၉၁/၇၂၉ မူလပိုင်ရှင် ဒေါ်မြင့်မြင့်ကြည် AC- ၀၄၂၂၄၈တို့၏ ပေ(၄၀×၆၀)စီရှိသည့် မြေကွက်များကို လက်ရှိပိုင်ရှင် ဦးမောင်မောင် ၁၀/မဒန(နိုင်)၀၂၁၆၄၇ထံမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ အကြောင်းတစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးမြတ်မျိုးကျော် ၉/မနတ(နိုင်)၁၀၀၇၅၄
ဒ-၁၁/၆၇၊ ၆၃ လမ်း၊ ၃၉×၄၀ လမ်းကြား၊ မန္တလေး
ဖုန်း-၀၉-၂၀၂၃၉၅၁

မန္တလေးမှစ၍ လေကြောင်းဖြင့် နိုင်ငံတကာသို့ သွားရောက်နိုင်ပြီ

ရန်ကုန် မတ် ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့်ထိုင်းနိုင်ငံတို့အကြားချစ်ကြည်ရင်းနှီးမှုကို မြှင့်တင်သောအားဖြင့် ထိုင်းလေကြောင်းလိုင်းတစ်ခုက မြန်မာနိုင်ငံ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဗန်ကောက်မြို့တို့သို့ မကြာမီ တိုက်ရိုက်လေကြောင်းလိုင်းသစ် စတင်ပြေးဆွဲပေးမည်ဖြစ်ကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူ တစ်ဦးက ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသောသတင်းစာ ရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့ Smile လေကြောင်းလိုင်း ကုမ္ပဏီအနေနဲ့ မြန်မာပြည်သူ ပြည်သားများနဲ့ ထိုင်းပြည်သူများသွားလာမှုလွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီးလာမည့် မတ်၃၁ရက်မှစပြီး လေကြောင်းလိုင်းသစ် စတင်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်။ တစ်ဖက်ကို ကျွန်တော်တို့ Smile လေကြောင်းလိုင်း အနေနဲ့ ဗန်ကောက်-မန္တလေး-ဗန်ကောက် ခရီးစဉ်ကို အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနဲ့တနင်္ဂနွေနေ့တွေမှာ တိုက်ရိုက်ပျံသန်းပြေးဆွဲမှာဖြစ်ပါတယ်"ဟု ထိုင်းလေကြောင်းလိုင်းမှ အထွေထွေမန်နေဂျာမစ္စတာ ရာတာပန်ယန်ယွန်းက ပြောကြားသည်။

"တိုက်ရိုက်ပြေးဆွဲမယ့် မန္တလေး-ဗန်ကောက်-မန္တလေး လေကြောင်းလိုင်းသစ်ကို ဗန်ကောက်မြို့မှ နံနက် ၇ နာရီခွဲမှာ ထွက်ခွာမှာဖြစ်ပြီး မန္တလေးလေဆိပ်မှ နံနက် ၉ နာရီ ၃၅ မိနစ်မှာ ထွက်ခွာမှာ ဖြစ်ပါတယ်" ဟု ဒေသဆိုင်ရာ လက်မှတ်အရောင်းမန်နေဂျာ ဦးတင်ထွန်းဦးက ပြောကြားသည်။

Smile လေကြောင်းလိုင်းအနေဖြင့်ယခုပြေးဆွဲမည့်လေယာဉ်အမျိုးအစားမှာ အဲဘတ်စ်လေယာဉ်အမျိုးအစား A-380 ခရီးသည် ၅၀၄ ဦး တင်ဆောင်နိုင်သည့် လေယာဉ်အကြီးစားနှင့် ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

ထိုင်း လေကြောင်းလိုင်းသည် ၁၉၆၀ ပြည့်နှစ် မေလ ၁ ရက်နေ့မှ စတင်ပြီး ပြေးဆွဲခဲ့ရာ ယခုအခါ နှစ်ပေါင်း ၅၃နှစ်ကြာမြင့်ပြီဖြစ်ကြောင်း၊ (၅၃)နှစ်မြောက် နှစ်ပတ်လည်အဖြစ်

သတင်းဆောင်းပါး-မြင့်မောင်စိုး

မန္တလေး-ဗန်ကောက်-မန္တလေး တိုက်ရိုက်လေကြောင်းလိုင်းသစ်ကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းလေကြောင်းလိုင်းသည် စတင်ပြေးဆွဲစဉ်က အရှေ့ဘက်တွင် ဟောင်ကောင်၊ အနောက်ဘက်တွင် ရန်ကုန်နှင့် ကိုလ်ကတ္တားမြို့များသို့ ပျံသန်းပြေးဆွဲခဲ့သည်။ ထိုင်းလေကြောင်းသည် ထိုစဉ်က ရန်ကုန်သို့ တစ်ပတ်နှစ်ကြိမ် ပျံသန်းခဲ့ပြီးနောက်ပိုင်းတွင် တစ်ပတ်သုံးကြိမ် ပျံသန်းခဲ့သည်။ ယခုအခါ ထိုင်းလေကြောင်းလိုင်းအနေဖြင့် ရန်ကုန်နှင့် ဗန်ကောက်မြို့အကြား တစ်နေ့ သုံးကြိမ်နှုန်းဖြင့် တစ်ပတ်လျှင် ၂၁ ကြိမ် တိုက်ရိုက်လေကြောင်းလိုင်း ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ ယခုအခါ ထိုင်းလေကြောင်းလိုင်း အနေဖြင့် လေယာဉ် ၉၈ စင်းပိုင်ဆိုင် ထားပြီး ကမ္ဘာ့တိုက်ကြီး ငါးခုရှိ ခရီးသွားလေဆိပ်ပေါင်း ၇၅ ခုသို့ ပျံသန်း ပြေးလျက်ရှိသည်။ ထိုင်းလေကြောင်းသည် Star Alliance လေကြောင်းလိုင်းက ထူထောင် ထားသည့် လေကြောင်းလိုင်းတစ်ခု ဖြစ်သည်။ ယခုအခါ Star Alliance လိုင်းတွင် အဖွဲ့ဝင် လေကြောင်းလိုင်း ပေါင်း ၂၈ ခုရှိနေပြီဖြစ်သည်။ ထိုအထဲတွင် ယခု မန္တလေး-ဗန်ကောက် -မန္တလေး တိုက်ရိုက်ပြေးဆွဲမည့် Smile လေကြောင်း လိုင်းလည်းတစ်ခုအပါအဝင်ဖြစ်သည်။ ယင်းလေကြောင်းလိုင်းသည် စင်ကာပူနှင့်ဆီယမ်ရိသို့လည်း လေကြောင်းလိုင်း သစ်ဖွင့်လှစ်ပြေးဆွဲရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် ဖူးခက်မှ ကွာလာလမ်ပူ၊ နယူးဒေလီနှင့် မွမ်ဘိုင်းမြို့များသို့လည်း ပျံသန်းပြေးဆွဲရန် စီစဉ်နေကြောင်း သိရသည်။

သွားရောက်နိုင်

ယခုကဲ့သို့ မန္တလေးနှင့် ဗန်ကောက်မြို့အကြား တိုက်ရိုက်လေကြောင်းလိုင်းသစ်ဖွင့်လှစ်လိုက်ခြင်းဖြင့် မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးအပါအဝင်မြို့များမှာ ရန်ကုန်မှ လေယာဉ်စီးစရာမလိုတော့ဘဲ မန္တလေးလေဆိပ်မှတစ်ဆင့် ဗန်ကောက်မြို့သို့သွားရောက်နိုင်ပြီး ယင်းမှ ဆက်လက်၍နိုင်ငံတကာရှိမြို့များသို့ သွားရောက်နိုင်ပြီ ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ ပဏာမလက်ရွေးစင် ဟော်ကီ အမျိုးသား၊ အမျိုးသမီး အားကစားသမားများ အသုံးပြုရန် အလှူငွေပေးအပ်ပွဲကို မတ် ၂၃ ရက်က သိမ်ဖြူ မြက်ခင်းတုဟော်ကီကွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းက အလှူငွေကျပ် သိန်း ၃၀ကို မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေး ကော်မတီဝင် ဦးထင်ဇော်ဝင်းထံသို့ ပေးအပ်စဉ်။

သန်းဆွေ(ပန်းဘဲတန်း)

သရုပ်ပြလေ့ကျင့်

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ပဲခူးခရိုင် မီးသတ်တပ်ဖွဲ့ ဦးစီးမှူး ဦးအေးမြင့်နှင့်အဖွဲ့ မတ် ၂၃ ရက်တွင် ဘုရားလုံခြုံရေးအဖွဲ့ဝင် ၂၃ ဦးအား မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြ သင်ကြားပေးစဉ်။

(မြို့နယ်မီးသတ်)

ပြည်တွင်းသတင်း

ပျားမွေးမြူခြင်းဖြင့်ကျေးလက်နေပြည်သူများ ဝင်ငွေတိုးနိုင်

တောင်ကြီး မတ် ၂၄

ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ခင်းများအတွင်း ပျားမွေးမြူရေးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် သီးနှံများအထွက်နှုန်းတိုးတက်ခြင်း၊ အပိုဝင်ငွေရရှိခြင်းဖြင့် ဝင်ငွေတိုးတက်များပြားလာပြီး ဆင်းရဲမှု တစ်စိတ်တစ်ဒေသလျှော့ချနိုင်မည်ဖြစ်သည်။ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ရပ်စောက်မြို့နယ် ကြာအင်းကျေးရွာ မူလတန်းကျောင်းတွင် မတ် ၁၉ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) အရှေ့ပိုင်းသမဝါယမအသင်းစုချုပ်၊ ရှမ်းပြည်နယ် ပျားလုပ်ငန်းဦးစီးဌာနတို့၏ ပူးပေါင်းစီမံမှုဖြင့် အခြေခံ ပျားမွေးမြူရေးပညာပေးသင်တန်းဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ရပ်စောက်မြို့နယ် ပန်းချယ်ရီစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် တော်တော်လင်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း နှစ်သင်းမှ အသင်းသား ၃၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်ကာ ပျားမွေးမြူနည်းကို စာတွေ့လက်တွေ့ သင်ကြားပေးခဲ့သည်။

ပျားမွေးမြူခြင်းသည် အရင်းအနှီးအနည်းငယ်ဖြင့် အစာစရိတ်မကုန်ဘဲ မွေးမြူနိုင်ပြီး ပျားအုံတစ်အုံ၏ အရင်းမှာ ငွေကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ခန့် ကုန်ကျပြီး တစ်နှစ်လျှင် ပျားရည်ပေါင် ၅၀ မှ ၁၀၀ အကြားထွက်ရှိခြင်း၊ ပျားရည် တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၂၀၀၀ ခန့်အထိ ရရှိသဖြင့် ဝင်ငွေအနေဖြင့် အရင်းနုတ်ပြီး ငွေကျပ် ၅၀၀၀၀ မှ တစ်သိန်းအကြား အမြတ်ရရှိနိုင်မည်ဖြစ်ကြောင်း ပြည်နယ် ပျားလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းက ပြောကြားသည်။

ထိုကဲ့သို့ ပျားမွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင်မှ အစုအဖွဲ့လိုက်သော်လည်းကောင်း၊ သမဝါယမအသင်းများက သော်လည်းကောင်း၊ တိုးချဲ့မွေးမြူခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိကာ ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေတိုးတက်ပြီး ဆင်းရဲမှုကို လျှော့ချနိုင်မည်ဖြစ်ပါကြောင်းနှင့် အထွက်နှုန်းကောင်း၍ ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်ပါက ပြည်ပဝင်ငွေရရှိနိုင်မည့် လုပ်ငန်းကောင်းတစ်ခုဖြစ်ကြောင်း သိရှိရသည်။

နိုင်ထွန်း(TGI)

စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ပေါင် မတ် ၂၄

ကျေးလက်နေပြည်သူများ ဗဟုသုတရရှိစေရေးနှင့် နွေရာသီ ကျောင်းပိတ်ရက်များတွင် ကျောင်းသား ကျောင်းသူများ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်အတွက် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဝန်ဆောင်မှုပေးလျက်ရှိရာ မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းက ပေးပို့လှူဒါန်းသော သုတရသစာအုပ်မျိုးစုံ ၂၅၀ကို သဲအိမ်ကျေးရွာ ရွှေအလင်းရောင် စာကြည့်တိုက်နှင့် ညောင်ကုန်းကြီးကျေးရွာ (ထွန်းထွန်းတောက်) စာကြည့်တိုက်များသို့ မတ် ၂၀ ရက် နံနက် ၁၀ နာရီက ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါ စာကြည့်တိုက်သို့ စာဖတ်စာငှားလာကြသော ကျောင်းသားကျောင်းသူကလေးငယ်များအား စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပပေးပြီး ဆုရရှိသော ကလေးများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ချိုမြတ်မြတ်ထွေးနှင့် ဝန်ထမ်းများက စားစရာမုန့်နှင့် လက်ဆောင်စာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

မိချို(ပေါင်)

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှအိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

(မီးသတ်ဦးစီးဌာန)

အရောင်းဆိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ကြီးကြပ်မှုအောက်ရှိ ဝင်းသူဇာအရောင်းဆိုင်(ညောင်ဦး) နှင့် ဝင်းသူဇာအရောင်းဆိုင် (အောင်လံ)တို့အား ကိုယ်စားလှယ်အရောင်းဆိုင် (သို့မဟုတ်) နှစ်သက်ရာလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုသူများကို ငှားရမ်းဆောင်ရွက်လိုပါသဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါပေးသွင်းရန် ကြေညာအပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၈-၃-၂၀၁၃ ရက်မှ ၁၀-၄-၂၀၁၃ရက်အထိ
အချိန် - ၉:၃၀ နာရီမှ ၁၆:၃၀ နာရီ အထိ

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၄-၂၀၁၃ ရက် မွန်းလွဲ ၁၆:၃၀ နာရီ

(ဂ) **တင်ဒါပုံစံရောင်းချမည့်နေရာ နှင့် တင်သွင်းရမည့်နေရာ** - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ရုံးအမှတ် (၄၁)၊ နေပြည်တော်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စက်မှုဝန်ကြီးဌာန၊ အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်မ မခင်ခင်လင်းယု ၁၂/မဂတ(နိုင်)၀၈၀၅၂၃ နှင့် ဦးညီညီကျော် ၉/မရမ (နိုင်)၀၇၉၇၄၄ တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၈-၇-၂၀၁၂ ရက်တွင် တာချီလိတ်ခရိုင်တရားရုံးတွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်၍ ဦးညီညီကျော်အနေဖြင့် ကျွန်မ မခင်ခင်လင်းယုအား ဂုဏ်သိက္ခာကျဆင်းစေရန် လာရောက်ထိပါးနှောင့်ယှက်ခြင်း မပြုလုပ်ရန်နှင့် နောက်နောင် ဦးညီညီကျော်နှင့် ပတ်သက်သည့်ကိစ္စအဝဝသည် ကျွန်မနှင့်မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

မခင်ခင်လင်းယု ၁၂/မဂတ(နိုင်)၀၈၀၅၂၃

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ဆည်မြောင်းဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆည်မြောင်းဦးစီးဌာနမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	စက်ဆီ/ချောဆီ(၇)မျိုး	(၂၀၀၀)ပေပါ

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၃-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁-၄-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)
ရုံးအမှတ်(၄၃)၊ နေပြည်တော်
ဖုန်းအမှတ်-၀၆၇-၄၁၀၃၁၇

အိမ်၊ ခြံ၊ မြေ ဝယ်လိုသည်။
ဗဟန်း၊ ကမာရွတ်၊ မရမ်းကုန်း၊ ပြည်လမ်း၊ (၆) မိုင်၊ (၇) မိုင်၊ ရောင်းလိုသူပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပါ။
ဖုန်း - ၀၉ - ၇၃၂၀၀၆၂၆
၀၉ - ၅၁၀၄၉၉၆၅

ထပ်ဆင့်အကယ်ဒမီမြင့်မြင့်ခိုင်၏
Supreme Broadway Institute(SBI)
အနုပညာသရုပ်ဆောင်သင်တန်းအပတ်စဉ်(၂)

အနုပညာစိတ်ဝင်စားဝါသနာပါ၍ သင်ကြားလိုသူများကို လျှောက်လွှာများ စတင်ခေါ်ယူနေပါသည်။ (စိမ်းဝါနီရုပ်ရှင်နှင့် ဗီဒီယိုဇာတ်များတွင် ရိုက်ကူးရန်)

၁။ သရုပ်ဆောင်သင်တန်း၊ အဓိကသရုပ်ဆောင်၊ ဇာတ်ပို့၊ ဇာတ်ရံ၊ ဒါရိုက်တာအတွက်(အသက်အကန့်အသတ်မရှိပါ)

၂။ ဒါရိုက်တာသင်တန်း၊ ဇာတ်လမ်းဇာတ်ညွှန်းသင်တန်း၊ ရုပ်ရှင်ပညာအခြေခံမှစ၍ မြန်မာ့ရုပ်ရှင်၊ ကမ္ဘာ့ရုပ်ရှင်၊ စွယ်စုံအနုပညာရှင်များဖြစ်အောင် သင်ကြားပေးခြင်း၊

၃။ စာတွေ့၊ လက်တွေ့အပြင် မိတ်ကပ်အလှပြင်သင်တန်းကိုလည်း သင်တန်းကာလအတွင်း လက်တွေ့ကွင်းဆင်းရိုက်ကူးခြင်း၊

၄။ တေးသီချင်းသီဆိုမှု Dancer အက-ကိုယ်နေဟန်မျက်နှာထား အကသင်ကြားပေးခြင်း၊ အထူးရုပ်ရှင်ဗီဒီယိုအတတ်ပညာများကို ဝါရင့်သမ္မာရင့် ပညာရှင်များကိုယ်တိုင် အထူးသင်ကြားပေးခြင်း

(နယ်မှလာတက်သူများအတွက် ကျား/မ ဘော်ဒါလက်ခံပါသည်)

လျှောက်လွှာဝယ်ယူမည့်ရနေရာ - ရန်ကုန် Y.M.C.A၊ အမှတ် ၂၆၃၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၄၁၂၈၊ ၂၉၄၀၀၃၊ ၀၉-၅၀၄၉၁၇၇၊ ၀၉-၇၃၂၄၄၃၄၄၊ ၀၉-၇၃၀၄၇၄၇၇

သင်တန်းကို ဧပြီလ နောက်ဆုံးပတ်တွင် ဖွင့်လှစ်ပါမည်။

ကြော်ငြာ

ယခင်အလုကုန်ပစ္စည်းစက်ရုံ(သုဝဏ္ဏ)မှ အလုကုန်ပစ္စည်းကုန်ကြမ်း (၇၃)မျိုးနှင့် အလုကုန်ထုပ်ပိုးပစ္စည်း (၃၆)မျိုးအား ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - အလုကုန်ပစ္စည်းကုန်ကြမ်း (၇၃)မျိုးနှင့် အလုကုန်ထုပ်ပိုးပစ္စည်း ၃၆ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၅-၄-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၇၇

ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၈၃၈၁၊ ၀၆၇-၄၀၈၀၆၈

ဆပ်ပြာစက်ရုံများမှ မွှေးကိုယ်တိုက်ဆပ်ပြာ၊ သပြေညိုဆပ်ပြာနှင့် တမာဆေးဆပ်ပြာများ ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - မွှေးကိုယ်တိုက်ဆပ်ပြာ၊ သပြေညိုဆပ်ပြာနှင့် တမာဆေးဆပ်ပြာ

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၅-၄-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၃။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်း အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၈၃၇၇

ရောင်းချဖြန့်ဖြူးရေးဌာန ဖုန်း-၀၆၇-၄၀၈၃၈၁

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အခြေစိုက်အလုပ်ရုံ (၁)
အခြေခံယာဉ်မောင်းသင်တန်းကျောင်း

- အခြေခံယာဉ်မောင်းသင်တန်းအပတ်စဉ် (၂၄၆)ကို ၂-၄-၂၀၁၃ ရက်နှင့် (စနေ/တနင်္ဂနွေ)အထူးသင်တန်းကို ၃၀-၃-၂၀၁၃ရက်တွင် ဖွင့်ပါမည်။
- သင်တန်းသားဦးရေ ကန့်သတ်ထားပါသဖြင့် အမြန်ဆုံးစာရင်းပေးသွင်းနိုင်ပါသည်။
- သင်မောင်းလိုင်စင်နှင့် "ခ"လိုင်စင်ရရှိရေး ကူညီဆောင်ရွက်ပေးသည်။
- **လမ်းညွှန်-** အောက်ပုဇွန်တောင်လမ်း၊ ထင်းပုံဆိပ်၊ ဗန္ဓုလတံတားအောက်၊ ခပ(၁၂)ဝင်း၊ ရွှေညော့်သည်(၁)ဂိတ်ဆုံး

ဖုန်း-၀၁-၂၉၁၃၅၃၊ ၀၁-၂၉၁၃၁၃၊ ၀၁-၂၉၁၃၁၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၇၁၄၊ ဧရိယာ ၀ဒသမ ဝ၆၂ ဧက၊ နှစ် ၆၀ဂရန်မြေပေါ်ရှိ အမှတ် ၇၁၄၊ အောင်သီရိ ၄ လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်စောဝင်း MUN-၀၅၅၉၂၃ အမည်ပေါက်ခဲ့ပြီး ဒေါ်ခင်စောဝင်းမှာ ၁၅-၆-၂၀၀၉ရက်တွင် ကွယ်လွန်ခဲ့သဖြင့် တရားဝင်ဆက်ခံသူ အစ်မအရင်းဖြစ်သူ ဒေါ်ခင်ခင် ၁၄/မအပ(နိုင်)၀၁၁၉၆၉မှ တရားဝင်ဆက်ခံပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် — **အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ-၃၇၃)

မန္တလေးခရိုင်တရားရုံး

ခရိုင်တရားမရုံး၌

၂၀၁၃ ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၂၂

ကွယ်လွန်သူ ဦးစိန်မြင့် ၅/ကဘလ(နိုင်)၀၇၂၇၈၄ ၌ ကျန်ရှိရစ်သောပစ္စည်း အကြောင်း။

ဒေါ်မြရီ ၅/ကဘလ(နိုင်)၀၇၂၈၀၅ — **လျှောက်သူ**

အကွက်အမှတ် ၄၈၄၊ အမှတ် ၈၆၊ တမ္ဗဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်မြရီက ကွယ်လွန်သူဦးစိန်မြင့်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အကွက်အမှတ် ၄၈၄၊ အမှတ် ၈၆၊ တမ္ဗဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်နေ ၎င်းကွယ်လွန်သူ ဦးစိန်မြင့်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကိုကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးစိန်မြင့်မှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ် ဧပြီ ၁ ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်မြရီ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် မတ် ၁၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ထားထား)

ဒုတိယခရိုင်တရားသူကြီး(၃)

မန္တလေးခရိုင်တရားရုံး

ရန်ကုန်ပညာရေးတက္ကသိုလ်
ပညာရေးဘွဲ့စာပေးစာယူသင်တန်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရေးဘွဲ့ စာပေးစာယူသင်တန်းသား ဆရာ ဆရာမ များကိုယ်တိုင် တက်ရောက်သင်ယူရမည့် နွေရာသီအနီးကပ်သင်တန်းနှင့် ဖြေဆိုရမည့် စာမေးပွဲ များကို ရန်ကုန်ပညာရေးတက္ကသိုလ်တွင် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

စဉ်	သင်တန်း	သင်တန်းကာလ	စာမေးပွဲကျင်းပမည့်ကာလ
၁။	အမှတ်စဉ်(၃၁) ပထမနှစ်	၂၂-၄-၂၀၁၃	၁၅-၅-၂၀၁၃
		မှ	မှ
၂။	အမှတ်စဉ်(၃၀) ဒုတိယနှစ်	၁၂-၅-၂၀၁၃	၂၀-၅-၂၀၁၃

သတင်းပို့ရမည့်ရက်-၂၀-၄-၂၀၁၃ ရက် (စနေနေ့)မှ ၂၁-၄-၂၀၁၃ ရက် (တနင်္ဂနွေနေ့)အထိ

ညွှန့်ညွှန့်ရီ

ဌာနခွဲမှူး

ပညာရေးဘွဲ့စာပေးစာယူသင်တန်း

ရန်ကုန်ပညာရေးတက္ကသိုလ်

ချစ်ဖေဖေ ဦးတင့်လွင်၏ ၂၅-၃-၂၀၁၃ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်း ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝတစ်လျှောက် အောင်မြင်ကြီးပွားတိုးတက်ပါစေ။

ချစ်ဇနီး - **ဒေါ်နီလာခင်**

ချစ်သမီးကြီး - **ဒေါက်တာ သန္တာတင့်လွင်(အာရုတော်ဝင်)**

ချစ်သမီးလတ် - **အေမီတင့်လွင် B.Med.Tech**

ချစ်သားငယ် - **ကျော်ဇင်ဟိန်း 3rd MB, IM(1)**

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆

မြောက်ဥက္ကလာပမြို့နယ် တရားရုံး

၂၀၁၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၆

ဒေါ်သွယ်သွယ်စန်း **နှင့်** ဦးမြဝင်း

တရားနိုင် **တရားရှုံး**

မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၇၁/၂၀၁၀ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၁၃ခုနှစ် မေ ၂ ရက် နံနက် ၁၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

အမှတ် ၁၁၃၄(ခေါင်းရင်းဘက်)၊ သုဇာတာ ၁၅လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သော (၁၃ပေ×ပေ၆၀)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံး။

လေလံကြမ်းခင်းဈေး - ကျပ် (၄၅)သိန်း။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျက် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန် ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမ ရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၃ခုနှစ် မတ် ၁၉ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြေညာစာ ထုတ်ပေးလိုက်သည်။

သိန်းသန်းထွန်း

ဒုတိယမြို့နယ်တရားသူကြီး(၁)

မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၈)လမ်း၊ အမှတ် ၅၉ဟုခေါ်တွင်သည့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ သုံးထပ်ခွဲ အဆောက်အအုံရှိ ဒုတိယထပ်(ခေါင်းရင်းခန်း)တိုက်ခန်း၊အကျယ်အဝန်း ၁၂½ပေ×ပေ၅၀ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်ခင်ညို ၁၂/မရက(နိုင်)၀၄၉၆၁၈ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြလှဲ့ဝင်း LL.B, D.B.L. အထက်တန်းရှေ့နေ

အမှတ် ၈၃၊ ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊အောင်မင်းခေါင်ကုန်းမြေ၊ ကသစ်ဝိုင်ဓမ္မရိပ်သာ မဟာသကြၤန်(၁၀)ရက်စဉ် ဝိပဿနာအလုပ်ပေးတရားပွဲကြီးကျင်းပမည်

ကျေးဇူးတော်ရှင် မူလ ကသစ်ဝိုင် ဆရာတော်ကြီး ဟောကြားတော်မူခဲ့သော ကိုယ်တွေ့ဉာဏ်မြင် ဝိပဿနာလုပ်ငန်းစဉ် တရားတော်များကို သနပ်ပင်မြို့၊ မန်းကျောင်းတိုက် ကသစ်ဝိုင် ဓမ္မရိပ်သာကြီး၏ နာယကဆရာတော် ဘဒ္ဒန္တကိတ္တိမာလာဘိဝံသနှင့် တိုက်အုပ်ဆရာတော်ဘဒ္ဒန္တ စန္ဒနမာလာ(မြို့နယ်သံဃနာယက ဥက္ကဋ္ဌ) အရှင်သူမြတ်တို့၏ ဩဝါဒကိုခံယူလျက် တပည့်ပဓာန နာယကဆရာတော် အရှင်ကဥ္စနသာရ (မဟာကမ္မဋ္ဌာနာစရိယ)အမှူးပြုသော ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်သူမြတ်တို့က ဥပနိဿယမပျက် ထမ်းရွက်တော်မူကြကာ ၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၄ရက် (၉-၄-၂၀၁၃ရက်)မှစ၍ ၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၃ရက် (၁၉-၄-၂၀၁၃ရက်)ညအထိ နေ့စဉ်၊ နေ့တိုင်း၊ ညစဉ်၊ ညတိုင်း ဟောဖော်ညွှန်ပြဆိုဆုံးမတော်မူကြမည်ဖြစ်ပါ၍ တရားဝင် တရားအားထုတ်ကြမည့် (ဒုလ္လဘ)သံဃာတော်များ၊ (ဒုလ္လဘ) သီလရှင်များ၊ ယောဂီသူတော်စင်များနှင့် မဟာသင်္ကြန် ၁၀ ရက်စဉ် တရားပတ်ကြီးအတွင်း ဆွမ်းဘောဇဉ်များကို ထောက်ပံ့လှူဒါန်းလိုသော စေတနာရှင်များသည် ဆရာတော် ဖုန်း-၀၉-၄၂၈၁၇၂၂၈၄၊ ၀၉-၈၆၅၀၉၈၈နှင့် ရိပ်သာ ဖုန်း-၀၅၂-၂၁၇၆၈၊ ဒုတိယဥက္ကဋ္ဌ ဦးအုန်းမြင့် ဖုန်း-၀၅၂-၂၁၃၄၆၊ ၀၉-၅၀၈၃၂၅၄၊ အတွင်းရေးမှူး(၁) ဦးအေးသိန်း ဖုန်း-၀၅၂-၄၆၁၉၇၊ အတွင်းရေးမှူး(၂) ဦးငွေအောင် ဖုန်း-၀၅၂-၂၂၁၃၅တို့သို့ ဆက်သွယ်နိုင်ကြပါကြောင်း။

အကျိုးတော်ဆောင်အဖွဲ့

ကသစ်ဝိုင်ဓမ္မရိပ်သာ

အောင်မင်းခေါင်ကုန်းမြေ၊ ပဲခူးမြို့

ပြည်တွင်း၌သာ ခန့်ထားရန်

Site အင်ဂျင်နီယာ B.E (Civil) — ၂ ဦး

Site အင်ဂျင်နီယာ A.G.T.I(Civil) — ၂ ဦး

(လုပ်ငန်းအတွေ့အကြုံ ၃ နှစ်ရှိရမည်။) နယ်ခရီးသွားနိုင်ရမည်။ (ညှိနှိုင်းလစာ) အလုပ်သမားမှတ်ပုံတင်ပါရှိရမည်။

APEX (Myitta) Construction Co.,Ltd Diamond Condo E,2nd FI; ပြည်လမ်းနှင့် နာနတ်တောလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ဖုန်း-၀၉-၄၉၃၁၇၂၆၅၊ ၀၉-၄၉၃၁၇၂၆၇

ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ် ၂ လမ်းရှိ မြေညီထပ်မှ ဒါဘာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။

(သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်လမ်းမကြီးနှင့်ကပ်လျက်)

အဆင့်မြင့် ပြင်ဆင်ပြီး လူနေရန်အသင့်ဖြစ်သည်။

ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇

ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ဥက္ကလာပမြို့နယ်၊ တရားရုံးတော်၌

၂၀၁၂ ခုနှစ်၊ တရာမကြီးမှုအမှတ်-၇၀ နှင့် ဆက်သွယ်သည့်

၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၁

ဦးသူရအောင် **နှင့်** ဦးကျော်စွာလွင်

ဒီကရီအနိုင်ရသူ **တရားရှုံး**

ဦးကျော်စွာလွင် အမှတ် ၁၇၃/၁၊ ဟသ်ာလမ်း၊ ၁၄/၂ ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် ၇၀ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ ၂၀၁၃ ခုနှစ်၊ ဧပြီ ၉ ရက် (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးရှေ့လာရောက်စေ။

၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

ဝင်းနိုင်

တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သင်္ဃန်းကျွန်းမြို့နယ်တရားသူကြီးရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၄

ဒေါ်ထူးထူးဆွေ **နှင့်** ဒေါ်မျှင်
အမှတ် ၁၄၊ သီရိဝေဘာလမ်း၊
ဇဝနရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊

တရားလို **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ဇဝနရပ်ကွက်၊ သီရိဝေဘာလမ်း၊ အမှတ် ၁၄နေ ဒေါ်မျှင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ(သို့တည်းမဟုတ်)၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဧပြီ ၅ရက် (၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်)(သောကြာနေ့) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးရှေ့သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်ဝယ် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မတ်၂၀ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

ကျော်သောင်းအောင်

တွဲဖက်မြို့နယ်တရားသူကြီး(၂)

25-3 (16).pmd 1 3/23/2013, 9:20 PM

REQUEST FOR EXPRESSION OF INTEREST
The Republic of the Union of Myanmar National Community Driven Development Project
IDA Grant H814-MM
Assignment Title: Technical Assistance for Mainstreaming Gender Aspects
Reference No.:C-5

The Republic of the Union of Myanmar has received financing from the World Bank towards the cost of the National Community Driven Development Project, and intends to apply part of the proceeds for the hiring of consulting services. The Project is being implemented by the Department of Rural Development (DRD). DRD is hiring a gender consultant who will support it in mainstreaming gender aspects into the project. Specifically, the consultant is expected to assist DRD in the following services ("Services"):

a. Design gender awareness training and manual with modules appropriate to the different project stakeholders, namely DRD, the Department of Social Welfare, the township aid management sub-committees, the village tract forums, community facilitators and village volunteers, and the CDD Gender Network. The Department of Social Welfare has already developed a gender awareness training module. The consultant will adapt the existing module to the project;
b. Develop a training plan for undertaking the training sessions;
c. Provide gender training for the Project at all levels. The consultant will cooperate with the union level technical assistance for organizing the training sessions;
d. Provide inputs on gender reporting, monitoring and tracking regarding the project's gender related indicators.
e. Assist DRD in preparing half-yearly progress report on the status of gender mainstreaming in the project, and prepare an annual report on lessons learned from project implementation;
f. Assist DRD in organizing an annual Workshop for the CDD Gender Network to share experience and lessons learned;
g. Provide support to DRD for the organization of a "development marketplace" on gender; and
h. Undertake other activities to enhance gender equality under the project as may be required by DRD.

The Department of Rural Development invites eligible consulting firms and NGOs ("Consultants") to indicate their interest in providing the Services. Interested Consultants should provide information as detail and complete as possible demonstrating that they have the required qualifications and relevant experience to perform the Services. The following qualifications are required:

1. Experience in developing appropriate gender training, conducting gender analysis, undertaking gender awareness training, and mainstreaming gender aspects in development projects for at least 5 years
2. Previous work experience in Myanmar, Knowledge of the local socio- economic context and involvement in community development projects in Myanmar
3. Availability of staff with relevant work experience who are all fluent in Myanmar language so as to be able to undertake high-quality training and work with all relevant project stakeholders.

The assignment period will be for five years. An annual renewal of the contract will be subject to the satisfactory performance of the consultant as assessed by DRD.

The attention of interested Consultants is drawn to paragraph 1.9 of the World Bank's Guidelines: Selection and Employment of Consultants under IBRD Loans and IDA Credits & Grants by World Bank Borrowers [January 2011] ("Consultant Guidelines"), setting forth the World Bank's policy on conflict of interest.

Consultants may associate with other NGOs/firms in the form of a joint venture or a sub-consultancy to enhance their qualifications.

A Consultant will be selected in accordance with the Selection based on Consultants' Qualification (CQS) method set out in the Consultant Guidelines.

Further information can be obtained at the address below during office hours from 09:00 to 16:00. Expressions of Interest must be delivered in written form to the address below (in person, or by mail, fax, or email) by April 8, 2013.

Department of Rural Development, Ministry of Border Affairs

Attn: U Myint Oo, Deputy Director General
Chairperson of the procurement Committee
National Community Driven Development Project
Department of Rural Development
Ministry of Border Affairs
Office Number 14
Nay Pyi Taw
Myanmar
Fax:+95-67-409413
Email to all these email addresses: myint.oo.dda@gmail.com; kzaw. dda@gmail.com; naing. 7.koko@gmail.com.

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ဦးမောင်မောင်ဆင့်၏ ဇနီးဖြစ်သူ ဒေါ်ခင်သက်မွန်၊ ၁၂/ပဗတ(နိုင်)၀၀၆၃၉၉ ကိုင်ဆောင်သူသည် မိဘအစု စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ဒေါ်ခင်သက်မွန်နှင့်ပတ်သက်သည့် ကိစ္စများ အားလုံးကို တာဝန်မယူကြောင်း ကြေညာအပ်ပါသည်။

မောင်မောင်ဆင့် (၁၂/သဃက(နိုင်)၀၁၅၄၆၃)
အမှတ်(၉၉/စ)၊ အောင်မင်္ဂလာလမ်း၊
၄/မြောက်ရပ်ကွက်၊ သာကေတ။
ဖုန်းဝင်မေးမြန်းမြင်းလည်းမပြီး [illegible]

မုနိမဟာမုနိဘုရားကြီး
ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီ
မဟာမင်္ဂလာအခမ်းအနား

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကဏန်းတောင် (ဝေမိသက တောင်)ပေါ်၌ အမြင့်ဉာဏ်တော် ၁၅၃ ပေရှိ မုနိမဟာမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတစ်ဆူ တည်ထားပူဇော်မည်ဖြစ်ပါ၍ (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်နေ့) ၂၆-၃-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၈း၁၀ နာရီတွင် အထက်ပါနေရာ၌ ပန္နက်တော်တင်နှင့် အုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်မည်ဖြစ်ပါသောကြောင့် ကြွရောက်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။

ဘုရားကြီးဖြစ်မြောက်ရေးလုပ်ငန်းကော်မတီ
ဖုန်း-၀၉-၈၇၆၂၆၀၉

အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ မွန်ဆရာတော် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ

မွန်လူမျိုးတို့၏သမိုင်းတစ်လျှောက်တွင် ဒုတိယမြောက်အဖြစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၃)ဖြင့် နိုင်ငံတော်၏ အမြင့်ဆုံး **အဘိဓဇမဟာရဋ္ဌဂုရု** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်ခြင်း ခံယူရရှိတော်မူသော မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဓမ္မယုတ္တိကနိကာယ မဟာရင်ဂိုဏ်း၏ဂဏာဓိပတိ၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအာဒိစ္စမဟာထေရ်အား နေပြည်တော်၌ ကျင်းပသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းပွဲမှအပြန် ကြိုဆိုဂုဏ်ပြုပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ သဒ္ဓါကြည်လင်ပါရမီရှင်များ တက်ရောက်ကြည်ညိုနိုင်ကြရန် တပည့်ဒါယကာ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

နေပြည်တော်မှ ရန်ကုန်သို့ ပင့်ဆောင်မည့်နေ့
၁၃၇၄ခုနှစ် တပေါင်းလပြည့်နေ့ (၂၆-၃-၂၀၁၃) အင်္ဂါနေ့၊ ညနေပိုင်း

ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ အစီအစဉ်

ကြိုဆိုဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည့်နေ့ရက်
၁၃၇၄ခုနှစ် တပေါင်းလပြည့်ကျော် ၁ရက်
(၂၇-၃-၂၀၁၃) ဗုဒ္ဓဟူးနေ့
ဂုဏ်ပြုကြိုဆိုပူဇော်ပွဲ ကျင်းပမည့်အချိန်
ညနေ ၃နာရီ
ဂုဏ်ပြုကြိုဆိုပူဇော်ပွဲ ကျင်းပမည့်နေရာ
ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်းတိုက်
အမှတ် ၂၃၊ ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရေးကော်မတီ

ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီဌာနချုပ်ရုံးခန်းဖွင့်လှစ်ခြင်း

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီဌာနချုပ် ရုံးခန်းအား ၅၄လမ်း၊ အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် ဖော်ပြပါလိပ်စာနှင့် ဆက်သွယ်နိုင်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒီမိုကရေစီနှင့်လူ့အခွင့်အရေး
ပါတီဌာနချုပ်

ရေကြောင်းအင်ဂျင်နီယာအရာရှိဖြစ်လိုသူများအတွက်

UNIQUE MARINE TRAINING CENTER

Workshop Skills Training သင်တန်းသားများခေါ်ယူခြင်း

3rd Engineer စာမေးပွဲဖြေလိုသူများအတွက် Unique Marine Training Center တွင် စဉ်ဆက်မပြတ် ဖွင့်လှစ်လျက်ရှိသော WorkShop Skills Training သင်တန်း၊ အမှတ်စဉ်(၂) အတွက် သင်တန်းသားများအား စတင်လက်ခံနေပြီဖြစ်ပါကြောင်း။

မှတ်ချက်။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် ဦးရာလူစနစ်ဖြင့် လက်ခံသွားမည်ဖြစ်ပါသည်။

သင်တန်းကြေး – (၁၃)သိန်း
ဆက်သွယ်ရန်လိပ်စာ – [illegible]
(လုပ်ငန်းလိုင်စင်ရှိသောမှတ်ပုံ)
ဆက်သွယ်ရန်ဖုန်း – [illegible]

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် (၅၁)မြေဂရန်အမည်ပေါက် ဒေါ်ညို TYT-၀၁၂၈၁၄၏ တရားဝင်မခွဲစိတ်ရသေးသည့် (ခေါင်းရင်းဘက်ခြမ်း)မြေအကျယ်အဝန်းပေ (၂၀×၆၀)ရှိ အမှတ် (၅၁)၊ မင်းရဲကျော်စွာ ၁၀လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ မြေနှင့်အိမ်တို့နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေ၊ အိမ်တို့နှင့်ပတ်သက်၍ ဒေါ်သန်းသန်းညို ၁၂/ကမရ(နိုင်)၀၂၆၂၂၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးနိုင်ထွဋ်လင်း (ဥပဒေဘွဲ့)၊ အထက်တန်းရှေ့နေ
အမှတ်၉၉၊ ဒုတိယထပ်(ယာ)၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၀၂၂၇၇၄

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၊ မြေကွက်အမှတ် ၁၁၅၊ တိုးချဲ့ကွက်သစ်တွင် ပေ(၆၀×၈၀)ပတ်လည်ရှိသော မြေကွက်ကို ဝယ်ယူရန် ဦးခင်မြင့် ၁၂/တမန(နိုင်) ၀၉၉၃၆၇က ဝယ်ယူရန် စရန်ပေးထားပြီးဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မြင့် ၁၂/တမန(နိုင်)၀၉၉၃၆၇
ဖုန်း-၀၉-၅၀၀၄၃၇၇၊ ၀၉-၈၅၁၅၁၄၈

ကြော်ငြာ

သန်းစိုးနိုင်
ပုလင်းထဲက ယင်ကောင်များ
ဒဿနပညာရှင်များ၊ သမိုင်းပညာရှင်များ ငြင်းခုံခြင်း
နိုးမင်းဝိ စာပေ Ph-01-291959

EMERALD MYANMAR ၏ Travels & Tours April 12

တောင်ကြီး-အင်းလေး-ပင်းတယ-ကလော-ကုံလုံ ၅ည/၆ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-ရွှေစက်တော်-မကွေး ၅ည/၆ရက်
ပုဂံ-စွယ်တော်လေးဆူ-ပုပ္ပါး-မန္တလေး-ပြင်ဦးလွင် ၅ည/၆ရက်

[illegible]

Ph: 01-8500585, 09-49589762, 09-49589764, 09-421013999

မိုးသောက်ပန်းအဆင့်မြင့်မူကြို
(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)
"ဘယ်နေ့ဘဲတက်တက်၊ ဘယ်အချိန်ဘဲ တက်တက်
နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"
နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ
ကျောင်းအားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။
(1) Juntion စဝနအနီး Ph:571545, 09-5126882
(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph:200917,09-43122884
(3) ရန်ကင်းကျောက်ကုန်း Ph:566592,09-421008133

"ဆက်သွယ်ပါရန်အကြောင်းကြားခြင်း"

ရန်ကုန်မြို့ ဒေါပုံမြို့နယ်၊ ဗဟိုအအေးလုပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-၂၀၉၊ မြေတိုင်းမှတ်-၀၊ (၂၅ × ၅၀) ပေအကျယ်ရှိသော ဦးထွန်းနိုင်ဂရန်အမည်ပေါက် အိမ်မြေအား ဦးကျော်နိုင် (၁၂/ဗဟန (နိုင်) ၀၀၄၃၄၁) မှ လက်ရောက်ဝယ်ယူထားပြီးဖြစ်ပါ၍ ဦးကျော်နိုင်အမည်ပေါက်သို့ပြောင်းလဲဆောင်ရွက်ရမည်ဖြစ်ရာ ဦးထွန်းနိုင် (J/RGN – ၁၅၂၀၁၂) နှင့် ဒေါ်နီနီမာ (၁၂/ဗဟန (နိုင်) ၀၄၀၆၃၅) တို့သည် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်ဆောင်ရွက်ပေးပါရန်အကြောင်းကြားပါသည်။

ဦးကျော်နိုင် (၁၂/ဗဟန (နိုင်) ၀၀၄၃၄၁)
ဖုန်း – ၀၉၇၃၃၀၉၆၁၀၀

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းအမ
ဒေါ်မြနု
နတ်တလင်းမြို့
အသက် (၉၆)နှစ်

ဇမ္ဗူကြွယ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးဇော်လွင်ဦး-ဒေါ်ခင်ခင်ချိုတို့၏အဘွား ဒေါ်မြနု အသက်(၉၆)နှစ်သည် ၂၁-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

B.O.D နှင့်တကွ ဝန်ထမ်းများ
ဇမ္ဗူကြွယ်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်

ဦးစောတာပရီးမိုးလို
မြို့နယ်ပညာရေးမှူး(ငြိမ်း)
အသက်(၇၈)နှစ်

(ဦးစောမိုးလို-ဒေါ်နော်မူပွင့်)တို့၏သား (ဦးစောကျော်သူမိုးလို)၏ညီ (ဦးစောစေးကဲမိုးလို)၊ ဒေါ်နော်ဒီလေးဘာမိုးလို၊ ဒေါ်နော်ဟီမူမိုးလိုတို့၏အစ်ကို၊ စောပါးအယ်-နော်ဒေးဝါးယူစော၊ စောရွှေဘ-နော်ဒေးဖော၊ စောဆာလွဲထော်-နော်ငွေငွေမြင့်၊ နော်မိုင်းရာ၊ ကိုထက်မြတ်စိုး-နော်ဆယ်လီမိုး၊ စောဆာယူ-နန်းစောသန္တာ၊ နော်မေထူးထူး၊ ကိုဝင်းကိုကို-နော်ခရစ္စတီးနာမိုးလိုတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၁၁ ယောက်တို့၏အဘိုး၊ ဒေါ်နော်မူးရာ၏ခင်ပွန်း ဦးစောတာပရီးမိုးလိုသည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၂-၃-၂၀၁၃ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ခင်နိမ်းမူခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်သန်းသန်းရည်
အသက် (၇၃)နှစ်

ဒေါက်တာအောင်အောင်မင်း(ပါမောက္ခဌာနမှူး၊ သချာင်္ဌာန၊ လှိုင်ကော်တက္ကသိုလ်)နှင့် ဒေါက်တာသီတာဦး(ပါမောက္ခဌာနမှူး၊ သချာင်္ဌာန၊ ကျိုင်းတုံ တက္ကသိုလ်)တို့၏ မိခင် ဒေါ်သန်းသန်းရည် အသက်(၇၃)နှစ်သည် ၂၀-၃-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်
ဆရာ ဆရာမများနှင့် ဝန်ထမ်းများ၊ ကျိုင်းတုံတက္ကသိုလ်

ဝမ်းနည်းကြေကွဲခြင်း

သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (FREDA) ၏ ဗဟိုကော်မတီဝင် ဦးအောင်သန်း (ပါမောက္ခချုပ်- ငြိမ်း၊ သစ်တောတက္ကသိုလ်) သည် ၁၃-၃-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌနှင့်အသင်းသားများ
သစ်တောသယံဇာတပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးနှင့်
ထိန်းသိမ်းရေးအသင်း
FREDA

ကြော်ငြာ

(၂)နှစ်ပြည့်ရည်စူးကုသိုလ်
ဦးအန့်ကူ(ခ)ဦးထွန်းမြင့်
မန်နေဂျင်းဒါရိုက်တာ
မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်
ဘုတ်ဆုံမငရုတ်သီးမှုန့်ရောင်းဝယ်ရေးလုပ်ငန်း

ကျေးဇူးရှင်ပါပါး စန်းစန်းဦးတို့ကိုခွဲခွာသွားခဲ့တာ (၂)နှစ်တင်းတင်း ပြည့်ခဲ့ပေမယ့် တစ်ရက်မှ မေ့မရခဲ့ပါ။ ပါပါးကို ရည်စူးပြီးလှူဒါန်းထားသော ရွှေသောင်ယံမြို့နယ်ခွဲ ချောင်းသာကမ်းခြေ ရွာမ ကျောင်းတိုက်အတွင်း၌ ဆောက်လုပ်ထားသော ဘုတ်ဆုံမပညာဒါန နှစ်ထပ်ကျောင်းဆောင်၊ ဘူမိဖသသ ရုပ်ပွားတော်မြတ်ကြီး၊ လှိုင်သာယာမြို့နယ် သာသနာ့ဗိမာန်အတွင်းရှိ ဘူမိဖသသရုပ်ပွားတော်နှင့် ဘုရားခန်း၊ သံဃာစဉ်၊ ကုဋ္ဌီ၊ ဝေါမြို့နယ် သုခိတာရုံကျောင်းတိုက်အတွင်းရှိ နှစ်ထပ်ကျောင်းဆောင်အား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ နတ်လမ်းနှင့် နေ့စဉ်ပြုလုပ်နေသော အာစိန္တကံ ကုသိုလ်အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေပါ၏။

ပါပါးရေ အမျှ အမျှ အမျှ
ပါပါး ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ
သာဓု သာဓု သာဓု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဘဒ္ဒန္တရာဇဓမ္မာဘိဝံသမဟာထေရ်မြတ်ကြီး
သက်တော် (၈၀)၊ သိက္ခာတော် (၆၀)

မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်ကြီးများ၏ အဓိပတိမဟာနာယကချုပ်၊ ကျေးဇူးတော်ရှင် ဆရာတော်ကြီးဘဒ္ဒန္တရာဇဓမ္မာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၊ သက်တော် (၈၀)၊ သိက္ခာတော် (၆၀)သည် ၁၃၇၄ ခုနှစ် တပေါင်းလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့ ည ၁၁း၃၈ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

၁၃၇၄ ခုနှစ် တပေါင်းလပြည့်ကျော် ၂ ရက်(၂၈-၃-၂၀၁၃ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင် မစိုးရိမ်တိုက်သစ်ကြီး၌ ဈာပနအခမ်းအနားကျင်းပမည်ဖြစ်ပြီး ရုပ်ကလာပ်တော်အား ဧရာဝတီမြစ်ကမ်းဘေး ရှမ်းလေးကျွန်းမြောက်ဘက် အန္တိမအဂ္ဂိ ဈာပနကွင်းတွင် တေဇောဓာတ်ပူဇော်မည်ဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးလှမင်း (ငြိမ်း) ကြည်း -၁၁၆၅၂
အသက် (၇၂)နှစ်

သူငယ်ချင်း ဗိုလ်ကြီးကျော်ကျော်မင်း(ငြိမ်း)၊ ဒေါ်နှင်းနှင်းစိုးတို့၏ဖခင် ဗိုလ်ကြီးလှမင်း(ငြိမ်း)သည် ၇-၃-၂၀၁၃ရက် နံနက် ဝ၅း၁ဝနာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တဇ(၁၄)ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောနိုင် (ဥပဒေပညာရှင်)
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)
ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ တွဲဖက်ဌာနမှူး
အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်
အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ် ၄၅၀ နေ ဒေါ်တင်ဝင်းရည်(စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ခင်ပွန်း၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဗုဒ္ဓဒေသနာပြန့်ပွားရေးပညာဌာန၊ တွဲဖက်ဌာနမှူး ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

သစ်ပင်စိုက်ပါ
တို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

---

(၂)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးအန့်ကူ(ခ)ဦးထွန်းမြင့်
MD မဥ္ဇူထွန်းမြင့်ကုမ္ပဏီလီမိတက်
ဘုတ်ဆုံမငရုတ်သီးမှုန့်နှင့် ရွှေဘုတ်စုံငါးပိထောင်း၊ ငံပြာရည်ရောင်းဝယ်ရေး

စိတ်နှလုံးဖြူစင်ပြီး လူတိုင်းအပေါ် မေတ္တာတရားကြီးမားစွာဖြင့် ချစ်ခင်စောင့်ရှောက်ပေးတတ်တဲ့ ပါပါး၊ မိသားစုဝင်တစ်ဦးပမာ ချစ်ခင်လေးစားရပါသော ပါပါးဦးအန့်ကူ(ခ)ဦးထွန်းမြင့် မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့သည်မှာ ၂၅-၃-၂၀၁၃ရက်တွင် (၂)နှစ်ပြည့်သွားခဲ့သော်လည်း နေ့စဉ်နှင့်အမျှ လွမ်းဆွတ်သတိရလျက်ပါ။ ပြုသမျှကုသိုလ်တွေကို သာဓုခေါ်ဆိုပြီး အေးချမ်းတဲ့ဘဝသစ်ကို ရောက်ရှိပါစေလို့ ဆုတောင်းလျက်ပါ-

ကိုအောင်စိုး-မနေဇာနွယ်
ကုန်မျိုးစုံရောင်းဝယ်ရေး
မြဝတီမြို့

ကျေးဇူးဆပ်ပါမည်

ကျွန်တော် စည်သူဟန် (ဘ)ဦးဘဟန် ၁၂/မဂဒ(နိုင်)၁၁၃၂၈၉၈၏ ပတ်စ်ပို့စာအုပ် အမှတ် ၄၃၂၆၁၃ (၁၈-၁၁-၂၀၀၂) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၂၅၃၇၂၀၁၂**

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

☎ - ၀၉-၄၄၈၀၂၅၃၄၂
၀၉-၃၃၂၃၄၅၆
၀၉-၃၃၂၂၉၉၆၅

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောနိုင် (ဥပဒေပညာရှင်)
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တွဲဖက်ဌာန
အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်
အသက် (၆၅)နှစ်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဥပဒေအကြံပေးဖြစ်သူ ဥပဒေပညာရှင် ဦးကျော်ဇောနိုင် အသက်(၆၅)နှစ်သည် ၂၁-၃-၂၀၁၃ ရက်၌ ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်များနှင့်တကွ ရုပ်ရှင်လောကသားများသည် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှုဆောင်အဖွဲ့နှင့်ရုပ်ရှင်ဗီဒီယိုလောကသားများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောနိုင် (ဥပဒေပညာရှင်)
တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တွဲဖက်ဌာနမှူး
အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်
အသက် (၆၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉)ရပ်ကွက်၊ ဦးထွန်းမြင့်လမ်း၊ အမှတ် ၄၅၀ နေ ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊ တက္ကသိုလ်များဗဟိုစာကြည့်တိုက်)၏ခင်ပွန်း၊ အများပြည်သူဝန်ဆောင်မှုသတင်းစာ အုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်ဇောနိုင်သည် ၂၁-၃-၂၀၁၃ရက် နံနက် ၉း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၄-၉၂ ခုနှစ် ရန်ကုန်တက္ကသိုလ်
ဥပဒေ ကျောင်းသား ကျောင်းသူများ

ဝမ်းနည်းကြေကွဲခြင်း
ဦးကျော်ဇောနိုင်
(ဥပဒေပညာရှင်၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဥပဒေပညာဌာန)
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ တွဲဖက်ဌာနမှူး
အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင်
အသက်(၆၅)နှစ်

ဒေါ်တင်ဝင်းရည် (စာကြည့်တိုက်မှူး၊တက္ကသိုလ်များ ဗဟိုစာကြည့် တိုက်)၏ ခင်ပွန်းဖြစ်သူ **ဦးကျော်ဇောနိုင် အသက်(၆၅)နှစ်**သည် (၂၁.၃.၂၀၁၃)ရက် ကြာသပတေးနေ့တွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

Myanmar Trademark And Patent Law Firm

---

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
(၂၅-၃-၂၀၁၀)-(၂၅-၃-၂၀၁၃)
ကိုအောင်မျိုးဇင်(ခ)ဖိုးသား
လဝက၊ ဝမ်းတွင်းမြို့
အသက် (၃၀)

သားကြီးရေ…တို့မိသားစုကို ခွဲခွာသွားတာ (၃)နှစ်ပြည့်ခဲ့ပြီနော်။ အဖေတို့မိသားစုရဲ့စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပါပဲ သားရယ်။ အဖေ၊ အမေတို့ရဲ့ရင်ထဲမှာ ထာဝရရှင်သန်နေတဲ့သားကြီးအတွက် ရည်ရွယ်၍ ယနေ့ထက်ထိတိုင် ကောင်းမှုကုသိုလ်တွေပြုလုပ်ပြီး ပြုလုပ်ဆဲပါ သားရယ်။ သားကြီးရောက်ရှိရာဘုံဘဝကနေ သာဓုခေါ်ပါသားရယ်… အမျှ.. အမျှ.. အမျှပါ သားကြီး။

ဖေဖေ	-	ဦးသန့်ဇင်(လဝက)မြို့နယ်ဦးစီးအရာရှိ၊ ရေးမြို့
မေမေ	-	ဒေါ်အေးအေးချို
ဇနီး	-	မတိုးတိုးအေး
ညီလေး	-	သူရဇင်-သီဂီလှိုင်
တူ	-	မောင်ဇင်ဘုန်းထွဋ်
ညီမလေး	-	ဆုမွန်မွန်ဇင်
သား	-	မောင်မင်းသန့်အောင်
	-	မောင်ကြယ်စင်မင်းထက်အောင်

ဒေါ်စိုး(ခ)ဒေါ်ကျင်ပု
အသက် (၈၃)နှစ်

အမှတ် ၄၄၆၊ ကောလိယလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးတင်မောင်၏ဇနီး၊ ဦးအောင်စိန်၊ ဦးသန်းအေး-(ဒေါ်ခင်လှ)၊ ဦးအောင်ရွှေ-ဒေါ်ညွန့်ညွန့်ဝေ၊ ဒေါက်တာအောင်ငွေ-ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ခင်ခင်ကြီး၊ ဒေါ်ခင်ခင်လေး၊ ဦးအောင်ဝင်း-ဒေါ်နိုင်နိုင်ကြည်၊ ဒေါက်တာလှငွေးဝင်း (လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၀ ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည် ၂၁-၃-၂၀၁၃ရက် ည ၁၁း ၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၄၅ နာရီတွင် ထွက်ခွာပါမည်။)

၂၇-၃-၂၀၁၃ရက် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

ချစ်ခင်ပွန်း ဗိုလ်မှူးစိုးဝင်းအောင်သည် မိသားစုနှင့်ခွဲခွာသွားသည်မှာ ၂၅-၃-၂၀၁၃ရက်တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်ရက်မှမေ့မရနိုင်ပါ။ နေ့စဉ်ရက်ဆက် ပြုခဲ့သမျှ ကုသိုလ်အစုစုကို ရောက်ရာဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ-

ချစ်ဇနီး - လှိုင်မြတ်စုအောင်
ချစ်သား- မောင်ပိုင်စိုးမြတ်

ဦးညွန့်လှိုင်
(ရုံးအုပ်ကြီး၊ ဒလမြို့နယ်စည်ပင်)
အသက် (၅၈)နှစ်

(ဦးသိန်းမောင်-ဒေါ်ငွေစိုး)တို့၏သား၊ (ဦးလှဘူး-ဒေါ်ခင်စိန်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် ၂၄-B (ငါးလွှာ)နေ ဒေါ်သင်္ဂီ၏ခင်ပွန်း၊ မောင်ပြည့်ဖြိုးအောင် (ခေတ္တ-မလေးရှား)၊ မပြည့်ပြည့်၊ မောင်ပြည့်ဖြိုးကျော် (မင်းဘူးထောက်ရှာ၊ ရေနံမြေအင်ဂျင်နီယာ၊ FILTER)တို့၏ဖခင်သည် ၂၁-၃-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၅း၀၅ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၃-၂၀၁၃ ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မန်းစက်တော်ဘုရားပွဲတော် ယခုနှစ်ပိုစည်ကား

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း ရှေးဟောင်းသမိုင်းဝင် မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ တန်ခူးနှစ်ဆန်း ၁ ရက်နေ့အထိ အစဉ်အလာမပျက် ကျင်းပခဲ့သည်မှာ နှစ်ပေါင်း ၁၀၀ ခန့်ရှိခဲ့ပြီဖြစ်ကြောင်းသိရသည်။

ယခုအခါ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိနေဆဲဖြစ်သည်။ သို့သော် မန်းစက်တော်ရာပွဲတော်ကြီးနှင့်ပတ်သက်၍ မခိုင်လုံသော၊ မတိကျသောသတင်းတစ်ရပ်ထွက်ပေါ်လျက်ရှိသည်။ ယင်းသတင်းမှာ ရွှေစက်တော်ဘုရားပွဲတော်ကြီးတွင် သဲမုန်တိုင်းတစ်ခုဝင်ရောက် မွှေနှောက်ဖွယ်ရှိကြောင်း၊ ထို့ကြောင့် ပွဲတော်ကြီးကို ယခုနှစ် မတ် ၂၅ ရက်နှင့် ၂၇ ရက်များတွင် ပိတ်သိမ်းမည်ဖြစ်ကြောင်း စသည့်သတင်းများဖြစ်လျက် လူတိုင်းနှုတ်ဖျားတွင် ရေပန်းစားလျက်ရှိသည်။ စာရေးသူထံသို့ ဟိုနယ်သည်နယ်မှ ဘုရားဖူးများက အဆိုပါသတင်း ဟုတ်ပါသလားဟု အတည်ပြုချက်တောင်းခံကြသည်။

ထို့ကြောင့် မတ် ၂၀ ရက်က စာရေးသူတို့ သုံးဦးပါသတင်းအဖွဲ့သည် ရွှေစက်တော်ဘုရားပွဲတော်သို့ ကောလာဟလသတင်းဖြစ်ပေါ်မှုနှင့်ပတ်သက်၍ အတည်ပြုချက်ရယူရန် သွားရောက်ခဲ့သည်။ ခရီးရောက်မဆိုက် ရွှေစက်တော်ဘုရားဂေါပကရုံးတွင် ဂေါပကအဖွဲ့ဝင် ဦးစိုးတင့် (စီမံ)နှင့်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အသိပေးထုတ်ပြန်

ဦးစိုးတင့်က "ဒီသတင်းဟာ လုံးဝ အခြေအမြစ်မရှိတဲ့ သတင်းပါ။ သဲမုန်တိုင်း ကျလိမ့်မည်ဆိုပြီး ကောလာဟလပျံ့နေတယ်။ ဘုရားပွဲတော်အရှိန်တန့်သွားအောင် မလိုတမာအမြင်ရှိတဲ့လူတွေ ထုတ်တဲ့သတင်းပါ။ သဘာဝအလျောက်ဖြစ်ပေါ်လာတဲ့ မိုးလေဝသ သတင်းဆိုတာ နိုင်ငံတော်မှာရှိတဲ့ မိုးလေဝသဌာနမှ ပညာရှင်တွေက တိုင်းထွာပြီးမှ နိုင်ငံတော်တစ်ဝန်းလုံးကို အသိပေးထုတ်ပြန်တာပါ။ အခုတော့ မိုးလေဝသ သတင်းဌာနကလည်း တရားဝင်ထုတ်ပြန်ခြင်းမရှိဘဲ အရပ်စကား ဘန်းစကား အခြေအမြစ်မရှိတဲ့သတင်းကို ဘုရားဖူးတွေမယုံကြည်ကြပါနဲ့လို့ ပြောချင်ပါတယ်။ "ဒီနှစ်ဘုရားပွဲတော်ကို ခါတိုင်းနှစ်တွေလိုပဲ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ အင်္ဂလိပ်လိုဆိုရင် ဧပြီ ၁၇ ရက်အထိ ကျင်းပမှာဖြစ်ပါတယ်။ ဘုရားပွဲတော်ကို မြန်မာလနဲ့ သတ်မှတ်ကျင်းပပါတယ်။ နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ပုံသေကျင်းပပါတယ်။ ဝါမထပ်တဲ့နှစ်ဆိုရင် ရက်ပေါင်း ၉၀ ခန့်ရှိတယ်။ ဝါထပ်တဲ့နှစ်ဆိုရင် ရက်ပေါင်း ၆၀ ကျော်အထိကြာတယ်"ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ထို့နောက် စာရေးသူတို့ သတင်းအဖွဲ့အား ပွဲတော်အတွင်း လိုက်လံပြသရင်း "အခုပွဲတော်ဖွင့်တာ တစ်လကျော်သွားပြီ၊ တစ်နေ့ကို ဘုရားဖူးကားအဝင်အထွက် ၇၀၀ နဲ့ ၈၀၀ ကြားမှာရှိတယ်။ လူအဝင်အထွက် က ၅၀၀၀ နဲ့ ၇၀၀၀ ကြားမှာရှိတဲ့အတွက် လုံခြုံရေးအနေနဲ့ ရဲအင်အား၂၃ဦး၊ အရပ်ဘက် ၆၂ ဦးကို တာဝန်ချထားတယ်။ ခိုက်ရန်ဒေါသ ရာဇဝတ်မှုမရှိဘူး၊ မီးဘေးလုံခြုံရေးအတွက် သန္နေမီးသတ် ၁၅ ဦး၊ အရန်မီးသတ် ၃၀၊ ဂေါပကအဖွဲ့ပိုင် မီးသတ်ယာဉ်တစ်စီးရှိတယ်၊ နောက်ရေစင်ရှစ်ခု တည်ဆောက်ထားတယ်။ တစ်ခုနဲ့တစ်ခုကို ပေ ၃၀၀ အကွာမှာ ထားပေးထားတယ်။ ရေစင်တိုင်းမှာ ဒိုင်းရှင်း ရေစုပ်စက်များတပ်ဆင်ထားတယ်ခင်ဗျာ၊ ကြံ့ခိုင်မှုရှိစေဖို့ လေးနာရီတစ်ကြိမ် စမ်းသပ်မောင်းနှင်ပါတယ်။

ဆောင်ရွက်ကြ

"ပွဲတော်လာ ဘုရားဖူးများသန့်သန့်ရှင်းရှင်း နေထိုင်နိုင်ဖို့ အမှိုက်သယ်ယာဉ် နှစ်စီးက တစ်နေ့ကို လေးကြိမ်သန့်ရှင်းရေး ဆောင်ရွက်ကြပါတယ်။ တည်းခိုဆောင်များကတော့ ဌာနဆိုင်ရာနဲ့ ပုဂ္ဂလိကဆိုပြီး ရှိပါတယ်။ ပြီးတော့ အလှူခံဌာနကြီး လေးခုကရတဲ့ အလှူငွေတွေ ရေတွက်ဖို့ စာရေးမ ဝန်ထမ်း ၂၆ ဦးထားရှိပါတယ်။ နေ့စဉ်ရရှိငွေတွေကို ည၉နာရီနောက်ပိုင်း စာရင်းချုပ်ပြီး ပွဲတော်လာအလှူရှင်ဘုရားဖူးများသိသာရန် အသံချဲ့စက်နဲ့ ကြေညာပါတယ်"ဟု ဘုရားပွဲတော်တွင် ဂေါပကအဖွဲ့၏ ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းပြပါသည်။ ပွဲတော်၏မြင်ကွင်းမှာ ကြည်နူးဖွယ်ကောင်းလှပါသည်။ မန်းချောင်းအတွင်း ရေကစားကြသူများ၊ လှေဗောကွင်းစီးသူများနှင့် ဝေစည်နေပါသည်။ ကမ်းစပ်တွင် အသက်ကယ်ဆယ်ရေးကြက်ခြေနီလူငယ်လေးများကိုလည်းတွေ့ရပါသည်။ နှစ်စဉ်မပျက် ကျင်းပလျက်ရှိသော မန်းစက်တော်ရာပွဲတော်ကြီးသည် ယခင်နှစ်များကထက် ယခုနှစ်တွင်ပိုပြီး စည်ကားကြောင်း၊ နှစ်စဉ်ထွက်လေ့ရှိသော စားသောက်ဆိုင်ပိုင်ရှင်ကြီးက စာရေးသူတို့သတင်းအဖွဲ့အား ပြောပြပါသည်။

စည်ကားသိုက်မြိုက်

အချုပ်ဆိုရလျှင် အခြေအမြစ်မရှိသော ကောလာဟလသတင်းများကြောင့် အနယ်နယ် အရပ်ရပ်က ဘုရားဖူး ဓမ္မမိတ်ဆွေများစိတ်အနှောင့်အယှက်မဖြစ်ဘဲ သဒ္ဓါကြည်လင်စွာဖြင့် မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် မန်းစက်တော်ရာပွဲတော်ကိုဧပြီ ၁၇ရက်မြန်မာနှစ်ဆန်း ၁ရက် အထိ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည် ဖြစ်ကြောင်းသိရှိရသည်။ **(မကွေးလှမြင့်)**

လူရည်ချွန်အပန်းဖြေစခန်းဖွင့်မည့်ငွေဆောင်ကမ်းခြေ

ပုသိမ် မတ် ၂၄

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငွေဆောင်ကမ်းခြေတွင် လူရည်ချွန်အပန်းဖြေစခန်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ အနှစ် ၂၀ ကျော်ကြာ ပြတ်တောက်ခဲ့သည့် လူရည်ချွန်စီမံကိန်းကို ယခုနှစ် တွင် ပြန်လည်စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် အဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းများမှ ကျောင်းသား ကျောင်းသူ များအား လူရည်ချွန်များအဖြစ် ရွေးချယ်ခဲ့ကြောင်း အဌမတန်း လူရည်ချွန် များကို ပုဂံဒေသတွင်လည်းကောင်း၊ နဝမတန်း လူရည်ချွန်များကို အင်းလေး ကန်ဒေသတွင်လည်းကောင်း၊ တက္ကသိုလ်ဝင်တန်း လူရည်ချွန်များကို ငွေဆောင်ကမ်းခြေဒေသတွင် လည်းကောင်း အပန်းဖြေစခန်းများ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပညာရေး ညွှန်ကြားရေးမှူးရုံးမှ စုံစမ်းသိရှိရသည်။

ညှိနှိုင်းဖျော်ဖြေ

ငွေဆောင်ကမ်းခြေတွင် လူရည်ချွန်အပန်းဖြေစခန်းကို နှစ်စဉ်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး အပန်းဖြေစခန်းမ တည်ဆောက်ရသေးသည့် ယခုနှစ်တွင် ပုလဲငွေဆောင်ဟိုတယ်နှင့် ယုဇနဟိုတယ်တို့ကို ငှားရမ်းအသုံးပြုသွားမည်ဖြစ်သည်။ အပန်းဖြေရီးလာရောက်ကြမည့် လူရည်ချွန်များအား အခြေခံပညာရေးတီးဝိုင်းဖြစ်သော ပညာလက်ာတေးဂီတအဖွဲ့၊ အခြေခံပညာကျောင်းများမှ ဖျော်ဖြေရေးအဖွဲ့များ၊ ပုသိမ်မြို့မှ မဟာသင်္ကြန်သံချပ်အဖွဲ့များက ညှိနှိုင်းဖျော်ဖြေသွားမည်ဖြစ်သည်။

ငွေဆောင်ကမ်းခြေ၌ ဖွင့်လှစ်မည့်လူရည်ချွန် အပန်းဖြေစခန်းတွင် တက္ကသိုလ်ဝင်တန်းမှ လူရည်ချွန် ၁၇၀ နှင့် ကြီးကြပ်သူ ဆရာဆရာမများ လာရောက်အပန်းဖြေကြမည်ဖြစ်ပြီး ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၅ ရက်အထိ အပန်းဖြေစခန်းကို ဖွင့်လှစ်သွားမည်ဖြစ်သည်။

သွားရောက်လေ့လာ

အဆိုပါလူရည်ချွန်များသည် ပုသိမ်မြို့ရှိ အထပ်သား စက်ရုံ၊ ဓာတ်မြေဩဇာစက်ရုံ၊ ပုသိမ်ဟာလဝါလုပ်ငန်း၊ ပုသိမ်ထီးလုပ်ငန်း၊ ယုဇနကုမ္ပဏီ၏ ပုစွန်မွေးမြူရေးလုပ်ငန်းနှင့်သဇင်ကျေးရွာရှိ ငါးဖမ်း၊ ငါးလှန်းလုပ်ငန်းများကို သွားရောက်လေ့လာကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဦးခန့် (SPN)

မင်းမွေ့ကုန်းတော်
လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး
(ကျောက်တော်ကြီးဘုရား)
ဓမ္မာရုံတော်ကြီး တည်ဆောက်ရေးနှိုးဆော်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ မင်းမွေ့ကုန်းတော်ပေါ်တွင် တည်ထားစံပယ်လျက်ရှိသော လောကချမ်းသာ အဘယ လာဘမုနိ ကျောက်တော်ကြီး ရုပ်ပွားတော်မြတ်ကြီးကို ဘုရားဖူး မိဘပြည်သူများ၊ ကြည်ညိုသဒ္ဓါ ပူဇော်နိုင်ရန်အတွက် မင်းမွေ့ကုန်းတော်ပေါ်ရှိ ရုပ်ပွားတော်မြတ်ကြီးအနီးတွင် ဓမ္မာရုံတော်ကြီး တည်ဆောက်နေပြီဖြစ်ရာ စေတနာထက်သန်စွာ လှူဒါန်းလိုသူများအတွက် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

ဆက်သွယ်ရန် ● ကျောက်တော်ကြီး အလှူခံဌာန၊ မင်းမွေ့ကုန်းတော်၊ အင်းစိန်မြို့နယ်။ ☎ - ၆၄၃၁၈၈၅၊ ၆၄၃၁၈၈၈၊ ၆၄၃၁၈၆၀

ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ပန်းတနော်မြို့နယ်၊ အင်းတကောကျေးရွာအုပ်စု၊ ရွာမလေးနေ မကျော့ခိုင်ဝေ၁၄/ပတန(နိုင်)၁၇၄၁၃၃၈၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇံ(ခ) ဦးသိန်းစံ ၁၄/ပတန (နိုင်) ၀၃၅၅၆၂ဖြစ်ပါသည်။

ဦးသိန်းဇံ(ခ)ဦးသိန်းစံ

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ဇော်ဇော်၏ ပင်လယ်ပြင် လုပ်သက်စာအုပ် CDC -No -81389 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၂၀၂၆၉၇၀

- လှိုင်သာယာမြို့နယ်၊ မြစိမ်းရောင်ဥယျာဉ်မြို့တော်တွင်ဝါဝါဝင်းဆောက်လုပ်ရေးမှ မြေကွက်ဝယ်ယူထားသူများအားလုံး ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကုမ္ပဏီနှင့်လာရောက်ဆက်သွယ်ကြပါရန် အကြောင်းကြားပါသည်။

ဆက်သွယ်ရန်- ၂၅၀၆၅၀၊ ၂၅၀၇၂၀

SH မြင့်သူထက် YU
ပညာဝါန
English 4 Skills
Photoshop
(Essay,For/against)

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'
ALL ADULTS MUST BE ABLE TO DRIVE
နယူးအာရှ (NEW ASIA) အပါတ်စဉ် (၁၆၀)
အခြေခံယာဉ်မောင်းနှင့်စက်ပြုပြင်ထိန်းသိမ်းသင်တန်းကျောင်း
၂၀၁၃-ခု ဧပြီလ (၃) ရက်နေ့ဖွင့်မည်။
* Air-conရေခဲသေတ္တာပြုပြင်ထိန်းသိမ်းသင်တန်း(၁လပြတ်)
* အခြေခံယာဉ်မောင်းစက်ပြင်၊ ၁လ-ပုံမှန်သင်တန်း
* စက်ပြင်အထူး (သီးသန့်) သင်တန်း(၂လအပြတ်)
* လျှပ်စစ်နှင့်မိတ်ဇွေ့ ဂဟေဆက်သင်တန်း(၁လအပြတ်)
နည်းပြဆရာ/ဆရာမများအား အိမ်ကအခြင့် ခေါ်ယူသင်ကြား လိုပါကသီးခြား စီစဉ်ပေးပါသည်။
နယ်ဝေးဘော်ဒါရှိသည်
ဆက်သွယ်ရန် - အမှတ် ၉၅၃၊ ရွှေနှင်းဆီလမ်း၊ ၈ မိုင်ခွဲ၊ (မဟာစည်ရိပ်သာတိုင်)၊ မရမ်းကုန်းမြို့နယ်။ Ph:661807, 667835, 09 43151022, 09 43117064
သင်တန်းခွဲ - အမှတ်(၁၄၈)၊ ၁၀ရပ်ကွက်လမ်းမကြီးနှင့်သပြေလမ်းထောင့်၊ မင်္ဂလာဒုံမြို့နယ်။
Ph : 09 73249138, 09 43144310, 09 43171697, 09 43198381

ဂုဏ၀ူဇာသဘင်ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ကုန်းဝက်ချောင်း/ရှမ်းစုလေးကျေးရွာ၊ ဓလုပ်ဝေါအားရိုက်၏ ဒုတိယဥက္ကဋ္ဌ ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တနိပကာ၏ သက်တော် (၇၅)နှစ် စိန်ရတုမင်္ဂလာ ဂုဏ၀ူဇာပွဲကို (၁၃၇၄ ခုနှစ် တပေါင်းလပြည့်နေ့) ၂၆-၃-၂၀၁၃ ရက် (အင်္ဂါနေ့)တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ပူဇော်နိုင်ကြပါရန်ဖိတ်ကြားအပ်ပါသည်။

စစ်ကိုင်းရွှေဟင်္သာစံကျောင်း
ကျောင်းလွှတ်ပူဇော်ပွဲ ဖိတ်ကြားလွှာ

ကျေးဇူးတော်ရှင် စစ်ကိုင်းရွှေဟင်္သာတိုက်သစ် ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ ရန်ကုန်မြို့ စံကျောင်းတော်ဖြစ်သည့် ရန်ကင်းမြို့နယ်၊ သုခဝတီလမ်း၊ အမှတ် (၁၉/က) ရှိ စစ်ကိုင်းရွှေဟင်္သာစံကျောင်းတွင် စံကျောင်း ဒါယကာ၊ ဒါယိကာမများ စုပေါင်းဆောက်လုပ်လှူဒါန်းသော **"ရတနာသက်ာရည်ထပ်ကျောင်းတော်ကြီး"** ကျောင်းလွှတ်ပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင် မိသားစုအပေါင်း ကြွရောက်ကြည်ညိုကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်-

နေ့ရက် - (၃၁. ၃. ၂၀၁၃) တနင်္ဂနွေနေ့
အချိန် - နံနက် (၁၀) နာရီ
နေရာ - စစ်ကိုင်းရွှေဟင်္သာစံကျောင်းဝင်းအတွင်း
ပင့်သံဃာတော် - (၄၅) ပါး
ကျွေးမွေးလှူဒါန်းခြင်း - သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ အလှူရှင်များအား နေ့လယ်စာ ထမင်း ညှိခံကျွေးမွေးပါမည်။

ဥပါသကာအဖွဲ့
ဖုန်း ၅၆၁၀၅၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စပ်မျိုးပြောင်းစိုက်တောင်သူများ တွက်ခြေကိုက်

ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အတွင်းရှိကမ္ဘား၊ ပေါက္ကူ၊ ထန်းဆယ်ပင်၊ ရွာသစ်၊ နွားထိန်း၊ စဉ့်ကိုင်၊ ကိုရင့်စသည့် ကျေးရွာများရှိ တောင်သူ အတော်များများသည် CP ပြောင်း (ခေါ်) စပ်မျိုးပြောင်းများကို စိုက်ပျိုးကြရာ ဈေးကောင်းရသဖြင့် CP ပြီး CP စိုက်ပျိုးနေကြသည်ဟု သိရှိရသည်။ ကိုရင့်ကျေးရွာအုပ်စုမှ CP ပြောင်းစိုက်ပျိုးတောင်သူ ဦးစိုးမြင့်၏ စိုက်ခင်းသို့ သွားရောက်လေ့လာခဲ့ပါသည်။

CPပြောင်းပင်များကို စိုက်ပျိုးရာတွင် အခြားအပင်များကဲ့သို့ မိမိတို့စိုက်ခင်းမှ ရရှိသော မျိုးစေ့များကို ပြန်လည်စိုက်ပျိုး၍မရဘဲ မျိုးစေ့ထုပ်သီးသန့်ဝယ်ယူ စိုက်ပျိုးရသည်ဟုသိရသည်။ အဆိုပါ မျိုးစေ့ထုပ်များကို စိုက်ပျိုးရေးအရောင်းဆိုင်များတွင် တံဆိပ်အမျိုးမျိုးဖြင့် ဝယ်ယူရရှိနိုင်၍ တစ်ထုပ်လျှင် ငွေကျပ်နှစ်သောင်းပေးရသည်ဟုသိရသည်။ မျိုးစေ့တစ်ထုပ်လျှင် မျိုးစေ့နှစ်ပြည်နှင့်နို့ဆီဘူး လေးဘူးပါရှိ၍ စိုက်ခင်းတစ်ဧက စိုက်ပျိုး၍ရသည်ဟု သိရသည်။ CPပြောင်းစိုက်ခင်းတစ်ဧကလျှင် ပြောင်းဖူးစေ့တင်း၈၀ခန့် ထွက်ရှိ၍ ပြောင်းပင်တစ်ပင်လျှင် ပြောင်းဖူးနှစ်ဖူး ဖူးသည်ဟု သိရသည်။ CP ပြောင်းဖူးပင်များကို စိုက်ပျိုးရာတွင် အခြားအပင်များကဲ့သို့ စိုက်ပျိုးရန် ရာသီဥတုအချိန်ကာလကိုရွေးချယ်သတ်မှတ်နေရန်မလိုအပ်ဘဲ မည်သည့်အချိန်မဆို စိုက်ပျိုးရနိုင်၍ မည်သည့်မြေအမျိုးအစား၌မဆို အောင်မြင်ဖြစ်ထွန်းနိုင်သည်ဟု သိရသည်။

CP ပြောင်းပင်များကို ဆောင်းရာသီတွင်စိုက်ပျိုးပါက ရေနှစ်ကြိမ်သုံးကြိမ်ခန့် တင်ပေးရ၍ နွေရာသီတွင်စိုက်ပျိုးပါက ရေငါးကြိမ်ခန့် တင်ပေးရသည်ဟုသိရသည်။ CP ပြောင်းဖူးစေ့များကို စိုက်ပျိုးပြီး တစ်လခွဲခန့်ရှိပါက အပင်တစ်ပင်ချင်း၏အပင်ခြေရင်း၌ မြေကျင်းတူးပြီး တစ်ပင်လျှင် ပုလဲဓာတ်မြေသြဇာ လက်ဖက်ရည်ဇွန်းဝက်ခန့် ကျင်းထဲထည့်ပေးရ၍ စိုက်ခင်းတစ်ဧကစာအတွက် ပုလဲဓာတ်မြေသြဇာ တစ်အိတ်ခန့်ကုန်အောင် ကျွေးရသည် ဟုသိရသည်။ CP ပြောင်းပင်သည် ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်ရှိ၍ ပိုးမွှားမကျရောက်တတ်သောကြောင့် ပိုးသတ်ဆေးဖျန်းပေးရန်မလိုအပ်၍ ပိုးသတ်ဆေးဖိုး အကုန်အကျသက်သာသည့်အပြင် အခြားအပင်များကဲ့သို့ အပင်အားဆေးများလည်း မလိုအပ်၍ လုပ်အားခနှင့်ကုန်ကျစရိတ် သက်သာသောကြောင့် တွက်ခြေကိုက်သည်ဟု သိရသည်။ CPပြောင်းဖူးများကို အစေ့ခြွေရာတွင်လည်း လူအားဖြင့်ခြွေရန်မလိုဘဲ အစေ့ခြွေစက်ဖြင့် ခြွေကြ၍ အစေ့ခြွေစက်ပိုင်ရှင်အား ပြောင်းဖူးစေ့တစ်တင်းလျှင်အစေ့ခြွေခ နို့ဆီဘူးသုံးဘူးပေးရသည်ဟုသိရသည်။ အဆိုပါ CP ပြောင်းဖူးစေ့များကို ပခုက္ကူပွဲရုံများသို့ သွားရောက်ရောင်းချကြ၍ ယခုပေါက်ဈေး တစ်တင်းလျှင် ငွေကျပ် ၇၃၀၀ခန့်ရှိသည်ဟုသိရသည်။ CP ပြောင်းစိုက်ခင်း တစ်ဧကလျှင် တင်း၈၀ခန့်ထွက်ရှိရာ တစ်ဧကအတွက် ဝင်ငွေ ၅၈၄၀၀၀ ခန့်ရရှိမည် ဖြစ်ပြီး စိုက်ပျိုးစရိတ် ငွေကျပ် ၇၀၀၀၀ ခန့်သာ ကုန်ကျသဖြင့် တွက်ခြေကိုက်သည်ဟု သိရသည်။ CP ပြောင်းပင်များကို စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးစရိတ်လျော့နည်းကာ ကုန်ကျစရိတ်သက်သာ၍ အထွက်နှုန်းလည်းကောင်းသောကြောင့် တွက်ခြေကိုက်၍ အပိုဝင်ငွေတိုးပေသည်။ ထို့အပြင် ပြောင်းဖူးများကို အစေ့ထုတ်၍ ကျန်ရှိနေသော ပြောင်းဖူးဖက်များကိုလည်း စိုက်ခင်းတစ်ဧကစာ အခွံပုံပေါ်ကြည့်၍ ငွေကျပ် တစ်သောင်းဝန်းကျင်ဖြင့် ရောင်းချရသည်။ ပြောင်းပင်ရိုးတံများကိုလည်း နွားကျွေးရသည့်အပြင် ပြောင်းဖူးရိုးများကိုလည်း ထင်းအစားထိုးလောင်စာအဖြစ်အသုံးချရ၍ CP ပြောင်းတစ်ပင်လုံး အလေအလွင့်မရှိ အကျိုးရှိသဖြင့် တွက်ခြေကိုက်သည်ဟု တောင်သူဦးစိုးမြင့်က ပြောပြသည်။



အိမွန်ဆွေ(ရေစကြို)

လူမှုဖူလုံရေးမှ ကျန်ရစ်သူပင်စင်အား ငွေလုံးငွေရင်းအဖြစ်ထုတ်ပေး

ညောင်လေးပင် မတ် ၂၄

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ကျန်ရစ်သူပင်စင်ကိုငွေလုံးငွေရင်းအဖြစ်ပြောင်းလဲပြီး ထုတ်ပေးသည့်အခမ်းအနားကို မတ် ၂၁ရက် နံနက် ၁၀ နာရီခွဲက အဆိုပါရုံး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတွင် ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့ တာဝန်ခံ ဆရာဝန် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)က အမှာစကားပြောကြားပြီး လူမှုဖူလုံရေးအဖွဲ့ ရုံးခွဲတာဝန်ခံ ဒေါ်ညွန့်နွယ်စိုးက ၂၀၁၂ခုနှစ် မတ် ၁၈ ရက်က ညောင်လေးပင်မြို့ လူမှုဖူလုံရေးအဖွဲ့နှင့်အကျုံးဝင်မှတ်ပုံတင်ထားသည့် မြန်မာ့မီးရထား ပိန်းဇလုပ်ဘူတာမှ အလုပ်ခွင်ထိခိုက်ဒဏ်ရာရမှုဖြင့်ကွယ်လွန်ခဲ့သော လမ်းခွဲကိုင် ဦးပြည့်ဖြိုးအောင်၏ ကျန်ရစ်သူ ဇနီးနှင့်ကလေးတို့ကို လူမှုဖူလုံရေးအဖွဲ့မှ ကျန်ရစ်သူပင်စင်အား ငွေလုံးငွေရင်းအဖြစ်ပြောင်းလဲထုတ်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ခံဆရာဝန်နှင့် ရုံးခွဲတာဝန်ခံတို့က ကွယ်လွန်သူ ဦးပြည့်ဖြိုးအောင်၏ ဇနီးဒေါ်ညိုမာမြင့်နှင့်သမီး လရိပ်ညိုတို့အား ကျန်ရစ်သူပင်စင် ငွေ ၂၃၂၈၄၃၃ ဒသမ ၉၂ ကျပ်အားပေးအပ်သည်။**(အပေါ်ပုံ) နေလင်း(ညောင်လေးပင်)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

မြိတ် မတ် ၂၄

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂၂ ရက် နံနက် ၉ နာရီက ကျွန်းရတနာခန်းမ၌ ကျင်းပသည်။ရှေးဦးစွာ မြိတ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းသည်။ အဆိုပါသင်တန်းကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး စုစုပေါင်း ၃၄ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးရက် ဖြစ်ကြောင်းသိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်မှု တောင်သူများ ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၏ စီစဉ်ပံ့ပိုးမှုဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ညောင်သုံးပင်ကျေးရွာအုပ်စု တောင်သူ ဒေါ်ဇင်မာကျော်၏ခေတ်မီစက်မှုလယ်ယာစနစ်ကျ ဖော်ထုတ်ရေးဆောင်ရွက်နေမှုကို မတ် ၂၀ ရက်က ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်မှ တောင်သူများ လာရောက်ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ စက်မှုလယ်ယာစနစ်ကျ လယ်ကွက်များအား ခေတ်မီစက်ယန္တရားများဖြင့် ဖော်ထုတ်ဆောင်ရွက်နေမှုများကို ရန်ကုန်တောင်ပိုင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းဇော်က တောင်သူများအား ရှင်းလင်းပြသသည်။ ယင်းနောက် ဒေသခံတောင်သူများက သိရှိလို သည်များကို မေးမြန်းပြီး ခေတ်မီစက်မှုလယ်ယာစနစ်ကျ လယ်ကွက်များကို ၎င်းတို့မြို့နယ်တွင် ဖော်ထုတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(၀၄၉)**

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးမောင်မြင့်-ဒေါ်စောကြည်) တို့၏သား

မောင်ချိုမြင့်

B.Econ (Stats)

နှင့်

ရန်ကုန်မြို့နေ (ဦးမြသောင်း)-ဒေါ်သိန်းမြင့် တို့၏သမီး

မသောင်းသောင်းအေး

B.A (History)

တို့သည် ၂၁-၃-၂၀၁၃ရက်တွင် တောင်ဥက္ကလာပတရားရုံး၌ လက်ထပ်ပြီးစီးပါကြောင်း။

၂၀-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ ဒေါ်သန်းသန်းဦးနှင့် အများသိသာရန် ကြေညာချက်အား

ပြန်လည်ရုပ်သိမ်းခြင်း

၂၀-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာဝင်း၊ ပုလဲလမ်းသွယ်၊ အမှတ် (၆၃)မှ ဒေါ်သန်းသန်းဦးနှင့် အများသိသာရန်ကြေညာချက်အား ဦးဇော်ဝင်း TME -၀၃၃၆၉၁က ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

ဦးဇော်ဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသိန်းထိုက်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၃၇)
အမှတ် ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၀၂၈၁၆၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ ၄၁လမ်း၊ အမှတ် ၆၁၊ ငါးလွှာ(ညာ)၊ ပေ၄၀×၁၂½ပေအကျယ်ရှိ တိုက်ခန်းအား ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်ရီရီဟန်ဝင်း ၁၂/မရက(နိုင်)၀၀၂၀၀၉ထံမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်ကိုယ်တိုင်က စရန်ငွေတစ်ချို့ကို ပေးချေထားပြီး ဖြစ်ပါ၍ ထိုတိုက်ခန်းနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမဆို ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပြီး ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဦးအောင်သန်း ၁၂/ကတတ(နိုင်)၀၂၁၅၉၈
ဖုန်း-၀၉-၇၃၀၅၁၅၀၈၊ ၀၁-၂၄၅၃၁၄

FAME
Aloeheal®
Herbal cracked heels cream
ခြေဖနောင့်ကွဲအက်ပျောက်ဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Wheatgrass
For rejuvenation
